# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချီ မြဝတီ


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**တာဝန်အပ်နှင်းရွေးချယ်ဖို့ မဲရုံသွားလို့ မဲပေးစို့။**


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၁၉)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်၊ တနင်္ဂနွေနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

**နေပြည်တော်-မန္တလေး ရထားလမ်းပိုင်းတွင် ဘက်ထရီလျှပ်စစ်စက်ခေါင်းအသုံးပြုပြီး လေအေးပေးစက်ပါ လေအိတ်ရထားတွဲဆိုင်းဖြင့် စတင်ပြေးဆွဲခြင်း အခမ်းအနားကျင်းပ**

စာ - ၁၇ သို့

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့နယ်၊ ချောင်းဝကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့်ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ချောင်းဝကျေးရွာသို့ **စာမျက်နှာ ၆ ကော်လံ ၁ →**



တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ရှိ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများက ငပုတောမြို့နယ်၊ ငါးပြေမ(အထက်စု)ကျေးရွာနေ ဦးကြည်နိုင်ဦး၏ဇနီး ဒေါ်တင်တင်မော်၏ သမီးရတနာအား အောင်မြင်စွာမွေးဖွားပေးစဉ်။



## မစမ်းပါးကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ(၆)၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာ အကျယ်အဝန်း(၂၅၆၀)ဧကရှိသောနယ်မြေကို **“မစမ်းပါးကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တော”** အဖြစ် အမိန့်ကြော်ငြာစာ အမှတ်(၉၇/၂၀၂၅) အရ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၂)ရက် (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သည် ဒီရေတောဂေဟစနစ်ရေရှည်တည်တံ့စေရန်၊ ဒီရေတောပင်များသည်ကမ္ဘာ့လီပင်လယ်ပြင်မှဖြစ်ပေါ်လာနိုင်သော သဘာဝဘေး အန္တရာယ်များကို တံတိုင်းသဖွယ်တားဆီးကာကွယ်ပေးနိုင်ရန် နှင့်ဂေဟစနစ်တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ပုစွန် စသည့်ရေသယံဇာတများ အစဉ်မပြတ်ထုတ်ယူ သုံးစွဲနိုင်ရန်နှင့်အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ တိုင်၊ မျော စသည့်သစ်တောထွက် **စာမျက်နှာ ၅ ကော်လံ ၁ ➢**




# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်)

## နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဦးတည်ချက်(၄)ရပ်ချမှတ်ဆောင်ရွက်လျက်ရှိရာ **"နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး"** ဟူသောဦးတည်ချက်တစ်ရပ်ပါရှိသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင် နိုင်ငံအတွင်းရှိပြီးဖြစ်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးအရင်းအမြစ်များကိုတိုးတက်အောင်ပြုလုပ်ခြင်းမှာ အလွန်ပင်သင့်လျော်သည့်ဆောင်ရွက်ချက်ဖြစ်သည်။ မြန်မာနိုင်ငံ၏အဓိကစီးပွားရေးမှာ လယ်ယာစိုက်ပျိုးရေးကိုအခြေခံခြင်းဖြစ်သည့်အတွက် အဆိုပါစိုက်ပျိုးမွေးမြူရေးမှသည် စက်မှုကဏ္ဍကိုဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ကြရမည်ဖြစ်သည်။

ပြည်တွင်းကုန်ထုတ်လုပ်မှုများတိုးတက်ထုတ်လုပ်နိုင်ပါက ပြည်တွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပသို့တင်ပို့ရောင်းချနိုင်သည်။ ပြည်ပသို့တင်ပို့ရောင်းချပြီး ပြည်ပဈေးကွက်ကျယ်ပြန့်လာပါက နိုင်ငံအတွင်းသို့ပြည်ပငွေကြေးများစီးဝင်လာမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုတွင် ပြည်တွင်းကုန်ထုတ်လုပ်မှုများပြားပြီး ပြည်ပသို့တင်ပို့နိုင်ခြင်း၊ ပြည်ပမှတင်သွင်းကုန်များအား လျှော့ချနိုင်ခြင်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်သည် **"နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"**၊ **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"**နှင့် **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဟူ၍ချမှတ်ပေးထားသည်။

အဆိုပါဆောင်ပုဒ်များမှာ တစ်ခုနှင့်တစ်ခုဆက်စပ်လျက်ရှိသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာတတ်လူသားအရင်းအမြစ်များလိုအပ်သကဲ့သို့ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ပညာရှင်များလိုအပ်သည်။ လူသားတို့အသက်ရှင်သန်နေထိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကြရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်သည် လူသားတို့အသက်ရှင်သန်ရပ်တည်ရေးကို အထောက်အကူပြုလျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်ကိုအသုံးပြု၍လည်း နိုင်ငံတော်ရှေ့သီးဖို့ဟုဆိုသော နိုင်ငံ့စီးပွားတိုးတက်မြင့်မားရေးကိုဆောင်ရွက်ကြရမည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုဆိုသည်မှာလည်း သဘာဝပတ်ဝန်းကျင်ကိုအသုံးပြုရသည်။ စိုက်ပျိုးရေးအောင်မြင်ရန်အတွက် နည်းလမ်းလေးသွယ်ဖြစ်သည့် "မျိုး၊ မြေ၊ ရေ၊ နည်း"တွင် မြေနှင့်ရေသည်လည်း သဘာဝပတ်ဝန်းကျင်ပင်ဖြစ်သည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများမြင့်မားလာလျှင် နိုင်ငံအတွင်းအလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုပေါ်များလာမည်ဖြစ်သည်။ ထိုသို့ဖြစ်လာစေရန်မှာ လုပ်ငန်းလုပ်ကိုင်သူများအားလုံးက မိမိတို့လုပ်ငန်းကို ပိုမိုတိုးတက်ကောင်းမွန်အောင်နည်းလမ်းများရှာဖွေဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အသေးစား၊ အငယ်စားနှင့်အလတ်စား(MSME) စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ ငွေကြေး၊နည်းပညာနှင့်အခြားလိုအပ်သည်များကိုကူညီပံ့ပိုးပေးလျက်ရှိပြီး ဈေးကွက်ပိုမိုရရှိရေးအတွက်လည်း ထုတ်ကုန်ပြပွဲများကို အခါအားလျော်စွာ ခင်းကျင်းပြသနိုင်ရန်ဆောင်ရွက်ပေးလျက်ရှိသည်။

အစားအစာနှင့်ပတ်သက်သောကုန်ထုတ်လုပ်ငန်းများသည် လူသားတို့အသက်ရှင်သန်ရေးအတွက် မဖြစ်မနေအသုံးပြုရပေမည်။ မြန်မာနိုင်ငံ၏ပတ်ဝန်းကျင်တွင် လူဦးရေများပြားသောနိုင်ငံများရှိပေရာ အဆိုပါဈေးကွက်ကို မြန်မာနိုင်ငံမှကုန်ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ထိုးဖောက်ဝင်ရောက်နိုင်ရမည်ဖြစ်သည်။ ဤသို့ဖြစ်အောင်လုပ်ဆောင်ခြင်းဖြင့် မိမိတို့လုပ်ငန်းအောင်မြင်လာပြီး ဝင်ငွေတိုးတက်မည်ဖြစ်သည်။ လုပ်ငန်းတိုင်းဝင်ငွေတိုးတက်ရရှိပါက နိုင်ငံ့စီးပွားလည်းမြင့်မားလာမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် အခြေခံကောင်းများကိုပိုင်ဆိုင်ထားသည်။ မြန်မာနိုင်ငံမှထွက်သည့်ဆန်စပါးအပါအဝင် အခြားသီးနှံများကို အရည်အသွေးမြင့်မြင့်ဖြင့် ပြည်ပဈေးကွက်သို့တင်ပို့နိုင်ရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့ဝင်ငွေတိုးပွားလာမည်ဖြစ်သလို အလုပ်အကိုင်အခွင့်အလမ်းများပေါ်ထွက်လာမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများမှရရှိသည့် စက်မှုကုန်ကြမ်းထွက်ကုန်များဖြင့် MSME လုပ်ငန်းများသာမက စက်မှုကုန်ထုတ်လုပ်ငန်းကြီးများကိုလည်းလုပ်ဆောင်နိုင်သည်။ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် MSME လုပ်ငန်းများဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှုတွင် ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိရှိကြောင်းသိရသည်။ နိုင်ငံတော်အနေဖြင့် MSME ကုန်ထုတ်လုပ်ငန်းများကိုအားပေးနေခြင်းမှာ ပြည်တွင်းစီးပွားရေးမြှင့်တင်ရန်၊ သွင်းကုန်အစားထိုးရန်နှင့်ပို့ကုန်တိုးမြှင့်နိုင်ရန်ဖြစ်သည်။ ထို့ကြောင့် MSME လုပ်ငန်းများနှင့်အကြီးစားလုပ်ငန်းများချိတ်ဆက်နိုင်ရေး ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခြင်းဖြစ်သည်။

ထိုသို့ဖိတ်ခေါ်ခြင်းဖြင့်အလုပ်အကိုင်အခွင့်အလမ်းများပိုမိုပေါ်ပေါက်လာပြီး နည်းပညာအသစ်အဆန်းများလည်းရရှိမည်ဖြစ်သည်။ MSME ကုန်ထုတ်လုပ်မှုတွင် ဒစ်ဂျစ်တယ်အသုံးပြုနိုင်ရေးနှင့် အသွင်ကူးပြောင်းရေးများပီပြင်စွာဖြစ်ပေါ်လာပြီး အာဆီယံနိုင်ငံများနှင့်ရင်ပေါင်တန်းနိုင်မည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်နိုင်ငံ့စီးပွားမြင့်မားစေရေး၊ ပြည်သူတို့၏လူမှုစီးပွားဘဝပိုမိုကောင်းမွန်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့်ပြည်သူလူထုတစ်ရပ်လုံးကလည်း အားတက်သရောပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန်**
**၃၅**
**ရက်**
**သာ လိုတော့သည်။**

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ လစဉ်ကျန်းမာရေးစောင့်ရှောက်ပေးခြင်းဆောင်ရွက်

ပဲခူး နိုဝင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် နိုဝင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် (၃၆)ကြိမ်မြောက် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို လစဉ်ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည်ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့အထွေထွေရောဂါကုဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလာရောက်ခံယူနေကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနေမှုတို့ကို လိုက်လံကြည့်ရှုပြီး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား စေတနာ၊ မေတ္တာ၊ ကရုဏာထား၍ ဆေးကုသမှုပေးခဲ့သည့် အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ကြက်ခြေနီအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် မြို့မိမြို့ဖများအား ကျေးဇူးတင်စကားပြောကြားပြီး ဆေးကုသမှုလာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား Smart Card ပြုလုပ်ပေးခြင်း၊ MEVM စက်ဖြင့် မဲပေးမှုသရုပ်ပြသခြင်းနှင့် ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းတို့ကို တာဝန်ရှိသူတို့က ပြုလုပ်ပေးနေမှုတို့အား လှည့်လည်ကြည့်ရှုအားပေးသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အငြိမ်းစားယူပြီးနောက် ကျန်းမာပျော်ရွှင် အသက်ရှည်စွာနေထိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် လစဉ်တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှု စစ်ဆေးပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါး တစ်လစာ လစဉ်ပေးခြင်းအပြင် ကာကွယ်ဆေးထိုးပေးခြင်းနှင့် အခြေခံစားသုံးကုန်များအား သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်းကိုစဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**ဥသျှောင်တိုင်းသား**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၁-၂၀၂၅(တနင်္ဂနွေနေ့)

| | |
|---|---|
| ၁။ ၀၆:၀၃ တရားတော် | ၈။ ၁၃:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး |
| ၂။ ၀၇:၂၅ ဓမ္မပူဇာတေး | ၉။ ၁၅:၀၀ ဇာတ်လမ်းတို |
| ၃။ ၀၈:၀၀ မောင်မယ်လေးများသိစေချင် | ၁၀။ ၁၇:၀၀ သုတရသစုံလင်ဗဟုသုတပုံပြင် |
| ၄။ ၀၉:၀၀ အမှတ်တရနေ့ရက်များ | ၁၁။ ၁၈:၂၀ ပြည်သူ့ကြားကပြည်သူ့စကား |
| ၅။ ၁၀:၀၀ မြန်မာသံစဉ်ချိုနားဝင် | ၁၂။ ၁၉:၀၀ **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနိုင်ငံရေးပါတီများ၏ဟောပြောချက်အစီအစဉ်** |
| ၆။ ၁၁:၀၀ အတွေးအမြင် | |
| ၇။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု | |

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရန်ကုန်တက္ကသိုလ် သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကြည့်ရှုအားပေး

ရန်ကုန် နိုဝင်ဘာ ၂၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝန်ထမ်းများ၊ ရန်ကုန်တက္ကသိုလ်ဝန်ထမ်းများက ရန်ကုန်တက္ကသိုလ်အတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုကိုကြည့်ရှုအားပေးသည်။

ထို့နောက် ပဲခူးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့တိုင်းဒေသကြီးရှိ Grade-12 ကျောင်းသား၊ ကျောင်းသူများ၏ အောင်ချက်အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ကြမည်ဟု ယုံကြည်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အောင်ချက်ရာခိုင်နှုန်းမြင့်မားစေရန် ဆောင်ရွက်ပေးလျက်ရှိရာ တက္ကသိုလ်ဆရာ၊ ဆရာမများက ဖြေဆိုပုံ၊ ဖြေဆိုနည်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ Myanmar Education Channel တွင်လည်း ထုတ်လွှင့်ပေးမည်ဖြစ်ပြီး ထုတ်လွှင့်သည့်သင်ခန်းစာများကို ဆရာ၊ ဆရာမများကိုယ်တိုင်ကြည့်ရှုလေ့လာရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များကထုတ်ဝေသည့် ဘာသာရပ်ဆိုင်ရာ ဂျာနယ်များတွင်လည်း ဖြေဆိုပုံ၊ ဖြေဆိုနည်းများပါရှိသည့်အတွက် Grade-12 အောင်ချက်မြင့်မားရေး အထောက်အကူပြုနိုင်မည်ဟုယုံကြည်ကြောင်း ပြောကြားပြီး



ဆရာ၊ ဆရာမများကို ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ ဆရာ၊ ဆရာမများကို ချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်၍ ပဲခူးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များနှင့် တွေ့ဆုံပြီး Grade-12 အောင်မြင်ပြီးသည့် ကျောင်းသား၊ ကျောင်းသူများကို ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ခြင်းများ ဆောင်ရွက်ရေး၊ တက္ကသိုလ် Activity များ ဆောင်ရွက်ရာတွင် ရိုးရာယဉ်ကျေးမှုနှင့်ကိုက်ညီမှုရှိစေရေး၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အားကစားနည်းများကို မြှင့်တင်ပေးရေး ဆောင်ရွက်ကြရန်မှာကြားပြီး တက္ကသိုလ် ပရိဝုဏ်အတွင်းရှိ တက္ကသိုလ်ခန်းမ၊ အနုပညာအသင်းများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များနှင့်တွေ့ဆုံပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးသင်ကြားရေးပိုင်းတွင်အရည်အသွေးပြည့်မီရေး၊ Grade-12 မအောင်မြင်သည့်ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ယူခွင့်အခွင့်အလမ်းများဖော်ထုတ်ပေးနိုင်ရေး၊ သက်မွေးပညာသင်တန်းများ ဖွင့်လှစ်နိုင်ရေး ကြိုတင်စီစဉ်မှုများဆောင်ရွက်ရန်မှာကြားကာ တက္ကသိုလ်အတွင်းရှိ ဒီပါအေးမြကန်၊ ဇေယျသိဒ္ဓိအားကစားကွင်းနှင့်တက္ကသိုလ်စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ မြဝတီ

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နားမကြားသောကလေးများကျောင်းနှင့် ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ထောက်ပံ့လှူဒါန်းသည့် ကယ်ဆယ်ရေးပစ္စည်းများသိုလှောင်ထားမှု ကြည့်ရှုစစ်ဆေး



ရန်ကုန် နိုဝင်ဘာ ၂၂


လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အကြားအာရုံမသန်စွမ်းသောကလေးများအတွက်ဖွင့်လှစ်ထားသည့် နားမကြားသောကလေးများကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကလေးများကို စာပေပညာနှင့်အသက်မွေးဝမ်းကျောင်းပညာများသင်ကြားလေ့ကျင့်ပေးနေမှုနှင့် ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင်များကို လိုက်လံစစ်ဆေးကာ ကလေးများအနေဖြင့် ရပ်ရွာလူ့အသိုင်းအဝိုင်းအတွင်း မိမိကိုယ်ကိုယုံကြည်မှုရှိစွာ ဝင်ဆံ့ရပ်တည်နိုင်စေရေး၊ မိသားစုနှင့် နိုင်ငံအတွက်အဖိုးတန်သောလူသားအရင်းအမြစ်များဖြစ်လာစေရေး စနစ်တကျ သင်ကြားလေ့ကျင့်နိုင်ရန်အတွက် စေတနာ၊ ဝါသနာ၊ ကရုဏာအရင်းခံ၍ ကျွမ်းကျင်သည့်နည်းပညာများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ နားမကြားသောကလေးများ ကျောင်းတွင် မူလတန်းပညာသင်ကြားနေသူ ၆၈ ဦး၊ အလယ်တန်းပညာသင်ကြားနေသူခြောက်ဦး စုစုပေါင်း ၇၄ ဦးတို့ တက်ရောက်သင်ကြားလျက်ရှိသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည်ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)သို့သွားရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသည့် ရေယာဉ်စက်တပ်ယာဉ်များ၊ အသက်ကယ်ရော်ဘာလှေ၊ အသက်ကယ်ရော်ဘာဘောကွင်း အစရှိသည့်ရေဘေးအန္တရာယ်တုံ့ပြန်ရေးဆိုင်ရာပစ္စည်းများ ရောက်ရှိသိုလှောင်ထားရှိမှုနှင့် ပစ္စည်းအမျိုးအစားအလိုက်ခွဲခြားကျင်းပြသထားမှုများကိုကြည့်ရှုစစ်ဆေးကာ ဖြန့်ခွဲသိုလှောင်ထိန်းသိမ်းထားရှိမည့်အစီအမံအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနသုံးခုမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ ဝန်ကြီးဌာန၏ ဦးတည်ချက်မှန်းချက်များနှင့်အညီ ဦးစီးဌာနအလိုက် လုပ်ငန်းတာဝန်များကို ထိရောက်မြန်ဆန်စွာထမ်းဆောင်နိုင်ရေးဆိုင်ရာများမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ




မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

## မေတ္တာစိတ်ဓာတ်၏ အာနိသင်ပေလော

ကျွန်ုပ်သည် ဆိုဗီယက်ယူနီယံသို့ သွားစဉ်က မေတ္တာတရားပွားများဖူးကြောင်း၊ မြန်မာပြည်သို့ ပြန်ရောက်သောအခါ၌ သတိလစ်ဟင်း၍ ထိုအလုပ်၌ ပေါ့လျော့ခဲ့ကြောင်း၊ သို့ရာတွင် ကျွန်ုပ်ပြုနေကျ ထုံးစံအတိုင်း အိုက်သောနွေရာသီတွင် မိုးကုတ်မြို့သို့ သွားရောက်နေထိုင်လျက်ရှိသည့်အခါ မေတ္တာပွားသောအလုပ်ကို တစ်ဖန်ပြန်၍ ကောက်သည့်အကြောင်းတို့ကို ဤမှတ်တမ်းတစ်နေရာတွင် ဖော်ပြခဲ့ပါသည်။ မေလ ၁၄ ရက်နေ့၌ ကျွန်ုပ်သည် ခယ်မမစောလှ (ညီ၏ဇနီး)နှင့် တူမကလေးကြည်ကြည်တို့နှင့်အတူ ဂျစ်ကားတစ်စီးဖြင့် မိုးကုတ်မှ ပြန်လာကြရာတွင် ဘေးအန္တရာယ်မှ သီသီကလေးလွတ်သွားသည့်အဖြစ်အပျက်တစ်ခုနှင့်ကြုံခဲ့ရပါသည်။ ကျွန်ုပ်တို့သည် ဝါးဖြူတောင်စခန်းကို အနည်းငယ်ကျော်လွန်လာကြသောအခါတွင် ရေမရှိသော ချောင်းတစ်ချောင်းကို ဖြတ်ကူးကြ၏။ ချောင်းလယ်သို့ရောက်၍ ကားသမားသည် တခြားဘက်ကမ်းပါးသို့ တက်ရန်အတွက် ဂီယာပြောင်းလိုက်ရာတွင် ကားသည် ဒိတ်ခနဲမြည်သွားပြီး ကားဘီးတစ်ဖက်ပြုတ်ထွက်ကာ အသာကလေးရပ်တန့်သွားပါသည်။ ကျွန်ုပ်တို့သည် ကားပေါ်မှဆင်းကြ၍ သစ်တစ်ပင်အောက်သို့ဝင်ကာ ကားသမားက စပယ်ယာဘီးလဲလှယ်လျက်ရှိစဉ် ကျွန်ုပ်နှင့်မစောလှတို့သည် မိမိတို့၏ကံကောင်းသောအဖြစ်ကို စဉ်းစားမိကြပါသည်။ မိုးကုတ်မြို့နှင့် ဝါးဖြူတောင်စခန်းမှာ မိုင် ၅၀ မျှ ကွာလှမ်းသည်ဖြစ်၍ ထိုခရီးတစ်လျှောက်လုံးမှာ တောင်ဆင်းကြီးဖြစ်၏။ ကားဘီးသည် ထိုမိုင် ၅၀ ခရီးအတွင်း၌မကျွတ်ဘဲ ဝါးဖြူတောင်ကို ကျော်လွန်မိခါမှ ကျွတ်ထွက်သွားခြင်းဖြစ်၏။ အကယ်၍ တောင်ဆင်းခရီး၌ ကျွတ်ထွက်ခဲ့ပါမူ ကားသည် အရှိန်ပြင်းစွာနှင့် မောင်းနှင်လျက်ရှိသည်ဖြစ်သောကြောင့် တစ်ဖက်၌ရှိသော တောင်ကမ်းပါးကိုလည်း ဝင်တိုက်နိုင်သည်။ သို့တည်းမဟုတ် တခြားတစ်ဖက်၌ရှိသော ချောက်ထဲသို့သော်လည်း ထိုးဆင်းကျသွားနိုင်သည်။ ကျွန်ုပ်သည် ဤအခြင်းအရာကို ကိုယ်တိုင်စဉ်းစားမိသည်မဟုတ်ဘဲ မစောလှကပြောပြသောအခါမှ သတိပြုမိခြင်းဖြစ်ပါသည်။ မစောလှက မိမိတို့၏ကံကောင်းပုံကိုပြောပြသောအခါတွင်မှ ကျွန်ုပ်သည် ကိဗ်လေယာဉ်ပျံကွင်း၌ ဘီးတွေအားလုံးပေါက်ကွဲသွားသောအဖြစ်အပျက်ကို အသေးစိတ်တွေးတောမိသည်နှင့် ကျောချမ်းမိပါသေးသည်။ လေယာဉ်ပျံဘီးများ ပေါက်ကွဲခြင်းအကြောင်းကို ရေးသားဖော်ပြခဲ့ပြီးသော်လည်း ရောမအန္တရာယ်ကြီးမှ လွတ်မြောက်ခဲ့ရခြင်းဖြစ်ပုံကို ယခုမှ အသေးစိတ်တွေးမိပါသဖြင့် ဖော်ပြလိုက်ရပါဦးမည်။

ဂျော်ဂျီယာနယ် တီဘလစ်ဆီမြို့မှ လီနင်ဂရက်သို့ ကျွန်ုပ်တို့စီးနင်းလိုက်ပါသည့် လေယာဉ်ပျံကြီးမှာ ရန်ကုန်မှ မော်စကိုသို့ပျံသန်းသည့် တာဘိုဂျက်အမျိုးအစားထက် ကြီးလည်းကြီး၊ မြန်လည်းမြန်သည့် ဂျက်လေယာဉ်ပျံကြီးဖြစ်၏။ လေယာဉ်ပျံကြီးသည့်အလျောက် ကွင်းသို့ဆင်းသောအခါတွင် အရှိန်လည်းပြင်း၍ အရှည်ကြီးလည်း လိမ့်ပြေးရခြင်းမှာ ထုံးစံဖြစ်၏။ ကျွန်ုပ်တို့၏ လေယာဉ်ပျံကြီးသည် ကွင်းကြီး၏တစ်ဖက်သောအစွန်းတွင် မြေကြီးနှင့်ဘီးများထိပြီးနောက် မြေကြီးပေါ်တွင် မော်တော်ကားသဖွယ် သုံးလေးဖာလုံခန့်မျှ လိမ့်ပြေးရ၏။ မြေကြီးနှင့်ထိ၍ ရှေးဦးစွာ လိမ့်ပြေးခါစအချိန်တွင် ၎င်း၏အရှိန်သည် မိုင် ၁၀၀ ကျော် ၂၀၀ နှုန်းရှိ၍ ထို့နောက်မှ တဖြည်းဖြည်း အရှိန်လျော့သွားခြင်းဖြစ်လေသည်။ လေယာဉ်ပျံဘီးများ ပေါက်ကွဲသွားခြင်းမှာ ရေခဲတုံးများနှင့် တိုက်မိသောကြောင့်ဟုဆိုရာ ရေခဲတုံးများသည်လည်း ကွင်းကြီးပေါ်တွင် အနှံ့အပြားရှိနေကြ၏။ ဘီးများနှင့်ရေခဲတုံးများသည် ခိုက်မိချင်သောနေရာတွင်ခိုက်မိနိုင်၍ ဘီးများမှာလည်း ပေါက်ကွဲချင်သောနေရာတွင် ပေါက်ကွဲနိုင်၏။ အကယ်၍ မြေကြီးနှင့်ဘီးများ ထိခါစအချိန်၌ မိုင် ၁၀၀ ကျော် ၂၀၀ နှုန်းဖြင့် လိမ့်ခိုက်တွင်ဖြစ်စေ၊ ကွင်းလယ်သို့ရောက်၍ မိုင် ၅၀ ကျော် ၁၀၀ နှုန်းဖြင့် လိမ့်ခိုက်တွင်ဖြစ်စေ ပေါက်ကွဲလိုက်ပါမူကား လေယာဉ်ပျံကြီးသည် ဘီးများမပါသောကြောင့် မလိမ့်နိုင်ဘဲရှိရာတွင် အရှိန်ကလည်း အတော်ပြင်းလျက်ရှိသည့်အတွက်ကြောင့် ကျွမ်းထိုးပြီး မှောက်သွားနိုင်သည်။ ထို့မျှမက မီးလောင်ပျက်စီး၍လည်း သွားနိုင်သည်။ ယခုမှာမူ ကွင်း၏အဆုံးသို့ရောက်ခါနီး၍ အရှိန်ကုန်လုမတတ်နှေးသွားသောအခါတွင်မှ ပေါက်ကွဲသွားပြီး ကျွန်ုပ်ပင်မသိလိုက်ရအောင် ဖြည်းညင်းစွာ ရပ်တန့်သွားခြင်းဖြစ်လေသည်။ ကျွန်ုပ်သည် ဤအခြင်းအရာကို ထိုစဉ်က မတွေးမိ။ ကိုယ့်မေတ္တာစိတ်ဓာတ်ကို ကိုယ်ယုံကြည်လျက်ရှိသည်နှင့် ခပ်ပေါ့ပေါ့ ခပ်အေးအေးပင် နေလိုက်မိရာ ဤဂျစ်ကားဘီးကျွတ်သောအဖြစ်အပျက်နှင့်ကြုံရသည်တွင်မှ ခယ်မကပြောပြ၍ ပြန်တွေးမိပြီး ကျောချမ်းမိပါသေးသည်။ ဤအဖြစ်အပျက်နှစ်ရပ်မှာ တခြားလူများ၏ကံကြောင့်လည်းကောင်း၊ ကျွန်ုပ်၏ကံကြောင့်လည်းကောင်း ဖြစ်နိုင်ပါသည်။ ကျွန်ုပ်ကမူ ကျွန်ုပ်၏မေတ္တာစိတ်ဓာတ်ကြောင့်ဟူ၍ ယူဆလျက်ရှိရာ ဟုတ်၊ မဟုတ်ကို အပထား၍ ကျွန်ုပ်အဖို့ အားတက်စရာကြီးဖြစ်နေပါတော့သည်။

> "ကျွန်ုပ်တို့သည် ဝါးဖြူတောင်စခန်းကို အနည်းငယ်ကျော်လွန်လာကြသောအခါတွင် ရေမရှိသော ချောင်းတစ်ချောင်းကို ဖြတ်ကူးကြ၏။ ချောင်းလယ်သို့ရောက်၍ ကားသမားသည် တခြားဘက်ကမ်းပါးသို့တက်ရန်အတွက် ဂီယာပြောင်းလိုက်ရာတွင် ကားသည် ဒိတ်ခနဲမြည်သွားပြီး ကားဘီးတစ်ဖက်ပြုတ်ထွက်ကာ အသာကလေးရပ်တန့်သွားပါသည်။ ကျွန်ုပ်တို့သည် ကားပေါ်မှဆင်းကြ၍ သစ်တစ်ပင်အောက်သို့ဝင်ကာ ကားသမားက စပယ်ယာဘီးလဲလှယ်လျက်ရှိစဉ် ကျွန်ုပ်နှင့်မစောလှတို့သည် မိမိတို့၏ကံကောင်းသော အဖြစ်ကို စဉ်းစားမိကြပါသည် . . ."

### ဝေဖန်ခံရခြင်း

ဤခေတ်တွင် အတော်နာမည်တက်လျက်ရှိသော ရန်ကုန်စာရေးဆရာတစ်ယောက်သည် မကြာသေးမီက ကျွန်ုပ်၏နေအိမ်သို့ လာရောက်၍ 'တစ်သက်တာ' မှတ်တမ်းအကြောင်းကို ဝေဖန်ဆွေးနွေးလေသည်။ ထိုသူသည် မှတ်တမ်းတွင်ဖော်ပြပါရှိသည့် ကျွန်ုပ်၏ကောင်းသောအပြုအမူများအကြောင်းကို အထိုက်အလျောက် ချီးကျူးပြောဆိုပြီးနောက် သူမကျေနပ်သည့်အပြုအမူများကို ထောက်ပြ၍ အဘယ်ကြောင့် ကျွန်ုပ် ထိုကဲ့သို့ပြုလုပ်ခဲ့ရလေသည်ကို ထုချေလွှာတောင်းသည့်အနေမျိုးဖြင့် စစ်ဆေးမေးမြန်းပါသည်။ အခြားလူတစ်ယောက်က ထိုကဲ့သို့ပြုလုပ်ပါမူ ကျွန်ုပ်သည် မည်သို့မျှရှိလိမ့်မည်မဟုတ်။ နာမည်အတော်ကျော်ကြားလျက်ရှိသည့် စာရေးဆရာတစ်ယောက်က စစ်ဆေးမေးမြန်းခြင်းဖြစ်သောကြောင့် အတော်ကလေးအံ့ဩမိပါသည်။

သို့ရာတွင် အမေးရှိက အဖြေရှိရမည်ဖြစ်သောကြောင့် ကျွန်ုပ်သည် ထိုသူအား တစ်သက်တာမှတ်တမ်း (Autobiography) ရေးသားခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောပြလိုက်ရပါသေးသည်။

**ဆက်လက်ဖော်ပြပါမည်။**

**ဤဂန္ထဝင်စာပေပြီးဆုံးပါက စာရေးဆရာမ မစန္ဒာ၏ "အရိပ်"ဝတ္ထုအား ဆက်လက်ဖော်ပြပါမည်။**

---

# သထုံမြို့နယ်၌ ဆီထွက်သီးနှံနေကြာစိုက်ပျိုးမည့်တောင်သူများအား မျိုးစေ့များပေးအပ်

သထုံ နိုဝင်ဘာ ၂၂

မွန်ပြည်နယ် သထုံမြို့နယ်ရှိ ဆီထွက်သီးနှံနေကြာစိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့များပေးအပ်ခြင်းအခမ်းအနားကို နိုဝင်ဘာလ ၂၁ ရက်က လိပ်အင်းရပ်ကွက်ရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစောခင်ကျော်မြင့်က နေကြာမျိုးစေ့ပေးအပ်ရသည့်အကြောင်းရင်းနှင့် သထုံမြို့နယ်အတွင်း စားသုံးဆီဖူလုံရေး ဆီထွက်သီးနှံနေကြာတိုးမြှင့်စိုက်ပျိုးနေမှုအခြေအနေများ၊ နေကြာစိုက်တောင်သူများအတွက် စိုက်နည်းပညာရပ်များ ကူညီနေမှုတို့ကို ပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သထုံမြို့နယ်အတွင်း ဆီထွက်သီးနှံနေကြာစိုက်ပျိုးမည့်တောင်သူများထံ နေကြာမျိုးစေ့များပေးအပ်ရာ ကျေးရွာအလိုက်ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယခုနှစ်စိုက်ပျိုးရာသီတွင် သထုံမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၅ ရွာ၌ ဆီထွက်သီးနှံနေကြာ ဧကပေါင်း ၃၀၀၀ ခန့် စိုက်ပျိုးနိုင်ရန်လျာထားကြောင်း၊ အဆိုပါအခမ်းအနားတွင် ရေဆင်းနေကြာ(၁)၊ ဆင်းရွှေကြာ(၂) အထွက်တိုးနေကြာမျိုးသန့်များကို မြို့နယ်အတွင်းရှိ စံပြစိုက်ဧကပေါင်း ၁၂၀ အတွက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **ချမ်းမြေ့**



# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ ဝါးခယ်မမြို့နယ်၊ မရမ်းချောင်ကျေးရွာ၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၂

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဝါးခယ်မမြို့နယ်၊ ညောင်ငူအုပ်စု၊ မရမ်းချောင်ကျေးရွာ၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၁၂ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။




တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသော တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသော တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၅၀ ဦး၊ ခွဲစိတ်ရောဂါ ၂၃ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၈ ဦး၊ ကလေးရောဂါ ၄၁ ဦး၊ အရိုးရောဂါ ၂၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၀ ဦး၊ မျက်စိရောဂါ ၆၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၄င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၆ ဦး၊ မျက်စိခွဲစိတ်လူနာ ၂ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၉ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၃ ဦး၊ ECG စက်ဖြင့်နှလုံးစမ်းသပ်လူနာ ၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။






ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

“လာပြရတာကတော့ မျက်စိအရင်လာပြတာပါ။ မျက်စိပြပြီးတော့မှ အရိုး/အကြောကိုပါ ပြဖြစ်လိုက်တယ်။ ကုသရတာအားလုံးလည်းအဆင်ပြေပါတယ်။ အိမ်နဲ့လည်းနီးတော့ လာပြရတာပိုအဆင်ပြေပါတယ်။ မျက်စိဝေဒနာကတော့ နှစ်လလောက်ရှိသွားပြီ။ အကြောရောဂါဖြစ်တာကတော့ တစ်လလောက်ပဲရှိသေးတယ်။ ခေါင်းအရမ်းကိုက်တယ်။ ဘယ်လိုမှ နေလို့မရဘူး။ တစ်လလောက်ရှိပြီ ခေါင်းကိုက်တာ။ အိပ်ရာထဲမှာလှဲနေရတာ။ အဲဒါကြောင့် ကြုံတာနဲ့လာပြတာပါ။ အားလုံးကိုကျေးဇူးတင်ပါတယ်။ အခုလိုစီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့တာဝန်ရှိသူများနဲ့ဆေးကုသပေးတဲ့သူတွေအားလုံးကို ကျေးဇူးလည်းတင်ပါတယ်။ ဝမ်းလည်းသာပါတယ်”ဟု ပြောသည်။

“မျက်စိကို ဝါးကိုင်းရိုက်တာ သုံးနှစ်ရှိပြီ။ တပ်မတော်က ဆရာဝန်တွေနဲ့ဆေးကုသတာ အဆင်ပြေတယ်။ အရင်တစ်ခါအခုလိုဆေးလာကုတာ မသိလိုက်ဘူး။ ဒီတစ်ခါတော့ သိတာနဲ့ချက်ချင်းလာကုလိုက်တယ်။ အခုလိုဆေးလာရောက်ကုပေးတဲ့အတွက် ဆရာဝန်တွေ၊ ပါရဂူတွေ၊ ဆရာမတွေအားလုံးလည်း ကျန်းကျန်းမာမာနဲ့ ချမ်းချမ်းသာသာနဲ့ရှိကြပါစေ။ မိသားစုစိတ်ဓာတ်ရှိကြတဲ့အတွက် အားလုံးကိုလည်းကျေးဇူးတင်ပါတယ်။ စီစဉ်ပေးတဲ့ လူကြီးတွေကိုလည်းကျေးဇူးတင်ပါတယ်”ဟုပြောသည်။

(၁၀၀)

➢ ရှေ့ဖုံးမှအဆက်

ပစ္စည်းများဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင် လေထုမှကာဗွန်များစွာသိုလှောင်ထိန်းညှိပေးနိုင်ရန်၊ လူသားတို့၏ စနစ်မကျသောမြေအသုံးချမှုများအား သစ်တောဥပဒေနှင့်အညီထိရောက်စွာ ကာကွယ်တားဆီးနိုင်ရန်၊ နိုင်ငံတော်၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် သစ်တောဖုံးလွှမ်းမှုဧရိယာတိုးပွားလာစေရန်ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

မစမ်းပါးကျွန်းဒီရေတော ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းအားဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ ၄က်(ခ) နံ့ဖြူး၊ ကနစို၊ လန်းဘဲ၊ ကျနု၊ ပင်လယ်အုန်း၊ ကဗျိုင်၊ ဘူးဇရပ်၊ လမု၊ သမဲ့၊ မဒမပင်၊ ခရာ၊ ဇလိပ်နွယ်နှင့်တမော် စသည့် ဒီရေတောပင်များပေါက်ရောက်မှုအား ရေရှည်တည်တံ့စေရန် ကာကွယ်နိုင်ခြင်း၊ ရေငန်ငါးအမျိုးမျိုး၊ ခရုမျိုးစုံ၊ ကဏန်းမျိုးစုံ၊ပုစွန်မျိုးစုံ၊ ဖျိုင်း၊ ဖျိုင်းအောက်၊ ကြက်တူရွေး၊ သိန်းငှက်၊ ပန်းဇင်ငှက်၊ ငှက်စလုံ (တင်ကျီးငှက်)နှင့် ငှက်တုံးငှက်မျိုးများ ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်ခြင်း၊ ဒေသခံများအတွက် ဆူနာမီ မုန်တိုင်းအစရှိသော သဘာဝဘေးအန္တရာယ်မှကာကွယ်ပေးနိုင်ခြင်း၊ ကမ်းရိုးတန်းဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုစေခြင်း၊ သား၊ ငါး၊ ပုစွန်များခိုအောင်းပေါက်ပွားရှင်သန်နိုင်သဖြင့် ဂေဟစနစ်ပိုမိုကောင်းမွန်လာနိုင်ပြီး ဒေသခံများအတွက် တစ်ဖက်တစ်လမ်းမှဝင်ငွေတိုးပွားလာစေခြင်း၊ ဒေသခံများအတွက် အခြေခံလိုအပ်သည့် သစ်၊ တိုင်၊ မျော၊ ထင်း၊ လောင်စာများအတွက်လည်း အထောက်အကူပြုစေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန

## အာရှဖလားခြေစစ်ပွဲ U – 17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု G ပွဲစဉ်တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၂

၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ U – 17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု G ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ နိုဝင်ဘာလ ၂၂ ရက်မှ ၃၀ ရက်အထိ လက်ခံကျင်းပလျက်ရှိရာ နိုဝင်ဘာလ ၂၄ ရက် ညနေ ၄ နာရီတွင် မြန်မာ U – 17 အမျိုးသားဘောလုံးအသင်းနှင့် နီပေါ U – 17 အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

မြဝတီ

# မော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများကကြည့်ရှုအားပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့်ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘန့်ဘွေးကုန်း တပ်ဦးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် သံဃာတော် ၄ ပါးနှင့်ဒေသခံပြည်သူ ၁၂၆ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ဖျားနာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ မဟာသန္တာရုံကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင်အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော်၁၂၆ ပါးနှင့်ဒေသခံပြည်သူ ၁၄၀ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ရန် လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)







ဦးကြည်နိုင်ဦး၏ဇနီး ဒေါ်တင်တင်မော်၏ သမီးရတနာအတွက် တာဝန်ရှိသူများက ချီးမြှင့်ငွေနှင့်လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။















→ ရှေ့ဖုံးမှအဆက်

ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ကျောင်းသား၊ကျောင်းသူများနှင့်ဒေသခံပြည်သူများကသောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ငပုတောမြို့နယ်၊ ချောင်းဝကျေးရွာ၊ ကျောင်းသစ်ကျောင်းဘုန်းကြီးကျောင်း၌ အခြေပြု၍ ချောင်းဝကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၄၄ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသမှုဆိုင်ရာရောဂါ ၁၄၂ ဦး၊ ခွဲစိတ်ရောဂါ ၇၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၅ ဦး၊ ကလေးရောဂါ ၂၅ ဦး၊ အရိုးရောဂါ ၇၁ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၂၁ ဦး၊ မျက်စိရောဂါ ၁၀၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၉၀ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၀ ဦး၊ ခတ်မှန်ရိုက်လူနာ ၈ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၅ ဦးနှင့် ခတ်ခွဲစမ်းသပ်လူနာ ၂၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အပြင်တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများက ငပုတောမြို့နယ်၊ ငါးပြေမ(အထက်စု)ကျေးရွာနေ ဦးကြည်နိုင်ဦး၏ ဇနီး ဒေါ်တင်တင်မော်၏ ကိုယ်ဝန်ကို မွန်းလွဲ ၃ နာရီ ၄၈ မိနစ်တွင် ၇ ပေါင် ၂ အောင်စရှိ သမီးရတနာကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။

၎င်းကလေးငယ်အတွက် တာဝန်ရှိသူများက ချီးမြှင့်ငွေနှင့်လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်အတွင်း တတိယအကြိမ်မွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၁၈ ကြိမ်မြောက်အထိ ကိုယ်ဝန်ဆောင်မိခင် ၂၂ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ယခု ၁၉ ကြိမ်မြောက်တွင် ၂၃ ဦးမြောက်၊ ၂၄ ဦးမြောက်နှင့် ၂၅ ဦးမြောက် ကိုယ်ဝန်ဆောင်မိခင်ကို အောင်မြင်စွာ မွေးဖွားပေးခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဆေးဝါးလာရောက်ကုသမှုခံယူကြသည့်ဒေသခံပြည်သူများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိခဲ့ရပါတယ် –

“ဒီမှာအခုလာပြတာ သွားရယ်၊ နှလုံးသွေးကြောကျဉ်းတာရယ်လာပြတာပါ။ အရင်လည်း ဒီလိုပြဖူးပါတယ်။ ဒီဆရာတွေနဲ့ပဲ ECG ဆွဲဖူးပါတယ်။ ECG ဆွဲပြီးသွားလို့ရှိရင် သူက လိုအပ်တာလေးတွေကို ဆေးလည်းပေးတယ်၊ လိုအပ်တာလေးတွေကိုလည်း ညွှန်ကြားပေးပါတယ်။ ဒီတစ်ခေါက်က သွားအဓိကပေါ့။ ဒါပေမဲ့ နှလုံးကလည်း ပြန်ပြန်အောင့်တဲ့အတွက် အဲဒါလာပြတာပါ။ ကျောင်းတစ်ဖက်နဲ့ဆိုတော့ အခု ဒီလိုမျိုးလာပြီးတော့ ကုသပေးတဲ့အချိန်နဲ့ တိုက်ဆိုင်တော့ ကျေးဇူးတင်ပါတယ်။ ဒါကြောင့်မို့လည်း လှိုက်လှိုက်လှဲလှဲကြိုဆိုတာ။ ကျွန်မတို့ အထက်တန်းကျောင်းက ကလေးတွေနဲ့ အကလေးတွေနဲ့လည်း ကြိုဆိုကြပါတယ်။ ဆရာမတွေလည်း ပန်းစည်းကမ်းပြီးတော့ကြိုဆိုကြတယ်။ ကလေးအားလုံးလည်း ပျော်ပျော်ရွှင်ရွှင်နဲ့ တက်တက်ကြွကြွနဲ့ပါဝင်ကြပါတယ်” ဟုပြောသည်။

“မနှစ်ကတုန်းက ဒီသင်္ဘောပေါ်မှာ ကျောမှာ အဆီအကျိတ်ပေါ်လို့ခွဲတာလည်း ဒီကဆရာဝန်၊ ဆရာကြီးတွေ၊ ကျန်တဲ့လူတွေအားလုံးက ကောင်းကောင်းမွန်မွန်နဲ့ ပြုစုစောင့်ရှောက်ပေးလို့ ကျန်းကျန်းမာမာနဲ့ ဆက်ပြီးအလုပ်လုပ်နိုင်ပါတယ်။ ကျန်တဲ့သူတွေလည်း ဒီအဖွဲ့တွေနဲ့လာရောက်ကုသဖို့အတွက် အားလုံးကိုလည်း ဖိတ်ခေါ်ပါတယ်ခင်ဗျာ” ဟုပြောသည်။

“ကလေးနဲ့မိခင်ရဲ့ကျန်းမာရေးလည်း ကောင်းပါတယ်။ ကလေးလေးလည်း ကျန်းမာရေးကောင်းပါတယ်။ ဒီမှာလာလုပ်ပေးတဲ့ ဆရာတွေ၊ ဆရာမတွေ၊ ဗိုလ်ကြီးတွေ အထူးပဲကျေးဇူးတင်ပြီး ရောဂါခပ်သိမ်းဆင်းရဲခြင်းအပေါင်းမှ ကင်းဝေးပါစေလို့ ဆုတောင်းပေးပါတယ်”ဟုပြောသည်။

(၁၀၀)

# ရခိုင်တိုင်းရင်းသားများပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်   နိုဝင်ဘာ   ၂၂

**ရခိုင်တိုင်းရင်းသားများပါတီ ဥက္ကဋ္ဌ ဦးဘရှိန်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၂၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



ဦးဘရှိန်  (ဥက္ကဋ္ဌ၊ ရခိုင်တိုင်းရင်းသားများပါတီ)

မဲဆန္ဒရှင် မိဘပြည်သူအားလုံး ... ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party– RNP) ၏ဥက္ကဋ္ဌ ဦးဘရှိန်ဖြစ်ပါတယ်။

ရခိုင်တိုင်းရင်းသားများပါတီကို ရခိုင်အပါအဝင် တိုင်းရင်းသားမျိုးနွယ်စု (၇)စုနှင့် ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူတွေကို ကိုယ်စားပြုပြီးတော့ ၂၀၂၅ ခုနှစ်၊ ဧပြီလ(၇)ရက်နေ့မှာ ပါတီ တည်ထောင်ခွင့်လျှောက်ထားခဲ့ပါတယ်။ ဩဂုတ်လ (၄) ရက်နေ့မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရခိုင်နိုင်ငံရေးပါတီတစ်ခု အဖြစ် ပါတီမှတ်ပုံတင်ခွင့်ပြုခဲ့ပါတယ်။

မြန်မာနိုင်ငံလွတ်လပ်ရေးမရခင်ကပင် မျိုးချစ်ရဟန်းသံဃာတွေ အပါအဝင် မျိုးချစ်ရခိုင့်နိုင်ငံရေးသမားတွေက လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံရေးဖြစ်စဉ်မှာ အမြဲတစေပါဝင်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်းမှာလည်း ရခိုင့်နိုင်ငံရေးသမားတွေဟာ အစဉ်တစိုက် နိုင်ငံရေးနယ်ပယ်မှာ ဖြတ်သန်းနေကြပါတယ်။ လွတ်လပ်ရေးမရခင် ကာလကပင် ရခိုင်ဒေသကို ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ဖော်ဆောင်ပေးဖို့ ရခိုင့်မျိုးချစ်နိုင်ငံရေးသမားတွေက အမြဲကြိုးပမ်းအားထုတ်ခဲ့ကြပါတယ်။ သို့သော်လည်း ၁၉၄၇-ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပေါ်ပေါက်လာတဲ့အခါ ရခိုင်ဒေသကို တိုင်းတစ်တိုင်းအဖြစ်သာ အသိအမှတ်ပြုခဲ့ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပေါ်ပေါက်လာတဲ့အခါ ပြည်နယ်(၇)ခုနဲ့ တိုင်းဒေသကြီး (၇)ခုကို အဆင့်အတန်းတူသတ်မှတ်ပြီး တိုင်းနှင့်ပြည်နယ်အားလုံးမှာ ဥပဒေပြုခွင့်အာဏာအသင့်အတင့်ရလာပါတယ်။ ရခိုင်ဒေသခံတိုင်းရင်းသားပြည်သူအားလုံး၏ လိုအပ်ချက်တွေကို ခေတ်နှင့်အညီအကောင်အထည်ဖော်ဆောင်ပေးနိုင်ဖို့အတွက် ရခိုင်ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခွင့်နှင့် ရခိုင်ပြည်နယ်အစိုးရ၏ စီမံခန့်ခွဲပိုင်ခွင့်တွေကို ပိုပြီးလုပ်ပိုင်ခွင့်ရလာအောင် ကျွန်တော်တို့ ဆက်လက်ကြိုးစားကြရပါမယ်။

မြန်မာနိုင်ငံကို ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံအဖြစ် တည်ထောင်ရာမှာလည်း အခြားတိုင်းရင်းသား လူမျိုးအားလုံးနှင့် ပူးပေါင်းပါဝင်နိုင်ဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်တဲ့အခါ ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားတွေက မိမိတို့၏အမျိုးသားရေး လက္ခဏာ(National Identity) ကို ထိန်းသိမ်းစောင့်ရှောက်ပြီး ပါဝင်ဖို့ လိုအပ်တယ်လို့ ယုံကြည်တဲ့အတွက်ကြောင့် ရခိုင်တိုင်းရင်းသားများ ပါတီ(RNP) ကို တည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။

လာမယ့် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ ရခိုင်တိုင်းရင်းသားများ ပါတီက ရခိုင်ပြည်နယ်အတွင်း ကျင်းပမယ့် မဲဆန္ဒနယ်အားလုံးမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ တင်သွင်းထားလို့ရှိပါတယ်။

ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားများပါတီ (RNP) ၏ အဓိက မျှော်မှန်းချက်တွေကတော့

(က) တိုင်းရင်းသားအားလုံး တန်းတူညီမျှမှုရှိပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဖြစ်ပေါ်လာစေရန်။

(ခ) ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေမှာ ပါတီတစ်ရပ်အနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းတွေနှင့် ပူးပေါင်းပါဝင်ဖြေရှင်းသွားရန်။

(ဂ) ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားလူမျိုးတွေ အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်။

(ဃ) ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို အလေးထား ကြိုးပမ်းဆောင်ရွက်သွားရန်။

(င) ရခိုင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်။

(စ) ဌာနေတိုင်းရင်းသားများအရေး၊ တိုင်းရင်းသားလူမျိုးစုများ အရေး၊ နိုင်ငံသားအခွင့်အရေး၊ နိုင်ငံခြားသားအခွင့်အရေးစသည့် အခွင့်အရေးတွေကို တည်ဆဲဥပဒေများနှင့် အညီ ဆောင်ရွက်သွားရန်ဆိုတဲ့ အချက်တွေဖြစ်ပါတယ်။

နောက်ပြီးတော့ ရခိုင်ပြည်နယ်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် လူမှုစီးပွားရေးစသည့် လုပ်ငန်းစဉ်တွေကို ခေတ်နှင့်လျော်ညီအောင် ပြုပြင်ဆောင်ရွက်သွားဖို့ ရည်မှန်းချက်တွေလည်း ချမှတ်ထားပါတယ်။

မိဘပြည်သူမဲဆန္ဒရှင်အပေါင်းတို့ ကျွန်တော်တို့ ပြည်သူတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကပင် ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုတွေကြောင့် မိမိတို့ဇာတိဒေသကို စွန့်ခွာပြီး ဒေသအသီးသီးသို့ရောက်သွားကြပါတယ်။

ယခု ရခိုင်ပြည်နယ်မှာ နိုင်ငံတကာစီမံကိန်းကြီး(၂)ခု ဖော်ဆောင်ဖို့ ရှိနေပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ စစ်တွေမြို့ကို ဗဟိုပြုပြီး ကုလားတန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်နေသလို ရခိုင်ပြည်နယ်တောင်ပိုင်းမှာ ကျောက်ဖြူမြို့ကို ဗဟိုပြုပြီးတော့ ရေနက်ဆိပ်ကမ်းအပါအဝင် အထူးစီးပွားရေးဇုန် (SEZ) စီမံကိန်းကြီးကို စတင်အကောင်အထည်ဖော်နေပါတယ်။ ဒီစီမံကိန်းကြီးတွေ အောင်မြင်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းအများအပြား တိုးတက်ဖွံ့ဖြိုးလာပြီး အခြေအနေကောင်းတွေပေါ်ပေါက်လာပါမယ်။ အဲဒါကြောင့် ရခိုင်တိုင်းရင်းသားများပါတီ (RNP) အနေဖြင့် ဒေသစီမံကိန်းကြီးတွေ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် အထူးမျှော်လင့်ထောက်ခံအားပေးပါတယ်။

မာန်အောင်ကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်လို့ တင်ပြလိုပါတယ်။

မာန်အောင်ကျွန်းရဲ့ ကျွန်းပတ်လည်မှာ လှပတဲ့ပင်လယ်ကမ်းခြေတွေရှိပါတယ်။ ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာအကောင်းဆုံးဒေသဖြစ်ပါတယ်။ အဓိကအချက်ကတော့ ဒေသကိုသွားလာနိုင်တဲ့ လမ်းပန်းဆက်သွယ်ရေး၊ ဒေသခံပြည်သူတွေ လျှပ်စစ်မီးအသုံးပြုနိုင်ရေးတွေ ဖြစ်ပါတယ်။ ဒီလုပ်ငန်းကို ဒေသခံပြည်သူနှင့်အုပ်ချုပ်ရေးအဖွဲ့အစည်းတွေက စိတ်ဝင်တစားဖော်ဆောင်ဖို့လည်းလိုပါတယ်။

မာန်အောင်ကျွန်းမှာ ဆိုလာလျှပ်စစ်အားသုံး စက်ရုံအများအပြား တည်ဆောက်လို့ရနိုင်ပါတယ်။ ခအနုံးမော်ဒေသမှာ တည်ဆောက်ထားတဲ့ ဆိုလာလျှပ်စစ်ဓာတ်အားသုံးစက်ရုံအဟောင်းကို စနစ်တကျ ရင်းနှီးမြှုပ်နှံပြီး ကျွမ်းကျင်မှုနည်းပညာတွေနှင့်ပေါင်းစပ်ပြီး ပြန်ပြင်လိုက်ရင်မာန်အောင်မြို့အတွက် အလျင်အမြန်ဆိုလာလျှပ်စစ်ဓာတ်အား ရနိုင်ပါတယ်။ မာန်အောင်လေယာဉ်ကွင်းကို အနည်းဆုံး ATR-72 လေယာဉ် အမျိုးအစားတွေဆင်းသက်နိုင်တဲ့လေယာဉ်ကွင်းအဖြစ် တည်ဆောက်ဖို့ လိုပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်ရင်ခရီးသွားလုပ်ငန်းကို အကြောင်းပြုပြီး အလုပ်အကိုင်အခွင့်အလမ်းအများအပြား ပေါ်ပေါက်လာမယ်၊ ဒေသ အသီးသီးသို့ လေကြောင်းနဲ့ အလျင်အမြန် ဆက်သွယ် ရေးခရီးပေါက်သွားပါမယ်။မာန်အောင်ကျွန်းဒေသဖွံ့ဖြိုးတိုးတက်ဖို့ အထက်ဖော်ပြပါလုပ်ငန်းတွေကို မလွဲမသွေ ကြိုးပမ်းအားထုတ်ရမယ်လို့ ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားများပါတီ(RNP)က အလေးအနက် ခံယူထားကြောင်းကိုလည်း ဖော်ပြလိုပါတယ်။




**မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ ............**

ကျွန်တော်တို့ ရခိုင်ပြည်နယ်နှင့် ပြည်ထောင်စု၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်တွေမှာပြည်သူ့အသံကို အလေးထား ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။

ရခိုင်ပြည်နယ် ပြည်သူလူထု၏အသံကို ကိုယ်စားပြုနိုင်ရေးအတွက် မဲဆန္ဒရှင် ပြည်သူအပေါင်းက ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားများ ပါတီ(RNP)၏ လွှတ်တော်ကိုယ်စားလှယ်လောင်းအများအပြားစုကို လွှတ်တော် အသီးသီးသို့ရောက်သွားအောင် ဆန္ဒမဲပေးကြပါလို့ တောင်းဆိုလိုပါ တယ် ............

**ရခိုင်ပြည်သူအပေါင်းတို့......**

ကျွန်တော်တို့ ရခိုင်ပြည်နယ်ဒေသတစ်ခုလုံးမှာ ယခုအခါမှာ လက်နက်ကိုင်ပဋိပက္ခနှင့် နိုင်ငံရေးမတည်ငြိမ်မှုတွေကြောင့် မြို့ကလူ တောကိုရောက်၊ တောကလူ မြို့ကိုရောက်၊ ပြည်မဒေသအများအပြား သို့လည်း အိုးအိမ်စွန့်ခွာရောက်သွားကြပါတယ်။ အဲဒီနေရာအသီးသီး မှာ အခက်အခဲပေါင်းစုံနှင့် ရင်ဆိုင်နေကြရပါတယ်။ ရခိုင်ပြည်သူတွေ ရင်ဆိုင်နေရတဲ့ အခက်အခဲပဋိပက္ခတွေကိုဖြစ်နိုင်သမျှ နည်းလမ်း တွေကိုရှာပြီး ဖြေရှင်းရပါမယ်။ ဒီရွေးကောက်ပွဲကတစ်ဆင့် ပြည်သူ တွေက တာဝန်ပေးရင် ကျွန်တော်တို့ပါတီက ဒီအခက်အခဲတွေ ပဋိပက္ခ တွေကို အစွမ်းကုန်ကြိုးစားဖြေရှင်းမယ်လို့ အလေးအနက်ခံယူထားပါ ကြောင်းကိုလည်း တင်ပြလိုပါတယ်။ ဆက်လက်ပြီး ကျွန်တော်တို့ RNP ပါတီ၏ စည်းရုံးရေးသီချင်းကို နားထောင်ပေးကြပါလို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

အားလုံးကို ကျေးဇူးတင်ပါရေ

**RNP**

**တေးရေး/တေးဆို မင်းထီး**

**မူပိုင် – RNP**

၁။ RNP ***ရခိုင်အမျိုးသား*** အားမာန်ကို***စုစည်းလို့**စွမ်းဆောင်ဖို့*** လိုနေလို့ဖွဲ့စည်းခဲ့တဲ့ *** အားလုံးအတွက် *** ရခိုင်ပါတီ ...

၂။ အလျှင်ခါက *** ဖြေရှင်းလို့ *** မရနိုင်ခဲ့ *** လူ့အသိုင်းအဝိုင်း *** ကြားမှာလည်း စံချိန်မမီ ***

ကိုယ့်ရပ်ကိုယ့်ရွာကို *** ထားပစ်ခဲ့သူ *** ပြန်လာပါ .........

၃။ ပင်ကိုရိုးသားမှုနဲ့ *** ငါတို့ရဲ့ *အမျိုးဘာသာ***တခြားအရာနဲ့ *** နှိုင်းဆဖို့က** လုံးဝမဖြစ်နိုင် *** ပင်လယ်လေ *** သန့်ရှင်းမှုနဲ့ *** ကိုယ့်ရိုးရာ အစားအစာ***

ဒီတစ်ခါ *** ရောက်လို့ရှိရင် *** မပြန်ပြီဟေ့ ..

၁။ *************** ပြန်ဆို

၄။ သာယာတဲ့ *** ဖွံ့ဖြိုးမှု *** ဖူးဝေလို့ *** ရောင်နီပျိုးစ *** ငါတို့* ရခိုင်ပြည်*** ပျော်စရာဝေ *** ကိုယ့်ရပ်ကိုယ့်ရွာမှာ * နေမှာပေါ့ *** Gateway to the world....

၂။ *************** ပြန်ဆို

၄။ *************** ပြန်ဆို

၃။ *************** ပြန်ဆို

# ချင်းပြည်သစ်ကွန်ဂရက်ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်  နိုဝင်ဘာ ၂၂

**ချင်းပြည်သစ်ကွန်ဂရက်ပါတီဥက္ကဋ္ဌ ဦးစိုးထက်(ခ)ဆလိုင်းမဲလုက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၂၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



ဦးစိုးထက်(ခ)ဆလိုင်းမဲလု(ဥက္ကဋ္ဌ၊ ချင်းပြည်သစ်ကွန်ဂရက်ပါတီ)

လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူ မဲဆန္ဒရှင်အပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်သစ်ကွန်ဂရက်ပါတီ (New Chinland Congress–NCC) ဥက္ကဋ္ဌ ဦးစိုးထက် (ခ) ဆလိုင်းမဲလု ဖြစ်ပါတယ်။ ဒီကနေ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှု အစီအစဉ်မှာ တိုင်းရင်းသားပြည်သူများ၊ အထူးသဖြင့် ချင်းပြည်နယ်ရှိ ချင်းလူမျိုးများအားလုံးနဲ့ မဲဆန္ဒရှင်ပြည်သူများ သိရှိနိုင်ရန်အတွက် ချင်းပြည်သစ်ကွန်ဂရက်ပါတီရဲ့ မူဝါဒ၊ သဘောထားနှင့် လုပ်ငန်းစဉ်များကို အကျဉ်းမျှတင်ပြသွားမှာဖြစ်ပါတယ်။

ချင်းပြည်သစ်ကွန်ဂရက်ပါတီဟာ ချင်းပြည်နယ်နှင့် ချင်းလူမျိုး ကိုယ်စားပြုပါတီဖြစ်ပြီး ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးစု အားလုံးရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ အရေးအရာများတိုးတက် ထွန်းကားလာစေရန်ဆိုတဲ့ အမျိုးသားရေးတာဝန်ကို အာမခံဖော်ဆောင် သွားမယ့်ပါတီဖြစ်ပါတယ်။ ချင်းပြည်နယ်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စအရပ်ရပ်အတွက် ချင်းအမျိုးသားနိုင်ငံရေး ဦးဆောင်လမ်းပြခဲ့သူများ၊ ချင်းအမျိုးသားတတ်သိပညာရှင်များ၊ လူငယ် များ၊ အမျိုးသမီးများနဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာရာက ချင်းပြည်သစ် ကွန်ဂရက်ပါတီ ပေါ်ထွက်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းပြည်သစ် ကွန်ဂရက်ပါတီဟာ ချင်းပြည်နယ်အတွင်းမှာသာ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မယ့်ပါတီဖြစ်ပါတယ်။ ပါတီရဲ့အမှတ်တံဆိပ်အဖြစ် ချင်းတိုင်းရင်းသားတို့က တန်ဖိုးထားမြတ်နိုးကြတဲ့ အောက်ချင်းငှက် မောင်နှံကို တောင်ဇလပ်ပန်းနဲ့တွဲပြီး ပုံဖော်ထားပါတယ်။ အလံကိုတော့ အပြာ၊ အနီ၊ အစိမ်းသုံးရောင်ခြယ်အလယ်မှာ ကြယ်ဖြူတစ်ပွင့်နဲ့ ပုံဖော် ထားပါတယ်။ ချင်းပြည်သစ်ကွန်ဂရက်ပါတီဟာ ချင်းပြည်နယ် ချင်းတို့ ဌာနေကို အခြေခံပြီး ဖွဲ့စည်းခဲ့တာဖြစ်တဲ့အတွက်ကြောင့် ချင်းပြည်နယ် ပေါ်ပေါက်လာတဲ့ သမိုင်းကြောင်းကိုလည်း အနည်းငယ်မျှတင်ပြလိုပါ တယ်။

ချင်းတိုင်းရင်းသားတို့ဟာ ညီနောင်တိုင်းရင်းသားများနှင့်အတူ ၁၉၄၇ ခုနှစ်မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်တည်ဆောက်ရေးအတွက် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၄၈ ခုနှစ်မှာ လွတ်လပ်ရေးကို အတူရယူခဲ့တာဖြစ်ပါတယ်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအရ ချင်းတောင်များခရိုင်နှင့် ရခိုင်တောင်တန်းနယ်များ (လက်ရှိပလက်ဝခရိုင်) ကို စုစည်းကာ " ချင်းဝိသေသတိုင်း " လို့ သတ်မှတ်ဖွဲ့စည်းခဲ့တာဖြစ်ပါ တယ်။ ၁၉၇၄ ခုနှစ်မှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ချင်းပြည်နယ် အဖြစ် ပြောင်းလဲပြီး တီးတိန်၊ တွန်းဇံ၊ ဖလမ်း၊ ဟားခါး၊ ထန်တလန်၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်နှင့်ပလက်ဝဆိုပြီး မြို့နယ် (၉) ခုနှင့် ဖွဲ့စည်းလာတာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရလည်း ချင်းပြည်နယ်အဖြစ် အခိုင်အမာတည်ရှိနေတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ် (၁၄)ခုထဲမှာ ဒေသခံဌာနေ တိုင်းရင်းသားမျိုးနွယ်စုအများဆုံးနေထိုင်တဲ့ တစ်ခုတည်းသော ပြည်နယ် ဖြစ်ပါတယ်။ ဒါကတော့ ချင်းပြည်နယ်ရဲ့ နောက်ခံသမိုင်း အကျဉ်းပဲ ဖြစ်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား-**

ချင်းပြည်နယ်ဟာ မြန်မာနိုင်ငံလွတ်လပ်ရေးပြန်လည်ရရှိပြီးနောက်ပိုင်း မှာ နယ်မြေအေးချမ်းလုံခြုံမှုအရှိဆုံး ပြည်နယ်တစ်ခုအဖြစ်ရှိခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုအနည်းဆုံးပြည်နယ်အဖြစ် ယနေ့တိုင် တည်ရှိနေဆဲဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ ချင်းပြည်နယ်ကို တန်ဖိုး ထားချစ်မြတ်နိုးတဲ့ ချင်းတိုင်းရင်းသားများအားလုံးက ချင်းပြည်နယ် အမြန်ဆုံးငြိမ်းချမ်းပြီး မြန်မြန်ဆန်ဆန်ဖွံ့ဖြိုးတိုးတက်တာကို လိုလား ကြမယ်လို့ယုံကြည်ပါတယ်။ ဒီတူညီတဲ့ဆန္ဒတွေ အမှန်တကယ်လက်တွေ့ ဖြစ်ပေါ်လာရေးအတွက် ညီညွတ်စွာစုပေါင်းလုပ်ဆောင်မှသာ အောင်မြင် နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ချင်းပြည်သစ်ကွန်ဂရက်ပါတီမှာ တူစုံ အားပြုပြီး ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ဆောင်ကြရအောင်လို့ ဒီနေရာကနေ ဖိတ်ခေါ်ပါတယ်။

ဆက်လက်ပြီးတော့ ချင်းပြည်သစ်ကွန်ဂရက်ပါတီအနေနဲ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ စတင်ကျင်းပမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ချင်းပြည်နယ်ကိုအခြေခံပြီး ပါဝင်ယှဉ်ပြိုင် ရတဲ့ ရည်မှန်းချက်ကိုလည်းတင်ပြလိုပါတယ်။

ပထမအချက်က ချင်းပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးတည်ဆောက်ရာမှာ ချင်းတိုင်းရင်းသားတိုင်းက ကြိုးပမ်း ပူးပေါင်းဆောင်ရွက်ရေးဖြစ်ပါတယ်။

ဒုတိယအချက်က ချင်းပြည်နယ်အတွင်း လူမှုစီးပွားရေး(Socio Economic) ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းတိုင်းရင်းသား တိုင်းက ပူးပေါင်းဆောင်ရွက်ရေးဖြစ်ပါတယ်။

တတိယအချက်က ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးမှာ ညီနောင်တိုင်းရင်းသားလူမျိုးများ၊ မျိုးနွယ်စုများအားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်ရေးဖြစ်ပါတယ်။

နောက်ဆုံးအချက်က ပြည်ထောင်စုတိုင်းရင်းသားများအားလုံး တန်းတူညီမျှသောအခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် အစဉ် တစိုက်ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်ပါတယ်။

ဒီရည်မှန်းချက်(၄)ချက်ဟာ – မဖြစ်မနေဖော်ဆောင်သွားရမယ့် ချင်းအမျိုးသားရေးတာဝန်ဖြစ်တယ်လို့ ချင်းပြည်သစ်ကွန်ဂရက်ပါတီ (NCC)က အခိုင်အမာခံယူထားတာဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုနောက်အကျဆုံး ပြည်နယ်ကနေရုန်းထွက်ပြီး အခြားသောတိုင်းဒေသကြီး/ပြည်နယ်များ နှင့် ရင်ပေါင်တန်းနိုင်ဖို့ဆိုရင် စတင်လုပ်ဆောင်ရမယ့်နည်းလမ်းဟာ လက်ရှိအခြေအနေမှာတော့ရွေးကောက်ပွဲလမ်းကြောင်းပဲဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ ဒီမိုကရေစီအစိုးရ ပေါ်ပေါက် လာတဲ့ ၂၀၁၀ နောက်ပိုင်းမှာ ပြည်သူများရဲ့ဆန္ဒတွေကို ပြည်သူ့ကိုယ်စား လှယ်များကတစ်ဆင့် ထုတ်ဖော်ခွင့်ရလာလို့ တစ်မြို့နှင့်တစ်မြို့ တစ်ရွာ နှင့် တစ်ရွာဆက်သွယ်သွားလာလို့ ရလာတယ်။ စာသင်ကျောင်း၊ ကျန်းမာ ရေးဌာန၊ လမ်းတံတားတွေလည်း တိုးတက်ပြောင်းလဲလာခဲ့တာပဲ ဖြစ်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား –**

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးကံကြမ္မာအလှည့်အပြောင်းမှာ ကျွန်တော်တို့ ချင်းပြည်နယ်ဟာလည်း မပျက်စီးသင့်တာတွေပျက်စီးရပြီ။ မဆုံးရှုံးသင့် တာတွေ ဆုံးရှုံးခဲ့ရတယ်။ မချမ်းသာပေမယ့် ပျော်ရွှင်အေးချမ်းတဲ့ ချင်းပြည်နယ်၊ မဖွံ့ဖြိုးပေမယ့် တည်ငြိမ်တဲ့ ချင်းပြည်နယ်ဟာ ယခုအချိန်မှာ လက်နက်ကိုင်ပဋိပက္ခဒဏ်ကို အလူးအလဲခံနေရတာ မဲဆန္ဒရှင်များ အသိပဲဖြစ်ပါတယ်။ မြို့ရွာတွေပျက်စီးသွားတယ်။ အပြစ်မဲ့ပြည်သူတွေပါ အသက်နဲ့ခန္ဓာဆုံးရှုံးခဲ့ကြရတယ်။ ကိုယ့်ရပ် ကိုယ့်ရွာ၊ ကိုယ့်အိမ်၊ ကိုယ့်ခြံ ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ စွန့်လွှတ်ခဲ့ရတယ်။ အရပ် တစ်ပါးမှာ အနေအစား ကျပ်တည်းရတယ်။ ရုံးတွေပိတ်၊ ကျောင်းတွေ ပိတ်လို့ လူသားအရင်းအမြစ်တွေ များစွာဆုံးရှုံးခဲ့ရတယ်။ ပညာသင်ယူ နေဆဲ သားသမီးတွေ ပညာရေးနှင့်အဆက်ပြတ်တောက်သွားခဲ့ရတယ်။ ကိုယ့်ရပ် ကိုယ့်ရွာ ကိုယ့်အိမ် ကိုယ့်ခြံမှာ ကြိတ်မှိတ် ဖက်တွယ်သူများ မှာလည်း စားဝတ်နေရေး၊ အသက်အန္တရာယ်လုံခြုံရေး အာမခံချက် မရှိဘဲ ကျီးလန့်စာစားဘဝ ရောက်နေကြရပါတယ်။ ပြည်သူတွေလိုချင် တာက " ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံ တဲ့ ပြည်ထောင်စုတည် ဆောက်ရေး"ပဲ ဖြစ်ပါ တယ်။ ဒီအတိုင်းသာ ညီအစ်ကိုအချင်းချင်း အပြန်အလှန် တိုက်ခိုက် နေကြရင် ပြည်သူတွေ




လိုချင်တဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ပြည်ထောင်စု လည်းပေါ်ပေါက်လာနိုင်မှာမဟုတ်ပါဘူး။

ချင်းပြည်သစ်ကွန်ဂရက်ပါတီအနေနဲ့ကတော့ ပဋိပက္ခတိုင်းကို ငြိမ်းချမ်းစွာစားပွဲပေါ်မှာ တွေ့ဆုံဆွေးနွေးအဖြေရှာတဲ့နည်းလမ်းထက် ပိုမိုကောင်းမွန်တဲ့ နည်းလမ်းမရှိဘူးဆိုတာ အခိုင်အမာယုံကြည်လို့ ပါတီ တည်ထောင်ပြီးရွေးကောက်ပွဲဝင်ရခြင်းပဲဖြစ်ပါတယ်။ ချင်းပြည်သစ် ကွန်ဂရက်ပါတီအနေနဲ့ ငြိမ်းချမ်းရေးစားပွဲပေါ်မှာ ပြည်သူအတွက် မားမား မတ်မတ်ရဲရဲဝံ့ဝံ့ရပ်တည်သွားပါမယ်လို့ ကတိပြုပါတယ်။ ဒါကြောင့် ချင်းပြည်သစ်ကွန်ဂရက်ပါတီဆောင်ရွက်လိုတဲ့ လုပ်ငန်းစဉ်(၄)ရပ် ကိုလည်း မဲဆန္ဒရှင်ပြည်သူများကို တင်ပြလိုပါတယ်။

**လုပ်ငန်းစဉ်(၁)**

ချင်းပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခရပ်စဲရေးအတွက် သက်ဆိုင်သူအားလုံးနှင့် ကြိုးပမ်းညှိနှိုင်းအဖြေရှာကြဖို့ဖြစ်ပါတယ် – ဒီလုပ်ငန်းစဉ်ကို ရွေးကောက်ပွဲရလဒ်အရ ပေါ်ထွက်လာမယ့်အစိုးရသစ်က ဦးဆောင်ရမှာဖြစ်ပြီး ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပါဝင်ရမှာဖြစ်ပါ တယ်။ ယာယီအပစ်အခတ်ရပ်စဲကာ တွေ့ဆုံဆွေးနွေးရာကနေ ပဋိပက္ခ လုံးဝရပ်စဲနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်ပါတယ်။ ယာယီနေရပ် စွန့်ခွာသူများ ဂုဏ်သိက္ခာရှိရှိ မိမိနေရပ်ပြန်လာနိုင်ရေး၊ လုံခြုံရေးအာမခံ ချက်ရအောင် ဖန်တီးပေးရေး၊ စားဝတ်နေရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက် ဒဏ်ရာများ ပြန်လည်ကုစားရေး၊ အရေးပေါ်၊ ရေတိုရေရှည် အထောက် အပံ့များရရှိနိုင်ရေးဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

**လုပ်ငန်းစဉ် (၂)**

လက်နက်ကိုင်ပဋိပက္ခများကြောင့် ပျက်စီးဆုံးရှုံးသွားတဲ့ အများပြည်သူ ပိုင်အဆောက်အအုံများ၊ လူနေအိမ်ရာများပြန်လည်ပြုပြင်တည်ဆောက် ခြင်းကို မဖြစ်မနေဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ဒီအတွက်လိုအပ်တဲ့ ကုန်ကျစရိတ်တွေကို နိုင်ငံတော်အစိုးရအပြင် ပြည်တွင်းပြည်ပအလှူ ရှင်များထံမှ အကူအညီများရရှိဖို့အတွက် ပါတီနှင့်ရွေးကောက်ခံကိုယ်စား လှယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးကလည်းပူးပေါင်းပါဝင် လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။

**လုပ်ငန်းစဉ်(၃)**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းစဉ်အဆင့်ဆင့်မှာ တက်ကြွစွာ ပါဝင်သွားဖို့ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှာ ချုပ်ဆိုခဲ့ကြတဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ်ဟာ ပြည်ထောင်စုနဲ့တိုင်းရင်းသားအားလုံးရဲ့ အနာဂတ်တည်ငြိမ် အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးရှုထားပြီး နိုင်ငံတော်နဲ့ တိုင်းရင်းသားများအပေါ် အာမခံထားခြင်းဖြစ်ပါတယ်။ နိုင်ငံရေးသဘော ထားချင်းမတိုက်ဆိုင်လို့ လက်နက်ကိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကို အဖွဲ့ပေါင်းစုံကိုလည်း နိုင်ငံရေးစားပွဲဝိုင်းပေါ် ရောက်ရှိလာအောင် မဲဆန္ဒရှင်ပြည်သူများနဲ့လက်တွဲပြီး စည်းရုံးကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ချင်းပြည်သစ်ကွန်ဂရက်ပါတီအနေနဲ့ပါဝင်သူများအားလုံးနဲ့အတူ NCA ဆွေးနွေးပွဲမှာလည်း ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် အစွမ်းကုန် ကြိုးစားသွားပါမယ်လို့ ကတိပြုပါတယ်။

**လုပ်ငန်းစဉ်(၄)**

စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသောစက်မှုလုပ်ငန်းများ ဖော်ဆောင်ဖို့ဖြစ်ပါတယ်။

**စာမျက်နှာ ၉ သို့** ●

● စာမျက်နှာ ၈ မှအဆက်

ချင်းပြည်နယ်ရဲ့ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းစီမံကိန်းတွေဖော်ဆောင်ရမှာဖြစ်ပါတယ်။ ချင်းပြည်နယ် ပလက်ဝမြို့နယ်ကိုဖြတ်သန်းသွားတဲ့ ကုလားတန်ဘက်စုံစီမံကိန်းဟာ ချင်းပြည်နယ်တိုးတက်ရေးအတွက် အရေးပါတဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအတွက် များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီကို ပြည်သူကရွေးချယ်ထောက်ခံသွားမည်ဆိုရင် လွှတ်တော်အဆင့်ဆင့်တိုင်းမှာ ပြည်သူတွေလိုလားတဲ့ စီမံကိန်းတွေဖော်ဆောင်ရေးနဲ့ ဥပဒေပြုရေးကဏ္ဍတွေမှာ ထိထိရောက်ရောက်လုပ်ဆောင်ခွင့်ရရှိမှာဖြစ်ပါတယ်။

**ချင်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ ချင်းတိုင်းရင်းသားများ၊ အခြားတိုင်းရင်းသားများနှင့် ချင်းမျိုးနွယ်စုများခင်ဗျား–**

ချင်းပြည်နယ်ရဲ့ ပကတိအခြေအနေကို အားလုံးကသိရှိကြပြီးဖြစ်ပါတယ်။ ယခုအချိန်မှာ ချင်းပြည်သူအားလုံးက ပြည်နယ်တည်ငြိမ်အေးချမ်းရေးကို အလိုလားဆုံး၊ အတောင့်တဆုံးဖြစ်ပါတယ်။ ချင်းပြည်သူတွေလုံခြုံအေးချမ်းစွာ သွားလာလုပ်ကိုင်ချင်ကြပါပြီ၊ မြို့ရွာတွေ ပြန်လည်နွေးထွေးစေလိုကြပါပြီ၊ စာသင်ကျောင်းတွေကလည်း ကျွန်တော်တို့ရဲ့သားသမီးတွေကို စောင့်မျှော်ဖိတ်ခေါ်နေပါပြီ။ အဆက်ပြတ်တောက်သွားတဲ့ ကျန်းမာရေး၊ ပညာရေးကဏ္ဍတွေလည်း ပြန်လည်အသက်ဝင်ဖို့လိုအပ်နေပါပြီ။ ဒါကြောင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်ကစပြီး ကျင်းပမယ့် လွှတ်တော်အဆင့်ဆင့်ရွေးကောက်ပွဲမှာ တက်တက်ကြွကြွဆန္ဒမဲပေးကြဖို့ အရေးကြီးပါတယ်။

ချင်းပြည်သစ်ကွန်ဂရက်ပါတီကို ထောက်ခံမဲပေးခြင်းအားဖြင့် လာမယ့်(၅)နှစ် အတွက် မိမိတို့ချင်းတိုင်းရင်းသားများနဲ့ မျိုးနွယ်စုတွေကို အမှန်တကယ်အလုပ်အကျွေးပြုမယ့် ပြည်သူ့ကိုယ်စားလှယ်တွေ ပေါ်ထွက်လာမှာဖြစ်ပါတယ်။

ချင်းပြည်ကိုချစ်တဲ့ ချင်းပြည်သူ မဲဆန္ဒရှင်များအနေနဲ့ အခြားတိုင်းရင်းသားများနဲ့အတူပူးပေါင်းပြီး ချင်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံတစ်ခုလုံး မျှမျှတတဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းကြဖို့ အချိန်တန်ပါပြီ။

ဒါကြောင့် ကျွန်တော့်အနေနဲ့ နောက်ဆုံးတင်ပြလိုတာကတော့ – ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်ချင်းပြည်နယ်အတွက် – အောက်ချင်းမောင်နှံနဲ့ တောင်ဇလပ်ပန်းပုံပါတဲ့ ချင်းပြည်သစ်ကွန်ဂရက်ပါတီကို ချင်းပြည်နယ် မဲဆန္ဒရှင်ပြည်သူတိုင်းက ထောက်ခံမဲပေးကြပါစို့လို့ မေတ္တာရပ်ခံပန်ကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးဘေးကင်းရန်ကွာ ကျန်းမာချမ်းသာကြပါစေ။

**ချင်းတို့ဌာနေ**

ရေး – ဆလိုင်းသောန

ဆို – စံပီး၊ ဇာမ်နူး၊ ဆုန်သင်းပါရ်၊ ကြိုးကြာ၊ စင်ဒီ

ဌာနေတို့ချင်းပြည်ရဲ့ တောတန်းတစ်လျှောက်မှာ
ပြည်နယ်ရဲ့ပန်းနီလေး တောင်ဇလပ်ပန်းရယ်
နေရာတကာတိုင်းမှာ အလှဆင်ကာနေပြီး
လှပတဲ့ ချင်းပြည်အတွက် ဖူးပွင့်လို့နေ..
မူန်ရီပြာချင်းပြည်ရဲ့ တောတန်းတစ်လျှောက်မှာ
ပြည်နယ်ရဲ့ပန်းနီလေး တောင်ဇလပ်ပန်းရယ်
နေရာတကာတိုင်းမှာ အလှဆင်ကာနေပြီး
လှပတဲ့ ချင်းပြည်အတွက် ဖူးပွင့်လို့နေ..
( ဖလမ်း၊ တွန်းဇံ၊ ဟားခါး၊ တီးတိန်ရယ်၊ ထန်တလန်၊
မင်းတပ်၊ ကန်ပက်လက်နဲ့ ပလက်ဝရယ်၊ မတူပီ၊
တောင်းဆုတွေပြုခဲ့ ငြိမ်းချမ်းပါစေ ) နှစ်ခါ
သာယာတဲ့ ချင်းပြည်ရဲ့ တောတန်းတစ်လျှောက်မှာ
တို့တစ်တွေ ကိုယ်စားပြုတဲ့ အောက်ချင်းငှက်ရယ်
လျှို့မြောင် တောင်တန်းမှာ ဝဲပျံကာနေပြီး
အေးချမ်းတဲ့ ချင်းပြည်အတွက် တေးဖွဲ့လို့ဆို ..
မြူခြေတွေဆိုင်းနေတဲ့ တောတန်းတစ်လျှောက်မှာ
ချင်းတွေကိုယ်စားပြုတဲ့ အောက်ချင်းငှက်ရယ်
လျှို့မြောင် တောင်တန်းမှာ ဝဲပျံကာနေပြီး
ငြိမ်းချမ်းတဲ့ ချင်းပြည်အတွက် တေးဖွဲ့လို့ဆို ။
ကလေးမြို့၊ တာဟန်း၊ ခမ်းပါတ်၊
တမူးရယ် ဂန့်ဂေါ၊ ချောင်းခွ၊
ကျောက်ထု၊ အရှိုနဲ့၊ ကျီခါး၊ ရိခေါဒါရ်၊ ရယ်ရွာ
တောင်းဆုတွေပြုခဲ့ ချမ်းမြေ့ပါစေ ..
ကလေးမြို့၊ တာဟန်း၊ ခမ်းပါတ်၊ တမူးရယ် ဂန့်ဂေါ၊ ချောင်းခွ၊
ကျောက်ထု ၊ အရှိုနဲ့၊ ကျီခါး၊ ရိခေါဒါရ်၊ ရယ်ရွာ
တောင်းဆုတွေပြုခဲ့ ငြိမ်းချမ်းပါစေ။
( နေညိုချိန်အလှပန်းချီကား ကွန့်မြူးလို့နေ
တူညီစိတ်ကူးတွေနဲ့ ယာခင်းသမားတွေ
နောင် အနာဂတ်ခရီးမှာ ဘဝရယ်အဆင်ပြေဖို့
မေပန်းနွမ်းလျစွာနဲ့ ရှန်းထွက်ဖို့ပင်...) နှစ်ခါ
ချင်းရိုးရာ၊ ချင်းခလေ့၊ သစ္စာရယ်၊ ဖြောင့်မတ်ခြင်း၊
ဘိုးဘွားအမွေ ၊ ရိုးသားမှ လက်ဆင့်ကာခံယူ
တောင်းဆုတွေ ပြုခဲ့ငြိမ်းချမ်းပါစေ။
တောတိရစ္ဆာန်များနဲ့ အလှစုံလင်ပန်းများ
စိမ်းလန်းသဘာဝတောတန်း ၊ ကျေးငှက်သာရကာတွေရယ်
စောင့်ရှောက်ကာထိန်းသိမ်းစို့ အမြဲတမ်းရှင်သန်စေ ..
ချင်းရိုးရာချင်းခလေ့အမြဲ ရှင်သန်စေ ..
ဘိုးဘွားအမွေအားလုံး လက်ဆင့်ကာခံယူ
တောင်းဆုတွေပြုခဲ့ ချမ်းမြေ့ပါစေ ..
ဘိုးဘွားအမွေ ရိုးသားမှု၊ သစ္စာရယ်၊ ဖြောင့်မတ်ခြင်း၊
ချင်းရိုးရာ၊ ချင်းခလေ့လက်ဆင့်ကာခံယူ
တောင်းဆုတွေပြုခဲ့ ငြိမ်းချမ်းပါစေ ...

# ခေတ်နှင့်အညီ မြန်မာ့တပ်မတော် ရှေ့သို့ချီ

❖ ပညာရေးသည်
တိုင်းပြည်ဘဏ္ဍာ၊ ရတနာဖြစ်
ခေတ်သစ်ကမ္ဘာ၊ တည်ဆောက်ရာမှာ
ပညာသည်သာ၊ အခရာတည်း။

❖ တပ်မတော်သည်
တိုင်းပြည်လူထု၊ ငြိမ်းချမ်းမှုနှင့်
ကုသိုလ်ဒါန၊ ပြုနိုင်ကြဖို့
ထေရဝါဒ၊ ဗုဒ္ဓသာသနာ
ခိုင်မာရပ်တည်၊ အစွန့်ရှည်ဖို့
ခေတ်မီဆန်းသစ်၊ နည်းစနစ်ဖြင့်
ကျောက်ဆစ်လက်ရာ၊ အံ့ဖွယ်ရာတည့်
မာရဝိဇယ၊ ဘွဲ့မည်လှနှင့်
ဗုဒ္ဓရုပ်ပွားတော်၊ ကမ္ဘာကျော်သည်
ဉာဏ်တော်အမြင့်ဆုံးပူဇော်ခဲ့။

❖ တပ်မတော်သည်၊ ပြည်သူများတွက်
စပါးနှင့်ဆန်၊ ဆီသီးနှံတွင်
ပြောင်းကြံကိုစိုက်၊ ဝါကိုစိုက်ကာ
စိုက်ရေးပျိုးရေး၊ မွေးမြူရေးကို
အားပေးကူကာ၊ နည်းပညာနှင့်
လယ်ယာဆန်းသစ်၊ စက်မှုခေတ်သို့
ထွန်းသစ်စေရည် ရှေ့သို့ချီ။

❖ သြော် . . .
နေခြည်ဝင်းပ၊ ဆန်းသစ်စမှာ
ပီသကြည်အေး၊ စစ်ချီတေးဖြင့်
အရေးသုံးပါး၊ ဦးထိပ်ထား၍
တို့များတူညီ၊ ရှေ့သို့ချီလျက်
ဦးတည်ဆောင်ရွက်၊ ခေတ်အဆက်ဆက်
လေးချက်သစ္စာ၊ မြဲမြံစွာဖြင့်
ခိုင်မာရပ်တည် တပ်မတော်သည်။
ကမ္ဘာတည်သရွေ့ ရှိနေမည်။ ။

**ဝိုင်းမောင်(မာန်အောင်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း)လဲချားမြို့နယ်၌ ဒုတိယအကြိမ်မဲစာရင်းများထုတ်ပြန်



**လဲချား နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာများရှိ သတ်မှတ်နေရာများ၌ နိုဝင်ဘာလ ၂၁ ရက်မှ ဒီဇင်ဘာလ ၄ ရက်အထိ ၁၄ ရက်ကြာ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာရာ ဒေသခံပြည်သူများစိတ်ဝင်စားစွာ လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာထားရာနေရာများသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရပ်ကွက်/ကျေးရွာအတွင်းရှိ မဲဆန္ဒရှင်များ၏ မဲစာရင်းလာရောက်ကြည့်ရှုနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ထုတ်ပြန်ထားသော မဲဆန္ဒရှင်စာရင်းများတွင် အကြောင်းအမျိုးမျိုးကြောင့် အမည်စာရင်းမပါရှိသူများအနေဖြင့် ထပ်တိုးစာရင်းပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲဆန္ဒရှင်အချက်အလက်များ ပြင်ဆင်လိုပါက ပုံစံ(၄–ဂ)ဖြင့်လည်းကောင်း၊ မဲစာရင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ပုံစံ(၄)ဖြင့် လည်းကောင်း ဖြည့်စွက်၍ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူလျှောက်ထားနိုင်ကြောင်း သိရသည်။

လဲချားမြို့နယ်၌ ရပ်ကွက်လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၁၉ စု၊ လျာထားမဲရုံ ၃၃ ရုံတို့တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဒုတိယအကြိမ်ကပ်ထားကြေညာသည့် မဲဆန္ဒရှင် ဦးရေစုစုပေါင်း ၂၆၅၀၂ ဦးရှိကြောင်း သိရသည်။

(၄၁၄)

# မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် တိကျမှန်ကန် မှားယွင်းမှုမရှိ မဲပေးနိုင်စေရေး လက်တွေ့စမ်းသပ်သရုပ်ပြ

ကဝ နိုဝင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သက္ကလမြို့ရှိ စည်ပင်သာယာဈေးရှေ့၊ အရန်မီးသတ်တပ်ဖွဲ့စခန်း၊ မြို့မစံပြရပ်ကွက် သာသနာ့ရောင်ခြည်ပရိယတ္တိစာသင်တိုက်ဓမ္မာရုံနှင့် ကန်တော်မင်္ဂလာရပ်ကွက် ကန်တော်ဦးဘုန်းကြီးကျောင်းဓမ္မာရုံတို့၌ နိုဝင်ဘာလ ၂၂ ရက် နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင်အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် တိကျမှန်ကန်မှားယွင်းမှုမရှိမဲပေးနိုင်စေရေးအတွက် လက်တွေ့စမ်းသပ်သရုပ်ပြခြင်းဆောင်ရွက်ကြကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် ကဝမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်း၊ သက္ကလမြို့အုပ်ချုပ်ရေးမှူး ဦးမင်းဝေဇံ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် တိကျမှန်ကန် မှားယွင်းမှုမရှိမဲပေးနိုင်စေရေး ရှင်းလင်းပြောကြားခြင်း၊ ရွေးကောက်ပွဲဆိုင်ဥပဒေများအား ရှင်းလင်းပြောကြားခြင်းများကိုဆောင်ရွက်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက မရှင်းလင်းသည်များကို မေးမြန်းခြင်းနှင့် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

(၄၀၁)၊ (၄၁၀)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

## အမုန်းမဲ့အပြုံး

❖ မုန်းခဲ့ဖူးသည် မနှင်းဆီ
ကိုယ်သည် တောင့်တ၊ လိုချင်လှသည့်
ဆန္ဒ တစ်ခု၊ မပြည့်မှုတွက်
သူ့ကို မာန်တင်း၊ ရန်စနှင်းကာ
ရင်တွင်းသရုပ်၊ ဟန်မလုပ်နိုင်
ပုတ်ခတ် ပြစ်တင်၊ ကိုယ့်အမြင်သာ
ထင်ဘိ အမှန်၊ သည်းမခံဘဲ
မီးလျှံတန္ထုန်း၊ တဟုန်းဟုန်းဖြင့်
မုန်းခဲ့မိဖူးပါသည် အမှန်။

❖ ရှုံးခဲ့ဖူးသည် မနှင်းဆီ
ကိုယ်သည် လွန်ကျူး၊ ပိုင်ချင်ဖူးသည်
ဆုထူးတစ်ခု၊ ရလိုမှုကြောင့်
ရေးရှုအနိုင်၊ သူ့ကိုပြိုင်သော်
အနိုင်မရ၊ အာဃာတဖြင့်
နှိမ့်ချသိမ်ဖျင်း၊ သူ့အတင်းကို
သတင်းနှယ်ဖြန့်၊ မသင်းပျံ့အောင်
မသန့်နှလုံး၊ အညံ့ဆုံးဖြင့်
ရှုံးခဲ့ရဖူးပါသည် အမှန်။

❖ ပြုံးခဲ့ဖူးသည် မနှင်းဆီ
ကိုယ်သည်ပြန်တွေး၊ အတိတ်ရေးကို
ရေးရေးသာမြင်၊ ခုခါတွင်၌
**“လိုချင် ရချင်၊ ပိုင်သချင်သည့်**
**ချိုချင် မြချင်၊ ဆိုင်လှချင်သည့်**
**ချင်ခြင်း မြောက်မြား၊ နှလုံးသားမှ”**
ဖယ်ရှား ကြံ့ခိုင်၊ ရှုံးအနိုင်တွက်
ပြိုင်ပွဲဝင်သူ၊ မဟုတ်မူသော်
စင်ဖြူနှလုံး၊ စံပယ်ကုံးနှယ်
မုန်းလည်းမမုန်း တတ်ချေပြီ။
ရှုံးလည်း မရှုံး ရပ်ပေပြီ။
ပြုံးဆဲ အပြုံး မြတ်ပေပြီ။ ။

**မြင်းမူမောင်နိုင်မိုး**

| သဇင်(FM)အသံလွှင့်အစီအစဉ် | ၂၃-၁၁-၂၀၂၅(တနင်္ဂနွေနေ့) | | |
|---|---|---|---|
| ၁။ ၀၈:၀၀ | မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ | ၃။ ၁၃:၃၀ | Music Crazy |
| | | ၄။ ၁၄:၅၅ | Sporty Zone |
| ၂။ ၁၀:၄၀ | နိုပါတ်တော်လာသိမှတ်စရာ | ၅။ ၁၈:၂၀ | Relaxing Moment |
| | | ၆။ ၂၁:၄၀ | အသံလွှင့်ဇာတ်လမ်း |

## နိပါတ်တော်လာ သိမှတ်စရာ

# စံနမူနာကောင်းပြသသူ (သောဏကဇာတ်)

ရာဇဂြိုဟ်ပြည့်ရှင် မာဂဓမင်း၏သားတော် အရိန္ဒမနှင့် ပုရောဟိတ်၏သားဖြစ်သူ သောဏက ဆိုသူ သူငယ်ချင်းနှစ်ဦးတို့သည် ပညာသင်ကြားပြီးကြ၍ တက္ကသိုလ်မှအပြန် ဒေသန္တရဗဟုသုတရစေခြင်းငှာ ခရီးလှည့်လည်ကြရင်းက ဗာရာဏသီပြည်သို့ရောက်လာကြပြီးလျှင် မင်းကြီး၏ ဥယျာဉ်တော်၌ စခန်းချညအိပ်နေကြ၏။

အရိန္ဒမသည် မင်္ဂလာကျောက်ဖျာပေါ်၌အိပ်၏။ သောဏကသည်ကား ခေါင်းမြီးခြုံလျက်အနီးတွင် ထိုင်၍နေ၏။ ထိုနေ့ကား ဗာရာဏသီမင်းကြီး နတ်ရွာစံ၍ ခုနစ်ရက်မြောက်သောနေ့ဖြစ်၏။ အမတ်များသည် နိုင်ငံကိုဆက်လက်အုပ်ချုပ်မည့်မင်းလောင်းကို ဖုဿရထားလွှတ်၍ရှာဖွေကြရာ ဥယျာဉ်တော်တံခါးဝသို့အရောက်တွင် ရပ်တန့်သွားလေ၏။

ဤတွင် သောဏကတွေးမိသည်မှာ “အရိန္ဒမအတွက် ဖုဿရထားရောက်လာပြီး မင်းဖြစ်ခဲ့လျှင် ငါ့ကိုလည်း စစ်သူကြီးရာထူးပေးပေလိမ့်မည်။ ငါသည် စည်းစိမ်ချမ်းသာကိုအလိုမရှိ။ ထို့ကြောင့် တောထွက်၍ရဟန်းပြုတော့မည်” ဟူ၍ဖြစ်၏။ ဤအတွေးကြောင့်ပင် သောဏကသည် ဥယျာဉ်တော်တစ်နေရာသို့ သွားရောက်ပုန်းအောင်းနေ၏။ ဖုဿရထားနှင့်အတူပါလာသော ပုရောဟိတ်ပုဏ္ဏားတို့သည် ဥယျာဉ်တော်အတွင်းသို့ဝင်ရောက်လာပြီးလျှင် အရိန္ဒမကို မင်းပြုရန်အလို့ငှာပင့်ခေါ်သွား၏။



သောဏကသည် မင်္ဂလာကျောက်ဖျာတွင် ထိုင်နေစဉ် အင်ကြင်းပင်မှ ရွက်ဝါတစ်ရွက်သည် ညှာတံမှပြုတ်ကြွေ၍ မြေပြင်သို့ကျလာသည်ကို မြင်လိုက်ရသဖြင့် “ဤရွက်ဝါ ကြွေသက်ရသည့်နည်းတူ ငါသည်လည်း ရင့်အို၍ ကြွေရပေဦးမည်” အစရှိသော အနိစ္စတရားတို့ဖြင့် ဝိပဿနာရှုပွားရာ ထိုခဏတွင်ပင် ပစ္စေကဗောဓိဉာဏ်ကိုရရှိသွား၏။ ယင်းနောက် ရဟန်းအသွင်ဖြင့် ပစ္စေကဗုဒ္ဓါတို့ စံပျော်ရာ နန္ဒမူလိုဏ်ဂူသို့ကြွသွားတော်မူ၏။

အရိန္ဒမမင်းသည် သောဏကကို နှစ်အတန်ကြာသည့်တိုင် သတိမရဘဲ နန်းစံသက် အနှစ်လေးဆယ်ကျော်မှ သတိရလာ၏။ ထိုအကြောင်းကို သိတော်မူသော အရှင်သောဏကပစ္စေကဗုဒ္ဓါသည်ကောင်းကင်ခရီးဖြင့် ကြွလာတော်မူလျက် အရိန္ဒမမင်း၏ ဥယျာဉ်တော်အတွင်း ဆင်းသက်တော်မူ၏။

အရိန္ဒမမင်းသည် သတင်းကြားရလျှင် သောဏကပစ္စေကဗုဒ္ဓါကို လာရောက်ဖူးတွေ့လေ၏။ ပစ္စေကဗုဒ္ဓါက ရဟန်းဘဝ၏ ချမ်းသာခြင်းရှစ်ပါးကို ဟောကြားတော်မူသော်လည်း အရိန္ဒမမင်းသည် ကာမဂုဏ်အာရုံများကို စွန့်လွှတ်နိုင်မည်မဟုတ်ကြောင်းဖြင့် ဆင်ခြေပေးလေ၏။

သောဏကပစ္စေကဗုဒ္ဓါသည် အားလျော့တော်မမူဘဲ ကာမဂုဏ်တို့၏အပြစ်ကိုပြလျက် ဆုံးမတော်မူပြီးနောက် ကောင်းကင်ခရီးဖြင့်ပြန်ကြွသွား၏။ မင်းကြီးသည် ပစ္စေကဗုဒ္ဓါ ကြွသွားတော်မူရာသို့ မျက်စိတစ်ဆုံးလှမ်းမျှော်ကြည့်၍ “ဤပုဏ္ဏားသည် မိမိထက် ဇာတ်နိမ့်သူဖြစ်ပါလျက် မိမိဦးခေါင်းထက်တွင် မြေမှုန်တို့ကိုကျစေ၍ ကောင်းကင်သို့ ပျံတက်သွားတော်မူသည်။ မိမိသည်လည်း ယနေ့ပင် တောထွက်၍ ရဟန်းပြုမှဖြစ်တော့မည်” ဟု ဆုံးဖြတ်ကာ သားတော်ကြီး ဒီဃာဝုထံ ထီးနန်းလွှဲအပ်ပြီး ဟိမဝန္တာ၌ ရသေ့ရဟန်းပြုလေ၏။

ဇာတ်ပေါင်းသော် ဒီဃာဝုမင်းသားသည် ရာဟုလာ၊ အရိန္ဒမမင်းကြီးသည် ဗုဒ္ဓဖြစ်လေ၏။ နိပါတ်တော်လာ သိမှတ်စရာအနေဖြင့် မိတ်ဆွေကောင်းတို့မည်သည် တစ်ဦးအကျိုးကို တစ်ဦးကဆောင်သည်ဖြစ်သောကြောင့် နှစ်ဦးစလုံး၌ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောကောင်းကျိုးတို့ကို ရရှိစေနိုင်လေသည်။ ။

**သုတကြွယ်**

လူငယ်များသို့ပေးစာ

# ပြုံးပြုံးကလေး အားပေးတတ်ပါစေ

သားရေ…။

ဒီတစ်ပတ်တော့ ဖေဖေကြည့်ခဲ့ဖူးတဲ့ ဉာဏ်စွမ်းရည်ပြိုင်ပွဲတစ်ခု အကြောင်းပြောပြချင်တယ်။ ယူကျုကလွှင့်တဲ့ ရုပ်သံလိုင်းတစ်ခုလို့ ဖေဖေမှတ်မိနေတယ်။ နှစ်ယောက်တစ်တွဲ တွဲပြီး အရင်ဦးသူက ဖြေရတဲ့ ပြိုင်ပွဲပေါ့သားရယ်…။

ထုံးစံအတိုင်း ပြိုင်ပွဲဝင်ကလေးတွေရဲ့မိဘတွေလည်း အားတက်သရော လာကြည့်ကြတာပေါ့။ တစ်ကြိမ်မှာတော့ ဥရောပကလေးနဲ့အာရှသားဖြစ်တဲ့အိန္ဒိယကလေးတို့ ပြိုင်ကြရတယ်။ အိန္ဒိယကောင်လေးက တကယ့်ကို ဉာဏ်ကြီးရှင်ပါပဲ။ မေးခွန်း ၁၀ ခုဖြေရာမှာ ကိုးခုမှန်တယ်။ ဥရောပကောင်လေးက လေးခုပဲဖြေလိုက်နိုင်တယ်။ မေးခွန်း ၁၀ ခု ဖြေရာမှာ လေးခုပဲမှန်တယ်ပေါ့သားရယ်။ ပြိုင်ပွဲမှာနိုင်သွားတာက အိန္ဒိယကောင်လေးပါ။

အဲဒီမှာ ကွာခြားသွားတာက မိဘတွေရဲ့တုံ့ပြန်ပုံပါပဲ။ ဥရောပကောင်လေးက လေးခုပဲဖြေလိုက်နိုင်ပေမယ့် သူ့မိဘတွေက လက်ခုပ်လက်ဝါးတီးပြီး လှိုက်လှိုက်လှဲလှဲအားပေးကြတယ်။ အိန္ဒိယမိဘတွေကတော့ ဒီလိုမဟုတ်ဘူးသားရဲ့။ သူတို့သားကို အနိုင်ရစေလိုတဲ့စိတ်အင်မတန်ကို ပြင်းပြနေကြပုံရပါတယ်။ မိဘတွေကိုကြည့်ပြီး သူတို့ကလေးခမျာ ပြုံးတောင်မပြုံးဝံ့ရှာဘူး။

မေးခွန်း ၁၀ ခုဖြေရာမှာ တစ်ခုလေးပဲမှားတာကို အလိုမကျတဲ့စိတ်၊ ဘဝင်မကျတဲ့စိတ်တွေ ပြည့်နှက်နေတယ်ဆိုတာ သူ့မိဘတွေရဲ့မျက်နှာမှာ ပေါ်လွင်နေတာကိုး။ သည်အလိုမကျတဲ့စိတ်က ဖိစီးထားတော့ အဖြေကိုးခုတောင်မှန်တဲ့သားကို လက်ခုပ်တီးပေးဖို့ သူတို့မေ့လျော့နေကြတယ်။ တချို့အဖြေတွေမှာဆိုရင် တခြားမိဘတွေက လက်ခုပ်တီးပေးရတယ်။ ဥရောပကောင်လေးရဲ့မိဘတွေကဆိုရင်လည်း အိန္ဒိယကောင်လေးကို ကျေကျေနပ်နပ် လက်ခုပ်တီးပြီးအားပေးနေကြတာ။

ရုပ်သံအနီးကပ်ပြကွက်တွေမှာ မျက်နှာသုန်မှုန်နေတဲ့ အိန္ဒိယကောင်လေးရဲ့ဖခင်ဖြစ်သူကိုတွေ့ရတယ်။ ကလေးက အဖြေလေးတစ်ခုမှားတာကို ခွင့်မလွှတ်နိုင်အောင်ဖြစ်နေတဲ့ပုံပါပဲ။ ဥရောပကောင်လေးကတော့ ရှုံးသွားပေမယ့် အဖြေမှန်လေးခုရလို့ သူ့မိဘတွေက ဂုဏ်ယူနေကြတဲ့သဘောတွေ့ရတယ်။ ကလေးကိုပြုံးပြီးကြည့်နေတဲ့ပုံရိပ်တွေက အခြားမိဘတွေကိုပါ ကြည်ကြည်နူးနူးခံစားရစေတယ်။

ပြောရရင်တော့သားရယ်…၊ ကလေးတွေရဲ့အနာဂတ်ဟာ မိဘတွေရဲ့ အပြုအမူ ပတ်ဝန်းကျင်ရဲ့စိတ်ခံစားမှုတွေနဲ့ အများကြီးသက်ဆိုင်လိမ့်မယ်လို့ ဖေဖေထင်ပါတယ်။

ဒါနဲ့ ဖေဖေလည်း မှတ်ချက်တွေကိုဝင်ဖတ်ကြည့်တော့ အများစုက အိန္ဒိယကောင်လေးရဲ့ဖခင်ကိုဝေဖန်ကြတာတွေ့ရတယ်။ ထူးထူးခြားခြား အိန္ဒိယကောင်လေးကို အားမပေးရကောင်းလားဆိုပြီး သူ့နိုင်ငံသားတချို့က ပြောကြတာမျိုးလည်းတွေ့ရတယ်။ လူမျိုးရေးခွဲခြားတာလို့တောင် ပြင်းပြင်းထန်ထန်သမုတ်ကြသေးတာလည်းရှိရဲ့။ ဒါဟာ မိမိကိုယ်ကို သိမ်ငယ်စေတဲ့စိတ်ကို မွေးမြူတာပဲလို့ ဖေဖေထင်တယ်။ ပြီးတော့ ကိုယ့်သားသမီးကို အနိုင်ရစေချင်တဲ့စိတ်များလွန်းနေတာဟာ သတိမထားလိုက်မိခင်မှာပဲ အတ္တတစ်ဖက်စွန်းကိုရောက်သွားနိုင်တာလည်း သတိပြုမိတယ်။


ဥရောပကောင်လေးရဲ့ မိဘတွေအပြုံးကိုမြင်ရတာ သိပ်ကိုအေးချမ်းပါတယ်။ ဘာပဲရရ သူတို့သားအတွက် ဂုဏ်ယူကျေနပ်နေမယ့် စိတ်နေစိတ်ထားကို ခံစားရတယ်။

သားရေ…။

ဖေဖေတို့မိဘတွေဟာ အချို့သောအကြောင်းအရာများမှာ သားသမီးတွေအပေါ်ဖိအားပေးမိတာမျိုးမဖြစ်အောင် ဆင်ခြင်သင့်ပါတယ်။ သင့်မသင့်၊ တော်မတော်ကို ညှိနှိုင်းချိန်ဆသင့်ပါတယ်။ အခြားလူတွေနဲ့၊ ပတ်ဝန်းကျင်နဲ့ နွေးထွေးတဲ့ ဆက်ဆံရေးတည်ဆောက်ဖို့ အားနည်းသွားစေနိုင်တဲ့အခြေအနေမျိုးအထိ ဖေဖေတို့တွန်းမပို့သင့်ဘူးလေ။ တချို့ကလေးတွေရဲ့ဘဝက စဉ်းစားကြည့်ရင် သိပ်သနားဖို့ကောင်းတယ်။ အိမ်ထဲကနေ အိမ်ပြင်မထွက်ရ။ နေ့နေ့ညည စာကိုပဲလုပ်။ ဆော့ကစားတာလည်းမရှိ။ ကြာလာတော့ အထီးကျန်ဆန်လာကြပြီး ထူးချွန်ထက်မြက်လာသည့်တိုင် တစ်ဖက်သားအပေါ် စာနာနားလည်ပေးနိုင်တဲ့ စိတ်နှလုံးသားကြီးမြင့်မှုမျိုး ဆုံ့အသွားစေနိုင်တယ်လေ။ လူတွေနဲ့ ဆက်ဆံမှုနည်းပါးလာတဲ့အခါ ပတ်ဝန်းကျင်မှာ တန်ဖိုးထားရမယ့်အရာတွေ၊ လူကိုလူလို ပြုမူဆက်ဆံသင့်တယ်ဆိုတဲ့အသိတွေ လျော့ကျလာစေနိုင်တယ်လေ။ လူတော်တွေများသလောက် လူကောင်းတွေရှားပါးလာတယ်ဆိုတဲ့ရလဒ်ဟာ ဒီလိုအခြေအနေမျိုးနဲ့ အများကြီးဆက်စပ်နေလိမ့်မယ်လို့ ဖေဖေအောက်မေ့မိတယ်။

လူဆိုတာ လုပ်နိုင်စွမ်းအကန့်အသတ်ကိုယ်စီနဲ့ ရှိတတ်ကြတာမျိုးပါ။ ဖေဖေတို့လူ့အဖွဲ့အစည်းမှာ ညံ့နေသည့်တိုင် ဖေးမစာနာမှုနဲ့ ပြုံးပြုံးကလေးအားပေးတတ်တဲ့ လမ်းကြောင်းမှန်တစ်ခုကို မေတ္တာတရားနဲ့ လက်တွဲညွှန်ပြတတ်တဲ့ ယဉ်ကျေးမှုတစ်ရပ်ထွန်းကားဖို့ အမှန်တကယ်လိုအပ်လှပါတယ်။

**မြန်စာဂုဏ်မြသင်း**




## သည်လောက်မှ မစွမ်းဘူးလား

တောထဲက မြက်ရိတ်ပြန်လာတဲ့ရွာသားနဲ့ နယ်လှည့်ဗေဒင်ဟောတဲ့ ပုဏ္ဏား ရွာထိပ်ကတံတားပေါ်မျက်နှာချင်းဆိုင်ဆုံကြတော့…

“ဟရေး…အာကို၊ စဥ့်ပါရွာကိုနေ့ဘ် ဘယ်လိုသွားရသလဲ”

ပုဏ္ဏားက လှတောရွာရဲ့အရှေ့မြောက်ဘက်သုံးမိုင်အကွာလောက်က စဥ့်ပါရွာကိုမသွားတတ်လို့ လမ်းမေးနေတာ။ ရွာသားကလည်း မြက်ထုံးလေးခေါင်းပေါ်ရွက်ထားရင်းနဲ့ ပြန်မေးပါတယ်။

“ကျောက်သင်ပုန်းနဲ့ ကျောက်တံမပါဘူးလား” တဲ့။

“အာ…၊ ပါပါတယ် ပါပါတယ်”

ပုဏ္ဏားက ဝမ်းသာအားရနဲ့ လွယ်အိတ်ထဲက ကျောက်သင်ပုန်းကို ကပျာကယာထုတ်တယ်။ ဈေးဦးတော့ပေါက်ပြီပေါ့။

“ကျောက်သင်ပုန်းနဲ့ ကျောက်တံပါနေတာပဲဗျာ။ စဥ့်ပါရွာ ဘယ်နားလောက်မှာရှိတယ်ဆိုတာတောင် ကိုယ့်ပညာနဲ့ကိုယ် တွက်မသွားနိုင်ဘူးလား” တဲ့။

ပုဏ္ဏားခမျာ မြက်ထုံးလေးရွက်ပြီး ကျောခိုင်းသွားရက်သူကြီးကို ပါးစပ်အဟောင်းသားငေးလို့…။

**ဖိုးစလုံး**

# ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ



ပင်းတယ နိုဝင်ဘာ ၂၂

ခနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့ မွန်းလွဲပိုင်းတွင် ပင်းတယမြို့ အခြေခံပညာအထက်တန်းကျောင်း (ကြိုသက်) ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ ဦးအာကာလင်းတို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ အ.ထ.က(ကြိုသက်)မှ ကျောင်းသား၊ ကျောင်းသူများက "အလှဆုံးပန်းများ ပွင့်ကြပြီ"တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် MRTV မှစီစဉ်ထုတ်လုပ်သည့် "ပြင်းထန်တဲ့ မြေငလျင်ဒဏ်ကို ကျော်ဖြတ်ကာ ပြန်လည်တည်ဆောက်ကြမယ့် ပိုမိုကောင်းမွန်တဲ့ အနာဂတ်"နှင့် "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" Video Clip တို့ကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မိမိအနေဖြင့်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးကော်မတီဥက္ကဋ္ဌတာဝန်များ ပေးအပ်ခံထားရသည်နှင့် အညီ နိုင်ငံတစ်ဝန်းသို့လှည့်လည်သွားရောက်ပြီး လုပ်ငန်းတာဝန်များဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲက စာတတ်ရန်၊ စာဖတ်ရန်၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရန် လမ်းညွှန်မှာကြားထားကြောင်း၊ ယနေ့လူငယ်များသည် အနာဂတ်အတွက် ခေါင်းဆောင်များဖြစ်၍ အလေးထားကြောင်း၊ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် တည်ငြိမ်အေးချမ်းမှုရှိပြီး သာယာလှပမှုကြောင့် ဘက်စုံဖွံ့ဖြိုးတိုးတက်လျက်ရှိရာ မောင်တို့မယ်တို့အနေဖြင့် ပညာကို ထူးချွန်စွာတတ်မြောက်အောင်ကြိုးစားသင်ယူကြရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အတွင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာကို ကြိုးစားသင်ယူမှုအပြင် စာကောင်းပေမွန်များကိုလည်း ဖတ်ရှုကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် MRTV DTH စလောင်းအစုံ ၅၀ နှင့် စာကြည့်တိုက်များအတွက်စာအုပ်စာစောင်များအား ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က MRTV DTH စလောင်း ၁၀ စုံကို တက်ရောက်လာသူများအား မဲဖောက်၍ ပေးအပ်ကြသည်။

ထို့ပြင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ငွေကျပ်သိန်း ၃၀ နှင့် စာကြည့်တိုက်များအတွက် စာအုပ်/စာစောင်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌက ငွေကျပ် ၄၈ သိန်းကျော်၊ ပင်းတယမြို့အနီး ရုပ်ရှင်မြို့တော်ဆောင်ရွက်လျက်ရှိသည့် Forever ကုမ္ပဏီက ငွေကျပ်၂၅ သိန်းတို့အား ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် ကာယ/ဉာဏပြိုင်ပွဲများနှင့် ခင်းကျင်းပြသထားသည့် ဓာတ်ပုံများနှင့် စာအုပ်/စာစောင်များကို လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ ပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးရုံးတို့၏ ဦးစီးဆောင်ရွက်မှုနှင့်အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့က ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌနှင့်အတူ ပင်းတယမြို့အနီးတွင် Forever ရေဝတီကုမ္ပဏီက တည်ဆောက်လျက်ရှိသည့် Studio Complex လုပ်ငန်းခွင်သို့ ရောက်ရှိရာ ကုမ္ပဏီမှတာဝန်ရှိသူများက မြေနေရာစီမံခန့်ခွဲဆောင်ရွက်မှုအခြေအနေကို သတ်မှတ်လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်နေမှု၊ လုပ်ငန်းခွင်အတွင်း လမ်းများ ဖောက်လုပ်ခင်းကျင်းမှုကို ရေမြောင်းများအပါအဝင်ဆောင်ရွက်နေမှု၊ မြေအောက်ရေရရှိရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် မြေသားကန်၊ တမံများပြုလုပ်၍ ရေစုဆောင်းနေမှု၊ သဘာဝတောကျန်သစ်ပင်များ ထိန်းသိမ်းမှုနှင့် သစ်ပင်မျိုးစုံခြောက်သိန်းကျော် ထပ်မံစိုက်ပျိုးထားရှိမှု၊ ရုပ်ရှင်လုပ်ငန်း အထောက်အကူပြုအဆောက်အအုံများအပြင် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်နေမှု၊ နေရောင်ခြည်သုံးစွမ်းအင်ရရှိရေး စီမံဆောင်ရွက်နေမှု၊ ဒေသခံများ အလုပ်အကိုင်ခန့်ထားပေးနိုင်မှုနှင့် ပရဟိတအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ရုပ်ရှင်/ဇာတ်လမ်းတွဲ ၄၆ ခု၊ ဇာတ်လမ်းတွဲအပိုင်းအားဖြင့် ၇၅၇ ပိုင်း ရိုက်ကူးထုတ်လုပ်ပြီးစီးမှု၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ဒါရိုက်တာများနှင့် သရုပ်ဆောင်များ လာရောက်လေ့လာနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရက ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိရာ ယခုကဲ့သို့ ရုပ်ရှင်ရိုက်ကူးရေးဆိုင်ရာ အခြေခံအကြောင်းအရာများ ဆောင်ရွက်ခြင်းသည်လည်း အလွန်အရေးကြီးကြောင်း၊ရုပ်ရှင်လောကအတွက် ပထမဦးဆုံး Studio Complex ပေါ်ပေါက်လာမှုနှင့်အတူ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ အမှုဆောင် ဦးအောင်လွင်နှင့် တက်ရောက်လာကြသူများက ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် Studio Complex အတွင်း လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက ရိုက်ကူးရေး အထောက်အကူပြုလုပ်ငန်းတစ်ခုဖြစ်သော ခေတ်လွန်မော်တော်ကားများစုဆောင်းနေမှုအပါအဝင် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းပြသကြသည်။

ညပိုင်းတွင်လည်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါ Studio Complex ၌ ရိုက်ကူးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုပြီး ရုပ်ရှင်အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့သည်။ မြဝတီ

---

# သုတေသနဌာနခွဲ(ပြင်ဦးလွင်)၊ ပြင်ဦးလွင်ခရိုင်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာနရုံးနှင့် အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး)တို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၂၂

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိသုတေသနဌာနခွဲ(ပြင်ဦးလွင်)၌ အထက်မြန်မာပြည်ရှိ MSME များမှထုတ်လုပ်သော စားသောက်ကုန်များ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်ရေများ၊ စားသုံးဆီများကို စမ်းသပ်စစ်ဆေးပေးနိုင်ရေး ဓာတ်ခွဲခန်းဖွင့်လှစ်ရန်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် စားသောက်ကုန်များ စမ်းသပ်စစ်ဆေးနေမှု၊ သင်တန်းများဖွင့်လှစ်နိုင်ရန် စီမံထားရှိမှု၊ ပြင်ဦးလွင်ခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနရုံး ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ သုတေသနဌာနခွဲ(ပြင်ဦးလွင်)မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက စားသောက်ကုန်များကို ပြည်သူများ ဘေးကင်းလုံခြုံစွာ စားသောက်နိုင်ရန်၊ ထုတ်ကုန်များအရည်အသွေးပြည့်ဝပြီး ဈေးကွက်ထိုးဖောက်နိုင်ရန် သုတေသနဌာနခွဲ(ပြင်ဦးလွင်) တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ MSME များမှထုတ်လုပ်သော စားသောက်ကုန်များကို ပြည်သူများ ဘေးကင်းလုံခြုံစွာစားသောက်နိုင်လျှင် ပိုမိုဝယ်ယူအသုံးပြုခြင်းဖြင့် MSME လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်၍ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ပါဝင်နေသူများ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး ဆင်းရဲနွမ်းပါးမှုကို လျော့ချနိုင်မည်ဖြစ်ကြောင်းနှင့် ဓာတ်ခွဲခန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ ပြည့်မီစေရေးအတွက် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)၌ သင်တန်းသားများနှင့်တွေ့ဆုံ၍ စက်မှုဝန်ကြီးဌာနရှိစက်မှုသင်တန်းကျောင်းများမှ တက္ကသိုလ်ဝင်တန်းတက်ရောက်ဖူးသည့် ကျောင်းသား၊ ကျောင်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး နှစ်စဉ်ဦးရေ ၆၀၀ ကျော်ခေါ်ယူ၍ စက်မှုကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးများကသင်တန်းသားများကိုအားပေးစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)မှ အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး)တွင် အသေးစားအင်ဂျင်ပြုပြင်ထိန်းသိမ်းမှုအဆင့်(၁)၊ လျှပ်စစ်သံဂဟေဆက်အဆင့်(၁)၊ ဓာတ်ငွေ့သံဂဟေဆက်အဆင့်(၁)၊ ကျွမ်းကျင်မှုစစ်ဆေးရေးအကဲဖြတ်ဌာနများဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကျွမ်းကျင်မှုစစ်ဆေးရေးအကဲဖြတ်ခြင်းလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် သင်တန်းကျောင်းရှိ ဆရာ၊ ဆရာမများအားလုံး စစ်ဆေးအကဲဖြတ်သူလက်မှတ်ရရှိအောင် ဆောင်ရွက်ထားရှိရမည့်အပြင် စစ်ဆေးရေးမှူးများဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျွမ်းကျင်မှုစစ်ဆေးရေး အကဲဖြတ်ဌာနများလည်း တိုးမြှင့်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။ မြဝတီ

# အပွင့်လိုလျှင် အပင်ကိုပျိုးရမည့် ကလေးသူငယ်များ၏အခန်းကဏ္ဍ

ဆုလတ်မေ

"The child is the father of man" ဟူသော စကားတစ်ခုရှိပေသည်။ မြန်မာစကားတွင်လည်း "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဟု သုံးနှုန်းတတ်ကြသည်။ သစ်ပင်ပန်းပင်များပင်လျှင် အပင်ငယ်စဉ်က ကောင်းမွန်သောမြေဩဇာ၊ ကောင်းမွန်သောရေလောင်းပေါင်းသင်မှုရရှိမှသာ သန်စွမ်းဖွံ့ဖြိုးသကဲ့သို့ လူတို့တွင်လည်း ငယ်စဉ်ကလေးဘဝမှစတင်ကာ ကောင်းမွန်သောလူ့အဖွဲ့အစည်းအတွင်း ပြုစုပျိုးထောင်မှုရရှိမှသာ တန်ဖိုးရှိသောလူသားအရင်းအမြစ်များဖြစ်လာမည်ဖြစ်သည်။

ကလေးဆိုသည်မှာ အသက် ၁၈ နှစ်အောက်ရှိသူဖြစ်သည်ဟု ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ထားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ သတ်မှတ်ပေးချက်အရ အသက် ၁၈ နှစ်မပြည့်သေးသောကလေးများကို စိတ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ လိင်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ မိဘကစောင့်ရှောက်မှု (သို့) အုပ်ထိန်းမှုကိုလျစ်လျူရှုလျှင်သော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း၊ နိုင်ငံရေး၊ လူမှုရေးအရသော်လည်းကောင်း အသုံးမပြုရပါ။ တစ်စုံတစ်ယောက်ကသော်လည်းကောင်း၊ အဖွဲ့အစည်းကသော်လည်းကောင်း ကလေးများကို ဖြားယောင်းသွေးဆောင်အသုံးချခဲ့လျှင် ကလေးများကာကွယ်သည့်ဥပဒေကိုချိုးဖောက်ခြင်းဖြစ်သည်ဟု United Nations Convention on the Right of the Child တွင် ပြဋ္ဌာန်းထားသည်။

**အဓိကထားတည်ဆောက်ရမည့် လူ့စွမ်းအားအရင်းအမြစ်**

"အပွင့်လိုလျှင် အပင်ကိုပျိုးရမည်" ဆိုသလိုပင် ယနေ့ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံတိုင်းတွင် လူ့စွမ်းအားအရင်းအမြစ်ကို အဓိကထားတည်ဆောက်လျက်ရှိပြီး လူ့စွမ်းအားအရင်းအမြစ်၏ အဓိကဖြစ်သော ကလေးသူငယ်များ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမှအစ ဘက်စုံကဏ္ဍစုံ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်နေရာတွင် နိုင်ငံ၏ သားကောင်းရတနာများဖြစ်သည့် ကလေးသူငယ်နှင့်လူငယ်များ၏ အခန်းကဏ္ဍကို ချန်လှပ်ထားခဲ့ခြင်းမရှိဘဲ ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ကလေးသူငယ်များ၏ အခွင့်အရေးများကိုမြှင့်တင်၊ ကာကွယ်စောင့်ရှောက်နိုင်ရန်အလို့ငှာ ၁၉၉၁ ခုနှစ်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်အတည်ပြုချုပ်ဆိုခဲ့ပြီး ကလေးသူငယ်အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကလေးသူငယ်ဥပဒေကို ၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ထို့နောက် ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးရန်နှင့် ကလေးသူငယ်အခွင့်အရေးများကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရန်ရည်ရွယ်၍ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေကို ရုပ်သိမ်းပြီး ၂၀၁၉ ခုနှစ်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

လူ့စွမ်းအားအရင်းအမြစ်၏အခြေခံသည် မွေးစမှအသက်ငါးနှစ်အထိ ရှေးဦးအရွယ်ကလေးသူငယ်များဖြစ်ပြီး ကလေးသူငယ်များဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးပေသည်။ ကလေးသူငယ်များဘဝတွင် ကောင်းမွန်သောပြုစုပျိုးထောင်မှုခံယူခဲ့ကြမှသာ ကလေးသူငယ်ဘဝနှင့် နောင်လူငယ်ဘဝတို့တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာမည်ဖြစ်သည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ စီမံခန့်ခွဲမှုဆိုင်ရာပြုပြင်ပြောင်းလဲမှု၊ ပုဂ္ဂလိကကဏ္ဍပြုပြင်ပြောင်းလဲမှုများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံထောင့်စုံမှ ကြိုးပမ်းနေကြချိန်တွင် ရှေးဦးကလေးသူငယ်များ ပြုစုစောင့်ရှောက်မှုနှင့် ဖွံ့ဖြိုးမှုကို နောက်ချန်မထားဘဲ တစ်ပြိုင်နက်လုပ်ဆောင်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ကလေးငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ မူလတန်းကြိုကျောင်းများဖွင့်လှစ်ပေးခြင်းကို ဆောင်ရွက်ပေးရုံသာမက ပညာရေးဝန်ကြီးဌာနမှ မူလတန်းအရွယ်ကလေးတိုင်း မသင်မနေရပညာရေးစနစ် ပြဋ္ဌာန်းပေးခြင်း၊ အခမဲ့ကျောင်းအပ်နှံရေး ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ကလေးငယ်များ၏ အခန်းကဏ္ဍကို ပိုမိုတိုးမြှင့်ပေးရန်အတွက် ပညာရေးသက်သက်သာမက ကိုယ်ကာယဖွံ့ဖြိုးရေးနှင့် ကိုယ်ရည်ကိုယ်သွေးတိုးတက်ရေးတို့အတွက်လည်း ဖျော်ဖြေရေးကဏ္ဍများတွင် ကလေးများအတွက် အစီအစဉ်များ အထူးတလည်ထည့်သွင်းပေးလျက်ရှိသည်။ စာပေ၊ ဂီတနှင့်ပတ်သက်သည့် ပြိုင်ပွဲများလည်းကျင်းပပေးပြီး ထူးချွန်သည့်ကလေးများကို ပြည်ပနိုင်ငံများသို့ လေ့လာရေးစေလွှတ်ခြင်း၊ ပညာသင်စေလွှတ်ခြင်းများဖြင့် လူသားအရင်းအမြစ်များကို ကောင်းမွန်သည်ထက်ကောင်းမွန်အောင် ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ အတွေးအခေါ်မှန်ကန်ပြီး မြန်မာနိုင်ငံ၏ ရေမြေသဘာဝနှင့် ယဉ်ကျေးမှုအခြေအနေများကို သဘောပေါက်နားလည်လာသူများဖြစ်လာစေရန်ရည်ရွယ်၍လည်း ကင်းထောက်လူငယ်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ပေးခဲ့သည်။

**❖ ကလေးသူငယ်များသည် နိုင်ငံအနာဂတ်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့်အတွက် ကလေးများငယ်ရွယ်စဉ်ကပင် ကျန်းမာပျော်ရွှင်စွာ လွတ်လွတ်လပ်လပ်ကြီးပြင်းလာစေရေးသည် အရေးကြီးသည်။ ကလေးသူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့်ဆက်စပ်နေသည်ဖြစ်ရာ ကလေးသူငယ်များဘဝ ကြီးပွားရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ကလေးသူငယ်အခွင့်အရေးများကို အလေးထားကာ အစဉ်တစိုက် မြှင့်တင်ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ် . . .**

ထိုမျှမက အသက်မပြည့်ဘဲ အလုပ်လုပ်ကိုင်နေကြရသော ကလေးများ၏အခြေအနေများနှင့် ဝေးလံခေါင်းပါးသည့် ကျေးလက်ဒေသများတွင် နေထိုင်နေကြရသော ကလေးလုပ်သားများ၏ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ အပြည့်အဝမရရှိခြင်း၊ မြေယာလက်ဝယ်ကင်းမဲ့ခြင်း၊ ရွှေ့ပြောင်းအခြေချနေထိုင်ရခြင်း၊ လက်နက်ကိုင်ပဋိပက္ခများရှိနေခြင်း စသည့်ဆင်းရဲမွဲတေမှုသံသရာကို ရှည်လျားစေသည့် အကျိုးသက်ရောက်မှုများကိုလည်း လျော့ကျလာစေရန် ဆောင်ရွက်လျက်ရှိသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လို**

စစ်တမ်းများအရ စီးပွားရေးနိမ့်ကျမှုသာမက ရှေးရိုးစွဲလူမှုရေးအမြင်များနှင့် ကျား၊ မ အယူအဆများကလည်း ကလေးသူငယ်များကို လုပ်ငန်းခွင်သို့ အချိန်မတိုင်မီ တွန်းပို့လျက်ရှိသည်။ ဒေသတွင်း ကလေးလုပ်သားအရေအတွက် လျော့ချသွားနိုင်ရန်နှင့် အကာအကွယ်ပေးနိုင်ရေးအတွက် လူထုအတွင်း ပညာရေးဆိုင်ရာ စွမ်းရည်ပံ့ပိုးမှုအစီအစဉ်များ မြှင့်တင်ခြင်းနှင့် လုပ်ငန်းခွင်လုံခြုံရေးများ တိုးမြှင့်ဆောင်ရွက်ခြင်းဆိုင်ရာ အစီအမံများကိုလည်း အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများက ပူးပေါင်းကာ ပံ့ပိုးဆောင်ရွက်နေလျက်ရှိသည်။ ကလေးသူငယ်များဆိုင်ရာအချက်အလက်များကို တိကျမှန်ကန်စွာ မှတ်တမ်းတင်ထုတ်ဖော်ခြင်းဖြင့် ကလေးများအတွက် တိုက်တွန်းလှုံ့ဆော်ခြင်း၊ စွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာ ပံ့ပိုးမှုများ ဖြည့်ဆည်းပေးခြင်း၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆင်းရဲမှုလျော့ချရေးအစီအစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိပြီး မိသားစုတစ်စုချင်းအလိုက် ဆင်းရဲမှုလျော့ကျလာသည်နှင့်အမျှ ကလေးငယ်များ၏ ပညာသင်ယူခွင့်နှင့် ကလေးသူငယ်အခွင့်အရေးများ အပြည့်အဝရရှိလာမည်ဖြစ်သည်။

**ကလေးများသည် နိုင်ငံ့ရတနာများဖြစ်ကြရာ ကလေးသူငယ်များ၏ မွေးရာပါအခွင့်အရေးများကို နိုင်ငံများမှ မြှင့်တင်၊ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်တွင် ကုလသမဂ္ဂကကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of the Child–CRC) ကို အတည်ပြုချမှတ်ခဲ့ပြီး ယင်းနေ့ကို ကမ္ဘာ့ကလေးများနေ့အဖြစ် သတ်မှတ်ခဲ့ရာ ယခုနှစ်ဆိုလျှင် ၃၆ နှစ် ပြည့် မြောက်ခဲ့ပြီဖြစ်သည်။**

ယနေ့ခေတ်တွင် ရှင်သန်ကြီးပြင်းလာရသော ကလေးသူငယ်များသည် အိမ်မှစာသင်ခန်း၊ စာသင်ခန်းမှအိမ်သို့သာ လှုပ်ရှားသွားလာမှုများပြားပြီး ပတ်ဝန်းကျင်နှင့် ထိတွေ့ဆက်စပ်မှုနည်းပါးနေသည်ကိုတွေ့ရသည်။ အွန်လိုင်းဂိမ်း၊ ဗီဒီယိုဂိမ်းကဲ့သို့သော နည်းပညာဆိုင်ရာကစားနည်းများကလည်း ကလေးသူငယ်များကို လူမှုပေါင်းသင်းဆက်ဆံမှု နည်းပါးလာစေသည်ကိုတွေ့ရသည်။ ထို့ကြောင့် ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်မည့် ဗဟုသုတများနှင့် ကြံ့ခိုင်သော စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ ပြည့်ဝလာစေရန် ကျောင်းပညာရေးသာမက လူမှုရေးကဏ္ဍများတွင်လည်း ပါဝင်လှုပ်ရှားဆောင်ရွက်ပြီး ဘက်စုံထူးချွန်သော နိုင်ငံ့သားကောင်းများဖြစ်လာစေရန် နိုင်ငံတော်၏ပံ့ပိုးကူညီမှုများသာမက မိဘနှင့်ဆရာများပါပူးပေါင်းပြီး ဆောင်ရွက်သွားရမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ ကလေးသူငယ်များသည် ဆင်းရဲမွဲတေခြင်း၊ ပဋိပက္ခများကြုံတွေ့ရခြင်း၊ ပညာသင်ကြားခွင့်မရရှိခြင်းနှင့် ခွဲခြားဆက်ဆံခြင်းကဲ့သို့သော အခက်အခဲများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများ၊ လိင်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုများ လျော့နည်းပပျောက်စေရေး ကြိုးပမ်းအားထုတ်ရာတွင် အစိုးရအဖွဲ့အစည်းတစ်ခုတည်း ဆောင်ရွက်၍ ရနိုင်မည်မဟုတ်ဘဲ အရပ်ဘက်အဖွဲ့အစည်းများ၊ မိဘနှင့် ပြည်သူလူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ရန် လိုအပ်သည်။

အချုပ်အားဖြင့်ဆိုသော် ကလေးသူငယ်များသည် နိုင်ငံအနာဂတ်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်သည့်အတွက် ကလေးများငယ်ရွယ်စဉ်ကပင် ကျန်းမာပျော်ရွှင်စွာ လွတ်လွတ်လပ်လပ်ကြီးပြင်းလာစေရေးသည် အရေးကြီးသည်။ ကလေးသူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့်ဆက်စပ်နေသည်ဖြစ်ရာ ကလေးသူငယ်များဘဝ ကြီးပွားရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ကလေးသူငယ်အခွင့်အရေးများကို အလေးထားကာ အစဉ်တစိုက်မြှင့်တင်ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်သည်။ ကလေးသူငယ်များ၏အခြေခံအခွင့်အရေးများဖြစ်သော အသက်ရှင်သန်ရေး၊ ဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေး၊ လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး စသည့်အခွင့်အရေးများကို ကလေးများအားလုံး တန်းတူညီမျှရရှိခံစားနိုင်ရန်နှင့် အနာဂတ်ဘဝ သာယာလှပစေရန်အတွက် ကလေးများ၏အသံကို နားထောင်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ။


**MWD Variety Channel** ၂၃-၁၁-၂၀၂၅(တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၀ | မှတ်သားလေ့လာအိမ်တွင်းမှုပညာ |
| ၂။ | ၁၀:၃၀ | ရောင်စုံပျံ့သင်းစာပန်းခင်း |
| ၃။ | ၁၁:၃၅ | လောကကိုအလှဆင် ပန်းတို့ဥယျာဉ် |
| ၄။ | ၁၄:၂၀ | တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၅။ | ၁၆:၂၀ | သုတေသနမှသည်. . . သမိုင်းမှတ်တိုင်ဆီသို့ |
| ၆။ | ၁၇:၄၅ | ရွှေသွေးတို့ပျော်စရာ ပုံပြင်ကမ္ဘာ |

**MWD Education, Knowledge & Sports Channel** ၂၃-၁၁-၂၀၂၅(တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၈:၀၀ - ၀၉:၄၅ | Grade – 11 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ |
| ၂။ | ၁၂:၀၀ - ၁၄:၁၀ | Grade – 11 | ဓာတုဗေဒ၊ ရူပဗေဒ |
| ၃။ | ၁၆:၀၀ - ၁၈:၃၀ | Grade – 11 | ဇီဝဗေဒ၊ ပထဝီဝင် |
| ၄။ | ၁၈:၃၀ - ၂၀:၀၀ | Grade – 11 | သမိုင်း၊ ဘောဂဗေဒ |

# အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့်ဆက်စပ်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တက်ရောက်

ရန်ကုန် နိုဝင်ဘာ ၂၂

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် နိုဝင်ဘာလ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပသော အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ (၂၂)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးနှင့်ဆက်စပ်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့်ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ကော်မရှင်ရုံးညွှန်ကြားရေးမှူး ဦးဇေယျာလင်းတို့ ပါဝင်တက်ရောက်ခဲ့သည်။




ဖိုရမ်၏ ဆက်စပ်ဆွေးနွေးပွဲကို နိုဝင်ဘာလ ၁၈ ရက်တွင် "ဒစ်ဂျစ်တယ်နယ်ပယ်နှင့် စပ်လျဉ်းသည့် လူ့အခွင့်အရေးဆိုင်ရာ ဒေသတွင်းညီလာခံ" ခေါင်းစဉ်ဖြင့်ကျင်းပရာ ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေး ကော်မရှင်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းများ တက်ရောက်ကြပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက "ဉာဏ်ရည်တုနှင့် အချက်အလက်များ ကာကွယ်ရေးအပါအဝင် နည်းပညာကုမ္ပဏီများ၏ ဆောင်ရွက်ချက်များတွင် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်အခြေခံမူများကို လက်တွေ့အသုံးချခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားသည်။

ဖိုရမ်၏ နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာလ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျင်းပရာ ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်းနှင့်တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင်များမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားတွင် အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ၂၀၂၅ ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ Ms. Anis Hidayah က အဖွင့်အမှာစကားပြောကြားသည်။

အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် (၂၁)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး နောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးကော်မရှင်များ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများ၊ အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ မဟာဗျူဟာစီမံကိန်း(၂၀၂၂-၂၀၂၆)ပါ ဦးစားပေးကိစ္စရပ်ငါးရပ်အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ ဦးစားပေးကိစ္စရပ်တစ်ခုစီအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဓိကတာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဖိုရမ်၏ Rule of Procedures (RoP) ပြင်ဆင်ရေးနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ ဖိုရမ်၏ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် မီဒီယာဆက်သွယ်ရေးလမ်းညွှန်ချက်များနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဖိုရမ်၏ နှစ်ပတ်လည်အစည်းအဝေးတွင် ကော်မရှင်အဖွဲ့ဝင်က ဖိုရမ်၏(၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် တိုးတက်ဖြစ်ထွန်းမှုများကိုဆွေးနွေးပြီး ကော်မရှင်ရုံးညွှန်ကြားရေးမှူးက ဖိုရမ်၏မဟာဗျူဟာစီမံကိန်း(၂၀၂၂-၂၀၂၆)ပါ ဦးစားပေးကိစ္စရပ်အမှတ်(၂)ဖြစ်သည့် "စီးပွားရေးလုပ်ငန်းများတွင်လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ကာကွယ်ရေး" ကိစ္စရပ်နှင့်စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဆွေးနွေးသည်။

ဖိုရမ်၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးအပြီးတွင် ၂၀၂၆ ခုနှစ်အတွက် ဖိုရမ်၏အလှည့်ကျဥက္ကဋ္ဌတာဝန်ကို အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က မလေးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံသို့ လွှဲပြောင်းပေးအပ်သည်။

မြဝတီ

# အိန္ဒိယနိုင်ငံ ဘိုပါးမြို့ရှိ အမျိုးသားတရားစီရင်ရေးအကယ်ဒမီတွင် မြန်မာတရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် သတ္တမအကြိမ် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းတက်ရောက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သင်တန်းသား ၄၀ ဦးထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၂၂

အိန္ဒိယနိုင်ငံ မတ်ဒရာပရာဒက်ရှ် ပြည်နယ် ဘိုပါးမြို့ရှိ အမျိုးသားတရားစီရင်ရေးအကယ်ဒမီ (National Judicial Academy–NJA) တွင် နိုဝင်ဘာလ ၂၄ ရက်မှ ၂၈ ရက်အထိဖွင့်လှစ်မည့် မြန်မာတရားသူကြီးများနှင့်တရားရေးအရာရှိများအတွက် သတ္တမအကြိမ် စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းတက်ရောက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှသင်တန်းသား ၄၀ ဦးသည် ယနေ့တွင် ရန်ကုန်မြို့မှအိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့်ထွက်ခွာကြသည်။

အဆိုပါသင်တန်းသည် ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ အမျိုးသားတရားစီရင်ရေး အကယ်ဒမီတို့အကြားလက်မှတ်ရေးထိုးထားသည့် မြန်မာတရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် အိန္ဒိယနိုင်ငံတွင်သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းသို့ဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏တရားစီရင်ရေးစနစ်များကို ယှဉ်တွဲလေ့လာခွင့်ရပြီး နှစ်နိုင်ငံအကြား တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းခိုင်မာလာစေရန် အထောက်အကူဖြစ်စေသည့်အပြင် မြန်မာတရားသူကြီးများနှင့်တရားရေးအရာရှိများ၏ စွမ်းရည်မြှင့်တင်မှုအတွက်လည်း အထောက်အကူဖြစ်စေမည်ဖြစ်သည်။

သင်တန်းတွင် အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်နှင့် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု၊ တရားရုံးနှင့် မှုခင်းစီမံခန့်ခွဲမှု၊ သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန် ကာကွယ်ရေးဆိုင်ရာတရားစီရင်ရေး၊ တရားစီရင်ရေးနှင့်သတင်းမီဒီယာ၊ သက်သေခံဥပဒေ၊ မှုခင်းဆေးပညာသက်သေခံချက်၊ အငြင်းပွားမှုများအား အခြားနည်းဖြင့် ဖြေရှင်းခြင်း၊ ကျား/မတန်းတူညီမျှသော လူ့အဖွဲ့အစည်း အစရှိသည့်အကြောင်းအရာများအား အိန္ဒိယနိုင်ငံမှတရားသူကြီးများ၊ တက္ကသိုလ်ပါမောက္ခများနှင့် ဥပဒေပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များက သင်တန်းသားများနှင့် အတွေ့အကြုံများ အပြန်အလှန်လဲလှယ်၍ ဆွေးနွေးပို့ချကြမည်ဖြစ်သည်။ ထို့ပြင် သင်တန်း၏ တစ်စိတ်တစ်ဒေသအဖြစ် ဘိုပါးမြို့ရှိ တရားရုံးများနှင့် ထင်ရှားသောနေရာများသို့ သင်တန်းသားများက သွားရောက်လေ့လာခွင့်လည်းရရှိကြမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တရားရုံးများမှ ခရိုင်အဆင့်တရားသူကြီးများ၊ မြို့နယ်အဆင့်တရားသူကြီးများနှင့် တရားရေးအရာရှိများ စုစုပေါင်း ၄၀ ဦး တက်ရောက်ကြမည်ဖြစ်သည်။

မြဝတီ

# သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ဆဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၂

သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ဆဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်ပါမောက္ခချုပ်က ယနေ့ (၂၁) ရာစု မျက်မှောက်ခေတ်ကာလသည် Globalization ခေတ်၊ Information Technology (IT)ခေတ်၊ Artificital Intellenge(AI)ခေတ် ဖြစ်သည်နှင့်အညီ သိပ္ပံပညာရပ်များ၊ ဝိဇ္ဇာပညာရပ်များ၊ အတွေးအခေါ်အယူအဆနှင့် ဖြစ်စဉ်ဖြစ်ရပ်များက လျင်မြန်သောအရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲဖြစ်ထွန်းလျက်ရှိကြောင်း၊ အစဉ်သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း (Learning Society)တွင် မိမိကိုယ်တိုင် အစဉ်လေ့လာသင်ယူမှုကို မြတ်နိုးတန်ဖိုးထားသူ(Love for Learning)၊ အစဉ်လေ့လာသင်ယူနေသူ (Life Long Learner) ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ဘွဲ့ယူမောင်/မယ်များကို တိုက်တွန်းပြောကြားသည်။

ထို့နောက် ပါမောက္ခချုပ်က ပါရဂူ(IT)ဘွဲ့၊ မဟာကွန်ပျူတာသိပ္ပံဘွဲ့၊ ကွန်ပျူတာသိပ္ပံဘွဲ့၊ ကွန်ပျူတာနည်းပညာဘွဲ့ရရှိသူတို့ကို သက်ဆိုင်ရာအထူးပြုဘာသာရပ်အလိုက် ဘွဲ့များချီးမြှင့်ပေးအပ်သည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပထမအကြိမ် ဘွဲ့နှင်းသဘင်မှစ၍ ဘွဲ့လွန်၊ ဘွဲ့ကြိုများကို အထူးပြုဘာသာရပ်အလိုက် ဘွဲ့များပေးအပ်ခဲ့ရာ ယနေ့အထိ ၉၂၃ ဦးကို သင်ကြားမွေးထုတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဘွဲ့ရရှိပြီးသော ကျောင်းသား၊ ကျောင်းသူများအားလုံးနီးပါး အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိသဖြင့် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်သည် ပြည်တွင်းတက္ကသိုလ်များထဲတွင် ဆယ်စုနှစ်ကာလတစ်ခုအတွင်း ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများအကြား ရေပန်းစားသော ထိပ်တန်းအိုင်တီတက္ကသိုလ်တစ်ခုဖြစ်ကြောင်း သိရသည်။




မြဝတီ

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) (၃၁)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၂

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) တို့မှ ၁၃၈၄-၁၃၈၅ ပညာသင်နှစ်တွင် သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့ M.A ၂၄ ပါးနှင့် သာသနတက္ကသီလဓမ္မာစရိယဘွဲ့ B.A ၁၁၉ ပါး စုစုပေါင်း သံဃာတော်အရှင်သူမြတ် ၁၄၃ ပါးတို့ကို ဘွဲ့ဆက်ကပ်မည့် (၃၁)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၈၇ ခုနှစ် နတ်တော်လပြည့်နေ့၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပမည်ဖြစ်ရာ ဘွဲ့ခံယူတော်မူမည့် သံဃာတော်အရှင်မြတ်များထံသို့ ပင့်လျှောက်လွှာများကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)မော်ကွန်းထိန်းဌာနနှင့် ပြည်တွင်းသာသနာပြုဌာနခွဲတို့မှတစ်ဆင့် ပေးပို့ဆက်ကပ်ထားပြီးဖြစ်သည်။

ပင့်လျှောက်လွှာလက်ခံရရှိခြင်းမရှိပါကလည်း ဘွဲ့နှင်းသဘင်ခန်းမသို့ ဒီဇင်ဘာလ ၃ ရက်မွန်းလွဲ ၁ နာရီအရောက် အချိန်မီကြွရောက်တော်မူပါရန် ဘွဲ့ခံသံဃာတော်များအား သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက နှိုးဆော်ပင့်လျှောက်ထားပါကြောင်းနှင့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြတ်စွာဘုရားတစ်ဆူအပါအဝင် ပင့်သံဃာတော် ၁၀၄ ပါး၊ ဘွဲ့ခံသံဃာတော် ၁၄၃ ပါး စုစုပေါင်း ၂၄၈ ပါးတို့ကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်ပါ၍ ဆွမ်းဆန်စိမ်းလောင်းလှူလိုသော ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် တစ်ဦးချင်း ပုဂ္ဂလိကအလှူရှင်များအနေဖြင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဌာနခွဲ ဖုန်း ၀၉-၄၂၃၉၉၇၈၅၁၊ ၀၉-၂၅၉၆၂၈၁၆၄၊ ၀၉-၂၅၅၉၅၃၁၇၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သိရသည်။

မြဝတီ

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအတွက် (ဒုတိယအကြိမ်) ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၂

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ကျောင်းသား၊ ကျောင်းသူများအား (ဒုတိယအကြိမ်) ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့်ကျောင်းသား၊ ကျောင်းသူများအတွက်ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများနှင့်မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်စဉ်။

# အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၂

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပစာရပ် ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး အတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းပေးစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ရေမြောင်းများတွင် ရေစီးရေလာကောင်းမွန်စေရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်အပါအဝင် မြို့နယ် ၁၅ မြို့နယ်၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့်ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ မော်ဘီမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့်ရခိုင်ပြည်နယ်၊ စစ်တွေမြို့တို့ရှိ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ပြည်သူ့ဆေးရုံများနှင့်ပန်းခြံတို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ကျင်းပသည့် မဲခေါင်မြစ်ဝှမ်းဒေသတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး စီမံကိန်း၏ (၆)ကြိမ်မြောက်ဝန်ကြီးအဆင့်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ပြီး ပြန်လည်ရောက်ရှိ




**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ကျင်းပသည့် မဲခေါင်မြစ်ဝှမ်းဒေသတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း၏ (၆)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ရန် နိုဝင်ဘာလ ၁၈ ရက်မှ ၂၁ ရက်အထိ ဗီယက်နမ်နိုင်ငံသို့ သွားရောက်ပြီး ယမန်နေ့ညနေပိုင်းက လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ခရီးစဉ်အတွင်း နိုဝင်ဘာလ ၁၉ ရက်တွင် ပြည်ထောင်စုဝန်ကြီးပါဝင်သော မဲခေါင်ဒေသတွင်းနိုင်ငံများ၏ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Bui Thanh Son နှင့် တွေ့ဆုံခဲ့ကြသည်။ ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မဲခေါင်ဒေသတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း၏ (၆)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေး၏ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

(၆)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးတွင် မဲခေါင်ဒေသတွင်းနိုင်ငံများ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်နစ်နာသူအားအကာအကွယ်ပေးရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာများနှင့် ကြိုးပမ်းဆောင်ရွက်မှုများ၊ နည်းပညာကိုတလွဲအသုံးပြု၍ကျူးလွန်သော လူကုန်ကူးမှုများအား စုံစမ်းဖော်ထုတ်ရေးနှင့်ဒေသတွင်းယန္တရားများအကြား ပူးပေါင်းဆောင်ရွက်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ မဲခေါင်ဒေသတွင်းနိုင်ငံများအကြား ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြပြီး လူကုန်ကူးမှုပူးပေါင်းတိုက် ဖျက် ရေးစီမံကိန်း၏ (၅) ကြိမ်မြောက် ဒေသခွဲလုပ်ငန်းစီမံချက် (Sub–Regional Plan of Action 2025–2035) နှင့် အစည်းအဝေး၏ပူးတွဲကြေညာချက်ကိုလည်း ထုတ်ပြန်ခဲ့သည်။

ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Snr. Lt. Gen. Nguyen Van Long ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံကာ နှစ်နိုင်ငံဝန်ကြီးဌာနနှစ်ခုအကြား လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးများနှင့်ယန္တရားများကို ပြန်လည်ကျင်းပပြုလုပ်နိုင်ရေး၊ လူကုန်ကူးမှုအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Liu Zhong Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဆက်လက်တွေ့ဆုံခဲ့ပြီး အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များကို ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။ ညပိုင်းတွင် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Snr. Lt. Gen. Nguyen Van Long က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

နိုဝင်ဘာလ ၂၀ ရက်တွင်ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် အစည်းအဝေးသို့တက်ရောက်လာသည့် မဲခေါင်ဒေသတွင်းအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ဗီယက်နမ်နိုင်ငံ Ninh Binh ပြည်နယ်ရှိ Trang An ယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့် Bai Dinh ဘုရားကျောင်းသို့ သွားရောက်လေ့လာခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ မဲခေါင်ဒေသတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း၏ (၆)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေး(IMM6)သို့ တက်ရောက်ခဲ့သည့်ခရီးစဉ်အတွင်း မဲခေါင်ဒေသတွင်းနိုင်ငံများအကြား လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ–ဗီယက်နမ်၊ မြန်မာ–တရုတ် နှစ်နိုင်ငံဝန်ကြီးဌာနနှစ်ခုအကြား လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း (၂၂) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း (၂၂)ကြိမ်မြောက်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ UMFCC Office Tower ရှိ မင်္ဂလာခန်းမ၌ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းကြီးမှ ဆေးနှင့်ဆေးပစ္စည်းများ တင်သွင်းရန်လိုအပ်သည့် ထောက်ခံစာများအတွက်လည်း သေချာစွာစိစစ်၍ အချိန်ကြန့်ကြာမှုမရှိစေဘဲ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူလူထုအတွက် အမှန်တကယ်လိုအပ်ပြီး အကျိုးရှိသည့် ဆေးနှင့်ဆေးပစ္စည်းများကိုသာ တင်သွင်းရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းအနေဖြင့် ဆေးနှင့်ဆေးပစ္စည်းတင်သွင်း၊ ဖြန့်ချိ ရောင်းချသည့် ကုန်သွယ်ရေးလုပ်ငန်းမှသည် ကုန်ချောထုတ်လုပ်သည့်ဆေးဝါးစက်ရုံများကိုလည်း ပြည်တွင်းတွင်တည်ထောင်၍ ပြည်ပမှ အရည်အသွေးပြည့်မီသည့်ဆေးဝါးကုန်ကြမ်းများကို တင်သွင်းကာ ပြည်တွင်းဈေးကွက်တွင် ထုတ်လုပ်ဖြန့်ချိရုံသာမက နိုင်ငံခြားသို့ပြန်လည်တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့်လည်း ဆေးဝါးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီစိစစ်ပြီး ခွင့်ပြုပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့မှ ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ စုံညီစွာတက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

**၂၂-၁၁-၂၀၂၅ ရက်နေ့**
**စာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၇၀,၀၀၀) ကျပ်**ဖြစ်သည်။

**စာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# နေပြည်တော်-မန္တလေးရထားလမ်းပိုင်းတွင် ဘက်ထရီလျှပ်စစ်စက်ခေါင်းအသုံးပြုပြီး လေအေးပေးစက်ပါလေအိတ်ရထားတွဲဆိုင်းဖြင့် စတင်ပြေးဆွဲခြင်းအခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၂

နေပြည်တော်-မန္တလေး ရထားလမ်းပိုင်းတွင် ဘက်ထရီလျှပ်စစ်စက်ခေါင်းအသုံးပြုပြီး လေအေးပေးစက်ပါ လေအိတ်ရထားတွဲဆိုင်းဖြင့် စတင်ပြေးဆွဲခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဘူတာကြီး အမှတ်(၁)စင်္ကြံ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ ဧည့်သည်တော်များနှင့် ဒေသခံမိဘပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက နေပြည်တော်-မန္တလေးရထားလမ်းပိုင်းတွင် ဘက်ထရီလျှပ်စစ်စက်ခေါင်းအသုံးပြု၍ လေအေးပေးစက်ပါ လေအိတ်ရထားတွဲဆိုင်းများဖြင့် စတင်ပြေးဆွဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးက ပြည်ထောင်စုဝန်ကြီးအား အမှတ်တရလက်ဆောင်ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဘက်ထရီလျှပ်စစ်စက်ခေါင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အခမ်းအနားသို့ တက်ရောက်ဖျော်ဖြေပေးကြသည့် ကျောင်းသား၊ ကျောင်းသူများ ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအကအဖွဲ့၊ ရှမ်းအိုးစည်အကအဖွဲ့နှင့် ဒိုးပတ်ဝိုင်းအဖွဲ့တို့ကို ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်ပြီး အမှတ်(၂၇)အဆန် နေပြည်တော်-မန္တလေးရထားဖြင့် စီးနင်းလိုက်ပါကြမည့် ခရီးသွားပြည်သူများကို လိုက်လံနှုတ်ဆက်၍ အမှတ်တရလက်ဆောင်များပေးအပ်ပြီး အဆိုပါရထားဖြင့် လိုက်ပါစီးနင်းကြသည်။

အလားတူ မန္တလေးဘူတာကြီး စင်္ကြံအမှတ်(၁)တွင် အမှတ်(၂၈) အစုန် မန္တလေး-နေပြည်တော် ဘက်ထရီလျှပ်စစ်စက်ခေါင်းအသုံးပြု၍ လေအေးပေးစက်ပါ လေအိတ်ရထားတွဲဆိုင်းဖြင့် စတင်ပြေးဆွဲခြင်းအခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာ့မီးရထားမှတာဝန်ရှိသူများ၊ ဧည့်သည်တော်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဘက်ထရီလျှပ်စစ်စက်ခေါင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများပက်ဖျန်းပေး၍ မန္တလေးမှ နေပြည်တော်သို့ ရထားစီးနင်းလိုက်ပါလာကြမည့် ခရီးသည်များကို လိုက်လံနှုတ်ဆက်ကာ အမှတ်တရလက်ဆောင်များပေးအပ်ကြသည်။ အဆိုပါ အမှတ်(၂၈) အစုန်ရထားသည် ခရီးဆုံး နေပြည်တော်ဘူတာသို့ ယနေ့နံနက် ၁၁ နာရီတွင် ဆိုက်ရောက်ခဲ့ရာ ရထားပေါ်စီးနင်းလိုက်ပါလာကြသည့်ခရီးသည်များကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာကြိုဆိုနှုတ်ဆက်ကြသည်။

အမှတ်(၂၇)အဆန်/(၂၈)အစုန်ဘက်ထရီလျှပ်စစ်စက်ခေါင်းသုံး ခေတ်မီလေအေးပေးစက်ပါ ရထားတွဲဆိုင်းတွင် ရိုးရိုးတန်း ၂ တွဲ၊ လေအေးပေးစက်ပါ အထက်တန်း ၂ တွဲ၊ ဘရိတ်တွဲ ၁ တွဲ စုစုပေါင်း တွဲ ၅ တွဲဖြင့် ခရီးသည် ၂၃၈ ဦး လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး အမှတ်(၂၈)အစုန် ရထားသည် မန္တလေးမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ နေပြည်တော်သို့ ၁၁ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ အမှတ်(၂၇)အဆန်ရထားသည် နေပြည်တော်မှ မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာပြီး မန္တလေးသို့ ညနေ ၅ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ မန္တလေးမှရန်ကုန်သို့ ဆက်လက်စီးနင်းလိုက်ပါလိုသည့် ခရီးသည်များအနေဖြင့် နေပြည်တော်-ရန်ကုန်အကြား ပြေးဆွဲပေးနေသော နေပြည်တော်မှ မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာသည့် (၈)အစုန် ခေတ်မီ DEMU ရထားတွဲဆိုင်းများဖြင့်လည်းကောင်း၊ ရန်ကုန်မှ နံနက် ၆ နာရီတွင် ထွက်ခွာလာသည့် အမှတ်(၃၁) အဆန် DEMU ရထားတွဲဆိုင်းဖြင့် လိုက်ပါလာသည့်ခရီးသည်များအနေဖြင့် မန္တလေးသို့ အမှတ်(၂၇)အဆန်ရထားဖြင့်လည်းကောင်း တွဲကူးပြောင်း၍ ဆက်လက်စီးနင်းလိုက်ပါနိုင်ကြောင်း သိရသည်။

အမှတ်(၂၇)အဆန်/(၂၈)အစုန်ရထား၏ မန္တလေး-နေပြည်တော်အကြား ခရီးသွားလက်မှတ်ခအနေဖြင့် တစ်ဦးလျှင် ရိုးရိုးတန်းမှာ ငွေကျပ် ၁၅၀၀၀ နှင့် လေအေးပေးစက်ပါ အထက်တန်းမှာ ငွေကျပ် ၂၀၀၀၀ နှုန်း သတ်မှတ်ထားကြောင်းနှင့် နေပြည်တော်-ရန်ကုန်အကြား အမှတ်(၇)အဆန်/ (၈) အစုန်နှင့် အမှတ်(၃၁)အဆန်/(၃၂)အစုန် DEMU ရထားများ၏ ခရီးသွားလက်မှတ်ခ အနေဖြင့်တစ်ဦးလျှင် ပထမတန်းမှာငွေကျပ် ၁၉၀၀၀ နှင့် အထက်တန်းမှာ ငွေကျပ် ၂၈၀၀၀ ဖြစ်ကြောင်း၊ ခရီးသည်များအနေဖြင့် ရန်ကုန်-မန္တလေးနှင့် မန္တလေး-ရန်ကုန် ခရီးစဉ်အစအဆုံး လက်မှတ်ဝယ်ယူနိုင်ပြီး ပထမတန်း/ ရိုးရိုးတန်းမှာငွေကျပ် ၃၄၀၀၀ နှင့် အထက်တန်းမှာ ငွေကျပ် ၄၈၀၀၀ ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုအရ မြန်မာ့မီးရထားက လက်ရှိမြင်းကောင်ရေ ၁၃၀၀ အား ဒီဇယ်လျှပ်စစ်စက်ခေါင်း ၆ ခေါင်းကို ဘက်ထရီလျှပ်စစ်စက်ခေါင်း (Battery Electric Locomotive – BEL) အဖြစ် ပြောင်းလဲတည်ဆောက်ရန် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရေးပေါ်ရန်ပုံငွေမှ သုံးစွဲခွင့်ရရှိခဲ့ပြီး စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ နေပြည်တော်တွင် ပြောင်းလဲတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထပ်မံ၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင်လည်း မြင်းကောင်ရေ ၁၃၀၀ အား ဒီဇယ်လျှပ်စစ်စက်ခေါင်း ၆ ခေါင်းကို အလားတူ ဘက်ထရီလျှပ်စစ်စက်ခေါင်း – BEL အဖြစ် ပြောင်းလဲတည်ဆောက်ရန် ဆက်လက်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ဆက်လက်ကျင်းပ၊ ကျောက်စိမ်းအတွဲပေါင်း ၇၁၆ တွဲရောင်းချရ





နေပြည်တော် နိုဝင်ဘာ ၂၂

၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် အုပ်စု(အေနှင့်ဘီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၁၀၀၀ အနက် ကျောက်စိမ်းအတွဲပေါင်း ၇၁၆ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ထို့ပြင် ပြပွဲသတ္တမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲအမှတ် (၂၀၀၁) မှ (၂၉၀၀) အထိကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းပေးသွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။ အဆိုပါဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ယနေ့ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးပြီး ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာလ ၂၃ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာလ ၁၇ ရက်မှ ၂၆ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲအတွင်း ပုလဲအတွဲပေါင်း ၄၄၃ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၆၇ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့သည်။

ထို့ပြင် ပြပွဲတွင် အုပ်စု(အေ၊ ဘီနှင့် စီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၅၀၈၅ တွဲကို နေ့ရက်အလိုက် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးလျက်ရှိရာ ပြပွဲပဥ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၁၀၀၀ အနက် ကျောက်စိမ်းအတွဲပေါင်း ၇၅၄ တွဲကိုလည်းကောင်း၊ ပြပွဲဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၁၀၀၀ အနက် ကျောက်စိမ်းအတွဲပေါင်း ၇၁၆ တွဲကိုလည်းကောင်း ရောင်းချပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် ကျောက်စိမ်းအတွဲပေါင်း ၃၀၈၅ တွဲကို နိုဝင်ဘာလ ၂၆ ရက်အထိ နေပြည်တော်ရှိမဏိရတနာကျောက်စိမ်းခန်းမ၌ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းကျော်စွာ**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Buildings used in online fraud and gambling activities dismantled and foreign illegal entrants arrested in KK Park area



Photo shows the destruction of seized computers.



Seized materials in Shwe Kokko area that are ready to be destroyed.



Photo shows captured illegal foreigners who fled Shwe Kokko.



Photo shows the destruction of seized materials in Shwe Kokko area.

NAY PYI TAW November 22

Myanmar is placing strong emphasis on eradicating online fraud and online gambling, which pose serious threats to people's livelihoods and safety around the world. In this effort, security personnel and administrative bodies have been conducting joint operations in Shwe Kokko and KK Park areas where online fraud and online gambling operations have been most heavily concentrated. Working together with local authorities, these teams have continued operations to prevent illegal activities and to ensure that no foreign nationals are residing or operating unlawfully. They have also been demolishing illegal buildings. According to reports, systematic demolition of illegal buildings inside the Myawady-Maehtawthalay (KK Park) area has been carried out up to the present day. In addition, foreign nationals involved in online gambling and online fraud within the Shwe Kokko area have been further identified and detained.

Ten buildings out of 635 buildings used in online fraud and online gambling were demolished in Myawady-Maehtawthalay (KK Park) area today. Up to now, the authorities have dismantled 206 illegal buildings, and they continue the demoliton operation at remaining illegal buildings.

Likewise, the operation is being conducted in Shwe Kokko area, starting from 18 November. On the fifth-day today, the authorities carried out searching and inspection at one 12-storey Shinyonli Plaza, 14 housing buildings for workers and one two-storey building in Shwe Kokko area. During the inspection, those involved in the onlie fraud and online gambling activities were not found there. They took their computers, related accessories and mobile phones along with them. In inspecting 23 four-storey Shikyinwam buildings, 240 computers and monitors without related accessories were found. So, the operation to expose and clear the materials continues.

Today, the authorities arrested and detained 100 Chinese citizens, 14 Vietnamese citizens, six Malaysians, 15 Ethiopians, two Namibians, 13 Indonesians, 11 Ugandans, 11 Indians, one Zimbabwean, seven Filipinos, six Pakistanis, three Rawamdans, 24 Kenyans, four Nigerians, one Nepali, one Korean, one Egyptian, one Madagascar citizen and two Chinese Taipei, totalling 223 who were hidden themselves after offending online fraud and online gambling in Shwe Kokko area via some neighbouring countries including Thailand.

According to the concerted efforts to conduct the operationin Shwe Kokko area, a total of 1,590 foreign nationals who entered Myanmar illegally were arrested from 18 November to date. Moreover, authorities seized 2,893 computers, 21,750 mobile phones, 101 Starlink satellite receivers, 21 Routers and a large number of industrial materials used in the online fraud and gambling activities. So, the operation is being conducted.

The arrestee foreign nationals are being detained at the building in Lonhtin compound of Shwe Kokko Myaing Village, Pulwepu Village-tract in Myawady Township. Today, the Illegal Foreigner Investigation Team verified 253 foreign nationals. The relevant departmental combined teams are carrying out the necessary processes, including

See Page - 21 ●●

# Pantanaw Township sells up to 630,000 bunches of Pheegyan bananas to Yangon



PANTANAW November 22

Daw Aye Aye, a banana trading entrepreneur in Pantanaw Township, Ayeyawady Region, said that 630,000 bunches of Pheegyan bananas were sold to the Yangon market .

Pantanaw Township transported 630,000 bunches of Pheegyan bananas to the Yangon market.

"Local products were sent only to the Yangon market. There is a high demand for bananas domestically. Buyers from Yangon bought the Pheegyan bananas mostly. The current banana price is also a little higher than before so the business is good," she said.

The price of 100 bunches of Pheegyan bananas sold from Pantanaw Township to the Yangon market was Ks-145,000. Workers, traders, and farmers are reportedly making a good living by trading in these local bananas.

**SMK**

# More than 1,000 acres of sweet corns harvested in Kawlin District

KAWLIN November 22

Local farmers have reaped more than 1,000 acres of sweet corns in Kawlin District of Sagaing Region, according to the district Agriculture Department.

During the 2025–2026 monsoon crop season, a total of 1,582 acres of sweet corn were cultivated in Kawlin District, and harvesting began in August this year. So far, 1,053 acres have been harvested, with an average yield of over 13,000 ears of corn per acre.

U Win Thein, Head of the Kawlin District Agriculture Department, said: "This year, 1,582 acres of sweet corn were cultivated in Kawlin District during the monsoon crop season. Harvesting is currently underway, and as of today, more than 1,000 acres have already been harvested. To ensure successful and healthy corn cultivation, we provided farmers with technical awareness and guidance on preventing pest and disease infestations."

As of this year's monsoon crop season, the harvested acreage by township in Kawlin District is as follows: Kawlin Township – 565 acres, Wuntho Township – 336 acres, and Pinlebu Township – 152 acres, totalling 1,053 acres.

The township agriculture departments in Kawlin District have been providing training courses and field demonstrations for farmers growing both seed corn and sweet corn. They have also given guidance on preventive measures against fall armyworms, integrated pest management systems, and the proper use of pesticides and botanical insect repellents such as neem, ginger, and chili.

According to reports, in Kawlin District, the average yield of seed corn is over 50 baskets per acre, with a production cost of around Ks-500,000 per acre, while sweet corn produces about 15,000 ears per acre, with a production cost of over Ks-500,000 per acre.

**SK**

# Plan underway to grow more than 1,000 acres of groundnut in Khamti Township

KHAMTI November 22

Statistics of Khamti Township Agriculture Department of Sagaing Region, local authorities earmarked cultivation of more than 1,000 acres of groundnut as cold season crops in Khamti Township this year.

During the 2025-2026 winter crop season, it is reported that in Khamti Township, a total of 1,605 acres of groundnut are planned to be cultivated, with planting to take place from October to December this year.

In Khamti Township, one and a half baskets of groundnut seeds are used per acre. The total cost per acre, including expenses for seeds, labour charges, fertilizers, and pesticides, is over Ks-200,000. The yield per acre is over 50 baskets.



This year, staff from the Township Department of Agriculture will conduct field inspections of groundnut plantations to ensure successful cultivation, prevent pest and disease outbreaks, and maintain weed-free conditions, while also keeping field inspection records.

**SMK**

# More than 48,000 acres of rainfed paddy planted in Tamu District

TAMU November 22

Local farmers planted 48,823 acres of rainfed paddy in Tamu District of Sagaing Region this year, accordin to the district Agriculture Department Office.

During the 2025-2026 monsoon crop season, a total of 49,500 acres of monsoon paddy have been planned for cultivation in Tamu District. Planting began in June this year, and as of now, cultivation has been completed on 12,861 acres in Myothit Township, 14,894 acres in Tamu Township, and 21,068 acres in Khampat Township — making a total of 48,823 acres already planted.

"For this monsoon crop season, Tamu District has a target of 49,500 acres of monsoon paddy, and 48,823 acres have been cultivated so far. Efforts are being made to meet the full target. The necessary techniques and quality paddy seeds are being provided, and we are conducting field visits to help farmers plant their crops in a timely manner," said U Hla Myint, Head of the Tamu District Department of Agriculture.

The planned acreage for monsoon paddy cultivation in Tamu District for the 2025-2026 season is 12,880 acres in Myothit Township, 15,580 acres in Tamu Township, and 21,040 acres in Khampat Township — totaling 49,500 acres.

During this monsoon season, the respective Township Departments of Agriculture, in cooperation with local farmers, have been working to ensure systematic cultivation without difficulties. Farmers are also being provided with agricultural techniques, knowledge on pest prevention, crop protection measures to prevent losses, and guidance to ensure that harvested paddy is stored properly and on time.

To ensure successful cultivation and good yields from the monsoon paddy fields in Tamu District this year, staff from the Township Departments of Agriculture are conducting field inspections and providing technical assistance, including the use of quality and pure seeds, pest and disease control, proper weeding and thinning, removal of mixed varieties, and systematic fertilizer application.

**SK**

# G20 summit opens in Johannesburg with calls for multilateralism

JOHANNESBURG November 22

The Group of Twenty (G20) Summit opened here Saturday, marking the first time the event is being held in Africa.

Under the theme "Solidarity, Equality and Sustainability," the two-day event highlights a pivotal moment for Africa as it seeks to elevate its role in global governance and advance development priorities shared across the Global South.

"The G20 underscores the value and relevance of multilateralism. It recognizes that the challenges we all face can only be resolved through cooperation, collaboration and partnership," South African President Cyril Ramaphosa said in his opening speech.

"The adoption of the declaration from the summit sends an important signal to the world that multilateralism can and does deliver," Ramaphosa said. "It tells the world that as the leaders of the G20, we will keep fast to our solemn pledge to leave no person, no community and no country behind."

Since assuming the G20 presidency last year, South Africa has focused the agenda on issues critical to developing countries. Its four priority areas are strengthening disaster resilience and response, promoting debt sustainability for low-income countries, mobilizing finance for a just energy transition, and harnessing critical minerals for inclusive and sustainable growth.

"As a founding member of the G20, South Africa has sought to ensure that the development priorities of the Global South and the African continent find expression firmly and permanently on the agenda of the G20," Ramaphosa said.




**Xinhua**

# Venezuela extends Russian oil ventures

CARACAS November 22

The Venezuelan parliament has approved a 15-year extension of joint ventures between state company PDVSA and Russian oil firm Roszarubezhneft, according to a statement on the National Assembly's website.

The deepening energy cooperation comes despite sweeping US sanctions on both nations and amid accusations that Washington wants to depose President Nicolas Maduro under the guise of an anti-drug campaign.

The extension, announced on Thursday, allows the joint ventures operating oilfields in western Venezuela to continue until 2041, with lawmakers estimating roughly 91 million barrels of crude over the period and investment of about $616 million. The move follows a broad strategic partnership signed last month by Russian President Vladimir Putin and Maduro.

Roszarubezhneft was created in 2020 after the US sanctioned two subsidiaries of state oil firm Rosneft for helping market Venezuelan crude, prompting the company's retreat from the country. The new state-owned firm soon acquired Rosneft's Venezuelan assets, allowing Russia to maintain its presence in the sector.

Both nations have faced years of Western restrictions. Venezuela has been subjected to sweeping US measures targeting PDVSA, the financial system, and senior officials, while Russia has faced escalating Ukraine-related sanctions since 2014. Caracas has also remained one of Moscow's most vocal allies, regularly condemning Western sanctions against Russia and expanding diplomatic and economic cooperation across multiple sectors.

The extension of oil cooperation also comes against the backdrop of increasing US pressure on Venezuela. In recent months, the Pentagon has deployed warships to the Caribbean and has carried out controversial strikes on small boats it claims are involved in drug smuggling from Venezuela. The White House maintains that Maduro is an illegitimate, cartel-linked ruler, fueling speculation that direct military action might be imminent.

**RT**



# Death toll from flooding in central Vietnam climbs to 72

HANOI November 22

The number of people killed by severe flooding in central Vietnam has risen to 72 as of Saturday afternoon, local daily VnExpress reported, citing the Vietnam Disaster and Dyke Management Authority.

Thirteen people remain unaccounted for, according to the report.

The Ministry of Construction said in its latest update that 33 passenger trains have been forced to suspend operations, while many others remain halted along the rail network.

Initial estimates put economic losses caused by the flooding at nearly 9 trillion Vietnamese dong (about 358 million U.S. dollars), the local media outlet added.

**Xinhua**

# 4 killed in central Sri Lanka landslide

COLOMBO November 22

Four people have died due to a landslide in Sri Lanka's Central Province on Saturday, Sri Lanka's Disaster Management Centre (DMC) said.

According to the DMC, the victims include three men and one woman. At least four others have been injured and hospitalized. Search and rescue operations are ongoing, with officials warning that additional victims may still be trapped under the debris.

The landslide struck a small shop popular among motorists for snacks and tea, sending earth and rocks crashing onto the building and several nearby vehicles, DMC said.

Police said the incident has led to significant traffic restrictions along the Colombo-Kandy main road, one of Sri Lanka's busiest roads, to ensure public safety.

Authorities have warned that ongoing heavy rainfall has increased the risk of further landslides, rockfalls, and earth slips, particularly in the Kadugannawa area. Landslide warnings have been issued for seven districts.

**Xinhua**

●● From Page - 18
collecting personal data and recording required documentation to enable their prompt repatriation to their respective countries as quickly as possible.

From 30 January to 22 November 2025, a total of 12,468 foreign nationals who had entered Myanmar illegally were detained. Of these, 11,893 individuals were screened, and 9,978 were systematically deported to their respective countries through Thailand in accordance with legal procedures. The remaining 2,490 foreign nationals are now ready to be transferred to their respective countries, and they are being properly held and cared for during this process.

The government considers the eradication of online fraud and online gambling crimes as a national responsibility and, to ensure that such activities can no longer operate within Myanmar, will continue its efforts in coordination not only with domestic forces but also with the governments of neighbouring countries.

**100**



Soldiers installing explosives to demolish the four-storey residential building C6.



Security forces entering a 12-storey building to search and arrest illegal foreigners, residing there.



Four-storey residential building C6.



The demolished four-storey residential building C6.

# Plan underway to grow more than 1,000 acres of sweet corns in YeU Township this year

YEU November 22

Statistics of YeU District Agriculture Department stated that local farmers will grow more than 1,000 acres of sweet-corns incoming cold season in YeU Township of Sagaing Region.

During the 2025–2026 winter crop season, it is planned to cultivate 1,067 acres of sweet corn in YeU Township, with planting to take place from October to December this year.

U Zaw Myint Tun, Head of the District Department of Agriculture in YeU, said: “This winter crop season in YeU Township, we have planned over 1,000 acres of sweet corn cultivation. We will work to ensure that the planned acreage is fully achieved. At present, cultivation is progressing well, even beyond the initial target.”

The Township Department of Agriculture will provide sweet corn farmers in YeU with training sessions, field demonstrations, and awareness on preventive measures against corn borer pests, the use of integrated pest management practices, and application of insecticides and fungicides such as neem, chili solutions, and other crop protection methods.

**SMK**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# တောင်သူနည်းပညာပေးဆွေးနွေးပွဲကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၂၂**

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း AERDTC ခန်းမ၌ နိုဝင်ဘာလ ၂၂ ရက်တွင် အစေ့ထုတ်ပြောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများခေါင်းစဉ်ဖြင့် (၉၁) ကြိမ်မြောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲကျင်းပသည်။

အဆိုပါတောင်သူ နည်းပညာပေးဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့်စိုက်ပျိုးရေးသိပ္ပံများမှ ဆရာ၊ ဆရာမများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တောင်သူများ inperson တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပညာပေးဝန်ထမ်းများနှင့် တောင်သူများမှ အွန်လိုင်းမှ တက်ရောက်ကြသည်။

အဆိုပါတောင်သူပညာပေးဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာပပဝင်းကအဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဒေါက်တာခင်ငြိမ်းချမ်းက အစေ့ထုတ်ပြောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများခေါင်းစဉ်ဖြင့် အဓိကနှံစားသီးနှံများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြောင်းဖူးသီးနှံမြန်မာသို့ရောက်ရှိလာပုံ၊ ပြောင်းဖူးမျိုးအုပ်စုများ၊ အစေ့ထုတ်ပြောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒေသရေမြေရာသီဥတုနှင့် သင့်တော်ပြီး အရည်အသွေးကောင်း၊ အထွက်ကောင်း စပ်မျိုးပြောင်းမျိုးများမွေးမြူထုတ်လုပ်ခြင်းသုတေသနများနှင့်စပ်လျဉ်း၍လည်းကောင်း၊ သုတေသနရလဒ်ကောင်းများ အဖြစ်ရရှိလာသည့် စပ်မျိုးပြောင်းမျိုးများနှင့်စပ်လျဉ်း၍လည်းကောင်း တင်ပြဆွေးနွေးကြသည်။

အဆိုပါတင်ပြချက်များအပေါ် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး ဒုတိယပိုင်းအစီအစဉ်ဖြစ်သည့် အစေ့ထုတ်ပြောင်းသီးနှံစိုက်ပျိုး ထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက်ဆောင်ရွက်ရမည့်နည်းလမ်းများနှင့်စပ်လျဉ်း၍ တောင်သူများနှင့် ဆွေးနွေးခြင်းနှင့် တောင်သူများအား စစ်တမ်းကောက်ယူခြင်းများဆက်လက်ဆောင်ရွက်ကြသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာပပဝင်းက နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အရေးကြီးခြင်းကြောင့် မျိုး၊ မြေ၊ ရေ၊ နည်းဆိုင်ရာ သုတေသနများ ဆောင်ရွက်ရန်အတွက်သာမက သီးနှံများ ပန်းတိုင်အထွက်ရရှိရေးအတွက်ပါ ပညာရှင်နှင့် တောင်သူများအားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

**ဇော်မျိုး(မြဝတီ)**

## ထူးခြားသည့် ညအပူချိန်များ

၂၂-၁၁-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဟားခါး | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | |
| ဟဲဟိုး | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၁၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်ကော် | ၁၁ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ပင်လောင်း | ၁၁ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| တောင်ကြီး | ၁၁ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| လားရှိုး | ၁၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ပူတာအို | ၁၂ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |




**ပျောက်ဆုံးကြောင်း**
ထွန်းသောင်း(ဘ)ဦးအဲ ၃/ဘအန(နိုင်)၄၀၇၀၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၄၆၃၃၆၈၀

**ပျောက်ဆုံးကြောင်း**
သိန်းလှိုင်(ဘ)ဦးဥာဏ် ၃/ဘအန(နိုင်)၀၇၈၅၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၁၆၄၇၁၃၀

**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအရ**
**"DANA HTANN COMPANY LIMITED."**
**အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ**
"DANA HTANN COMPANY LIMITED." ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၂၂)ရက်နေ့ နံနက်(၁၀:၃၀)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ဧရာဝဏ်လမ်း၊ မြခွာညိုအိမ်ရာ၊ အမှတ်(၃၄)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံးမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြပါမည်။

**ပျောက်ဆုံးကြောင်း**
ဝင်းကြည်(ဘ)ဦးဘိုးတီး ၃/ဘအန(နိုင်)၀၉၅၃၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၁၄၆၃၈၉၅

**ပျောက်ဆုံးကြောင်း**
သန်းချစ်(ဘ)ဦးသိန်း ၃/ဘအန(နိုင်)၂၂၇၇၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၀၃၆၂၇၈၃

**ပျောက်ဆုံးကြောင်း**
မင်းသန်းထွန်းလေး(ဘ)ဦးအေးဖေ ၃/ဘအန(နိုင်)၀၇၈၀၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၃၈၀၈၃၈၆

**ပျောက်ဆုံးကြောင်း**
မာအေး(ဘ)ဦးဘိုးတီး ၃/ဘအန(နိုင်)၀၉၅၃၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၁၄၆၃၈၉၅

**ပျောက်ဆုံးကြောင်း**
တန်စီးရှင်(ခ)မောင်မောင်လွင်(ဘ)တန်စင်ပျို ၆/မအရ(နိုင်)၀၈၇၄၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၆၄၀၈၉၁

**ပျောက်ဆုံးကြောင်း**
ကေသီအောင်(ဘ)ဦးတန်ကျင်ကိတ် ၁၂/ဗတထ(နိုင်)၀၀၇၃၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဆောင်းနှင်းဖြူ(ဘ)ဦးဇော်စိုးမင်း ၆/မမန(နိုင်)၂၆၄၂၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 271985)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သန်းချစ်(ဘ)ဦးဖြတ်စိန် ၃/ဘအန(နိုင်)၂၂၄၈၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၄၂၁၀၆၉၄

**ပျောက်ဆုံးကြောင်း**
မင်းအောင်ရွှေသိန်း(ဘ)ဦးထွန်းမှုတ် ၃/ဘအန(နိုင်)၀၇၈၉၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၇၉၁၈၇၆၀

**ပျောက်ဆုံးကြောင်း**
ခင်မာစိန်(ဘ)ဦးသာရင် ၃/ဘအန(နိုင်)၂၀၈၇၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၈၇၂၅၃၅၄

**ပျောက်ဆုံးကြောင်း**
နှင်းဆုမွန်(ဘ)ဦးမျိုးအောင် ၉/မကန(နိုင်)၁၂၇၉၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၂၅၁၂၅၁၈

**ပျောက်ဆုံးကြောင်း**
နော်ဒီဇင်ဘာဖေါ်(ဘ)ဦးညီညီအောင် ၃/ဘအန(နိုင်)၅၆၄၇၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၂၁၅၅၅၀၀

**ပျောက်ဆုံးကြောင်း**
နော်ဆာကပေါ်(ဘ)ဦးယိုသာ ၃/ဘအန(နိုင်)၂၁၄၆၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၀၀၆၆၈၀၈

**ပျောက်ဆုံးကြောင်း**
ညီညီအောင်(ဘ)ဦးရွှေအောင် ၁၀/သထန(နိုင်)၁၄၅၃၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၁၅၅၅၀၀

**ပျောက်ဆုံးကြောင်း**
စောဝီလျံဦး(ဘ)စောထူးဒို ၁၂/တတန(နိုင်)၁၆၄၁၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၉၇၃၃၆၇၀

**ပျောက်ဆုံးကြောင်း**
မြင့်မြတ်သူ(ဘ)ဦးမျိုးသူ ၇/ထတပ(နိုင်)၁၂၅၄၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၂၉၉၁၅၂၁

**ပျောက်ဆုံးကြောင်း**
မင်းဝင်းအေး(ဘ)ဦးပြေး ၃/ဘအန(နိုင်)၂၀၈၇၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၉၇၃၂၁၄၅

**ပျောက်ဆုံးကြောင်း**
ရောဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ကပ်ခိုအုပ်စု၊ တလုတ္တော်ရွာနေ မခင်ငြိမ်းငွေ(ဘ)ဦးသောင်းငွေလွင် ၁၄/မအန(နိုင်)၂၀၉၉၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၃၀၄၆၁၅၁

**ပျောက်ဆုံးကြောင်း**
အေးကြူ(ဘ)ဦးအေးလွင် ၉/မသန(နိုင်)၂၁၆၅၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ကျော်ရဲစိုး(ဘ)ဦးတင်ဦး ၁၄/ပတန(နိုင်)၁၉၈၀၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ငြိမ်းသဉ္ဇာအောင်(ဘ)ဦးအောင်ဦး ၁၂/သခန(နိုင်)၁၄၃၆၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 963436)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၂၁၇၀၀၈၈


**ပျောက်ဆုံးကြောင်း**
ဘေဘီဝင်း(ခ)ခင်နှင်းရီ(ဘ)ဦးကျနရီရီ ၉/မကန(နိုင်)၀၇၂၅၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 510269)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၉၁၆၆၃၆၁

**ဖခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ် ပကွဲ ကျေးရွာအုပ်စု၊ အ.ထ.က သပြုကွင်း Grade-8 မှ မောင်ထက်ဝေယံ၏ဖခင်အမည်မှန်မှာ ဦးကျော်စိုးနိုင် ၁၄/ဇလန(နိုင်)၁၀၂၇၂၇ ဖြစ်ပါကြောင်း။ ဦးကျော်စိုးနိုင်

**အလိမ္မာစာမှာရှိ**

ဆောင်းပါးတွင်ဖော်ပြထားသည်များမှာ စာရေးသူ၏အာဘော်သာဖြစ်ပါသည်။

# တရုတ်နဲ့ ဂျပန်တို့ကြားဆက်ဆံရေးအတွက် ဗဟိုချက်ဖြစ်လာတဲ့ ထိုင်ဝမ်ကျွန်း




ထိုင်ဝမ်ကျွန်းက လက်ရှိအရှေ့အာရှဒေသရှိ တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံတို့ကြားမှာ ဖြစ်ပေါ်နေတဲ့ ဆက်ဆံရေးတင်းမာမှုများအတွက်ဗဟိုချက်အဖြစ် ရပ်တည်နေပါတယ်။ သမိုင်းကြောင်းဆိုင်ရာ မကျေလည်မှုတွေ၊ ပိုင်နက်နယ်မြေဆိုင်ရာအငြင်းပွားမှုတွေနဲ့ စီးပွားရေးအရ ပြိုင်ဆိုင်မှုတွေရှိပေမယ့် ထိုင်ဝမ်ကျွန်းရဲ့အနာဂတ်က တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံတို့ကြားက လုံခြုံရေးဆိုင်ရာမူဝါဒများနှင့် မဟာဗျူဟာမြောက်ရပ်တည်ချက်များကို ပုံဖော်နေတာဖြစ်ပါတယ်။ အခုတင်ပြသွားမယ့် ဆောင်းပါးထဲမှာ ထိုင်ဝမ်ကျွန်းက ဘယ်လိုကြောင့် တရုတ်-ဂျပန် ဆက်ဆံရေးအတွက် ဗဟိုချက်ဖြစ်လာတယ်ဆိုတဲ့အကြောင်း၊ သူ့ရဲ့အကျိုးဆက်များနဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ အရေးပါပုံတို့အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## ပထဝီဝင်အနေအထားအရ အရေးပါမှု

ထိုင်ဝမ်ကျွန်းဆိုတာ တရုတ်ကမ်းလွန်ပင်လယ်နဲ့ အရှေ့တရုတ်ပင်လယ်တို့ရဲ့ ဆုံမှတ်မှာတည်ရှိပါတယ်။ သူ့ရဲ့တည်ရှိမှုအနေအထားက ပထမကျွန်းတန်းလို့ခေါ်တဲ့ အရေးပါတဲ့ မဟာဗျူဟာမြောက်ကျွန်းတန်းရဲ့ အချက်အချာတစ်ခုဆိုရင်လည်း မမှားပါဘူး။ ဒီနေရာမှာ တရုတ်နိုင်ငံအတွက်ကြည့်ရင် ထိုင်ဝမ်ကျွန်းဆိုတာ မဟာဗျူဟာမြောက်နေရာတစ်ခုဖြစ်နေတာကို တွေ့ရပါတယ်။ အခုလည်း ထိုင်ဝမ်ကျွန်းက တရုတ်နိုင်ငံပိုင်အဖြစ် နိုင်ငံတကာကသတ်မှတ်ထားတာပါ။ ဒါပေမဲ့ မြေပြင်မှာတော့ ထိုင်ဝမ်ကျွန်းသည် သီးခြားလွတ်လပ်တဲ့နိုင်ငံအဖြစ်ထူထောင်ရေး ကြိုးပမ်းနေတာကို မြင်တွေ့ရပါတယ်။

တရုတ်နိုင်ငံကို ပြိုင်ဘက်အဖြစ်သတ်မှတ်ပြီး တရုတ်နိုင်ငံရဲ့ အင်အားကြီးထွားလာမှုကို ကန့်သတ်လိုတဲ့ နိုင်ငံကြီးတချို့အပါအဝင် သူနဲ့အပေါင်းအပါနိုင်ငံတချို့ကကျတော့ တစ်ဖက်မှာထိုင်ဝမ်ကျွန်းကို တရုတ်နိုင်ငံပိုင်အဖြစ်သတ်မှတ်ထားပေမယ့် အခြားတစ်ဖက်မှာကျတော့ ထိုင်ဝမ်ကျွန်းရဲ့လွတ်မြောက်ရေးအတွက်ကြိုးပမ်းမှုကို အားပေးအားမြှောက်ပြုနေပါတယ်။

တရုတ်နိုင်ငံအနေနဲ့ ထိုင်ဝမ်ကျွန်းကို အပြည့်အဝထိန်းချုပ်နိုင်ပြီဆိုရင် ပစိဖိတ်သမုဒ္ဒရာကြီးတစ်ခုလုံးကို တရုတ်နိုင်ငံရဲ့ရေတပ်က အချိန်မရွေး အခါမရွေး ဝင်ထွက်သွားလာနိုင်ကာ ရေပြင်စိုးမိုးမှုကို ပိုမိုရရှိသွားမှာဖြစ်ပါတယ်။ ဒီအခြေအနေကို မလိုချင်တာက တရုတ်နိုင်ငံကို ဝိုင်းပတ်ပိတ်ဆို့နေကြတဲ့ နိုင်ငံများပဲဖြစ်ပါတယ်။ အဲဒီနိုင်ငံတွေထဲမှာ ဂျပန်နိုင်ငံကလည်း တစ်နိုင်ငံအဖြစ်ပါဝင်နေပါတယ်။ ဂျပန်နိုင်ငံက ထိုင်ဝမ်ကျွန်းကို သူတို့အတွက်အရေးကြီးတဲ့မဟာဗျူဟာမြောက်နေရာတစ်ခုအဖြစ် သတ်မှတ်နိုင်တဲ့အကြောင်းရင်းတစ်ခုလည်းရှိနေပါတယ်။

ဂျပန်နိုင်ငံအတွက် အရေးပါတဲ့ပင်လယ်ပြင်ဆက်သွယ်ရေးလမ်းကြောင်းများက ထိုင်ဝမ်ကျွန်းအနီးအနားကနေ ဖြတ်သန်းသွားနေတာပါ။ ဒီအတွက်ကြောင့် ထိုင်ဝမ်ကျွန်းက ဂျပန်နိုင်ငံရဲ့စီးပွားရေးနဲ့ စစ်ရေးလုံခြုံမှုတို့အတွက် အသက်သွေးကြောအဖြစ် တည်ရှိနေတာဖြစ်ပါတယ်။ ထိုင်ဝမ်ကျွန်းမှာ တရုတ်နိုင်ငံရဲ့တည်ရှိမှုက ဘယ်သူ့ကိုမှမခြိမ်းခြောက်ဘူးဆိုပေမယ့်လည်း တရုတ်နိုင်ငံကိုထိန်းချုပ်လိုသူများအတွက်ကတော့ တရုတ်လက်ထဲအပါမခံနိုင်တဲ့နေရာတစ်ခုအဖြစ်တည်ရှိနေတာဖြစ်ပါတယ်။

## သမိုင်းကြောင်းအရ ဆက်နွှယ်မှု

တရုတ်နိုင်ငံနဲ့ဂျပန်နိုင်ငံတို့ကြားမှာ အခုလိုမျိုးဆက်ဆံရေးတင်းမာမှုတွေဖြစ်လာရတဲ့ အကြောင်းရင်းခံတွေထဲမှာ သမိုင်းကြောင်းနောက်ခံကလည်း အကြောင်းရင်းတစ်ခုအဖြစ်ပါဝင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် သမိုင်းကပေးတဲ့ဒဏ်ရာတွေက အခုချိန်အထိကို တည်ရှိနေဆဲဖြစ်တဲ့အတွက်ပါ။ ဒီလိုမျိုးအတိတ်ရဲ့ဒဏ်ရာတွေကို ဖန်တီးပေးသူက ကိုလိုနီပြုခြင်းဆိုတဲ့စနစ်ဆိုးကြီးကြောင့်ပါပဲ။

ထိုင်ဝမ်ကျွန်းဟာ အရင်တစ်ချိန်တုန်းက ဂျပန်နိုင်ငံရဲ့လက်အောက်ခံဖြစ်ခဲ့ဖူးပါတယ်။ အတိအကျပြောရရင် ၁၈၉၅ ခုနှစ် ပထမ တရုတ်-ဂျပန်စစ်ပွဲအပြီးမှာ ထိုင်ဝမ်ကျွန်းက ဂျပန်နိုင်ငံလက်အောက်ကိုကျရောက်ခဲ့တာပါ။ အချိန်အားဖြင့် နှစ်ပေါင်း ၅၀ ကြာမြင့်သွားပါတယ်။ ဒုတိယကမ္ဘာစစ်မှာ ဂျပန်တို့စစ်ရှုံးသွားတဲ့ ၁၉၄၅ ခုနှစ်ရောက်မှသာ ထိုင်ဝမ်ကျွန်းက တရုတ်နိုင်ငံရဲ့လက်အောက်ကို ပြန်လည်ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ဒီအခြေအနေတွေကိုကြည့်ခြင်းအားဖြင့် ထိုင်ဝမ်ကျွန်းဟာ တရုတ်နိုင်ငံကပိုင်ဆိုင်တဲ့နယ်မြေတစ်ခုဖြစ်တယ်ဆိုတာ မငြင်းနိုင်တဲ့အချက်ဖြစ်ပါတယ်။

နောက်တစ်ခုက တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံတို့ကြားမှာဖြစ်ပေါ်နေတဲ့ ပိုင်နက်အငြင်းပွားမှုပါ။ အငြင်းပွားနေတဲ့နေရာကလည်း အရှေ့တရုတ်ပင်လယ်ထဲမှာရှိတဲ့ တရုတ်နိုင်ငံအခေါ် တျောင်းယုကျွန်းစုဖြစ်ပါတယ်။ အဲဒီကျွန်းစုက လူမနေတဲ့ကျွန်းစုဖြစ်ပါတယ်။ ဒါပေမဲ့ တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံတို့အတွက် အရေးပါတဲ့နေရာတစ်ခုဖြစ်နေပါတယ်။ အကြောင်းရင်းက ကျွန်းစုငယ်လေးပင်ဖြစ်လင့်ကစား ရေပိုင်နက်သတ်မှတ်တဲ့နေရာမှာ ထည့်သွင်းသတ်မှတ်ရတဲ့အတွက်ဖြစ်ပါတယ်။ ဒီနေရာကို တရုတ်နိုင်ငံက ရှေးအစဉ်အဆက်ကတည်းက ပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။ ဒီလိုပိုင်ဆိုင်ခဲ့ကြောင်းကိုလည်း သက်သေအထောက်အထားတွေနဲ့အခိုင်အမာတင်ပြနိုင်ပါတယ်။

ဒါပေမဲ့ဂျပန်နိုင်ငံအတွက်ကျတော့ ဒီကျွန်းစုကို အမေရိကန်ဆီကနေ လက်လွှဲရယူထားတာဖြစ်ပါတယ်။ ပြောရရင် ဂျပန်နိုင်ငံက အဲဒီကျွန်းစုကိုအစဉ်အဆက်ကတည်းကပိုင်ဆိုင်ခြင်းမရှိပါဘဲ အခုမှပိုင်ဆိုင်ကြောင်းပြောနေတာဖြစ်ပါတယ်။ ဒီအခြေအနေတွေဟာ အပေါ်မှာပြောခဲ့သလိုမျိုးပဲ ကိုလိုနီပြုခြင်းဆိုတဲ့စနစ်ဆိုးကြီးရဲ့အမွေဆိုးဖြစ်ပါတယ်။ အဲဒီအမွေဆိုးကြီးကြောင့်ပဲ တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံတို့ကြားက ဆက်ဆံရေးတင်းမာမှုက နှစ်နိုင်ငံခေါင်းဆောင်တွေရဲ့ သဘောထားတင်းမာမှု ပျော့ပျောင်းမှုအပေါ်မူတည်ပြီး အနာဂတ်ကိုပုံဖော်နေတာဖြစ်ပါတယ်။ ဒါကြောင့်ပဲ တရုတ်နိုင်ငံနဲ့ဂျပန်နိုင်ငံတို့ကြားရှိဆက်ဆံရေးက သမိုင်းနဲ့ချီပြီးဆက်နွှယ်နေတာဖြစ်တယ်လို့ဆိုရမှာဖြစ်ပါတယ်။

## တရုတ်တစ်နိုင်ငံတည်း မူဝါဒ

ဒီနေရာမှာ မဖြစ်မနေထည့်ပြောရမယ့်အချက်တစ်ချက်က "တရုတ်တစ်နိုင်ငံတည်းမူဝါဒ" ဖြစ်ပါတယ်။ တရုတ်တစ်နိုင်ငံတည်းမူဝါဒဆိုတာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ နယ်မြေပိုင်နက် တည်တံ့ခိုင်မြဲရေးအတွက်အခြေခံအကျဆုံးမူဖြစ်ပါတယ်။ ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၈၀ ကျော်အနေနဲ့ ထိုင်ဝမ်ကျွန်းပါဝင်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုသာ တစ်ခုတည်းသော တရုတ်နိုင်ငံအဖြစ် အသိအမှတ်ပြုထားပါတယ်။ ဒီလိုအသိအမှတ်ပြုခြင်းအားဖြင့် ထိုင်ဝမ်ကျွန်းဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီးရဲ့ပိုင်နက်နယ်မြေဖြစ်တယ်ဆိုပြီး တရားဝင်ပြောလိုက်ခြင်းလည်းဖြစ်ပါတယ်။ ဒီလိုမျိုးသတ်မှတ်တဲ့အထဲမှာ ဂျပန်နိုင်ငံလည်းပါဝင်ပါတယ်။

ဂျပန်နိုင်ငံက ၁၉၇၂ ခုနှစ်မှာ တရုတ်နိုင်ငံနဲ့ဆက်ဆံရေးပုံမှန်ဖြစ်လာစေဖို့အတွက် တရုတ်-ဂျပန်ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီကြေညာချက်အရ ဂျပန်နိုင်ငံက တရုတ်တစ်နိုင်ငံတည်းမူဝါဒကို နားလည်ပြီးလေးစားတယ်လို့ဖော်ပြထားခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ တစ်ဖက်မှာကျတော့ ဂျပန်အစိုးရက ထိုင်ဝမ်ကျွန်းနဲ့ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားခဲ့ပါတယ်။ ဒီလိုမျိုး ထိုင်ဝမ်ကျွန်းနဲ့ဆက်ဆံရေးကိုဆက်လက်ထိန်းသိမ်းထားခြင်းကပဲ တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံတို့ကြားက ဆက်ဆံရေးကိုဆက်ပြီးတင်းမာစေခဲ့တာဖြစ်ပါတယ်။

အခုနောက်ဆုံးအခြေအနေအရဆိုရင် ဂျပန်နိုင်ငံဝန်ကြီးချုပ်က တရုတ်နိုင်ငံအနေနဲ့ ထိုင်ဝမ်ကျွန်းနဲ့ ပေါင်းစည်းရေးလုပ်မယ်ဆိုရင် ဒီလုပ်ဆောင်ချက်က ဂျပန်နိုင်ငံရဲ့ရှင်သန်မှုအတွက် အန္တရာယ်ဖြစ်စေမယ်ဆိုပြီးပြောလာသလို လိုအပ်လာရင် ထိုင်ဝမ်ကျွန်းဘက်ကနေပါဝင်ကူညီမယ်လို့ ပြောခဲ့တာဖြစ်ပါတယ်။ ဒီလိုပြောဆိုချက်ကို တရုတ်နိုင်ငံသာမက ဘယ်သူကမှလက်ခံပေးနိုင်မှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ထိုင်ဝမ်ကျွန်းဆိုတာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ပိုင်နက်နယ်မြေဖြစ်နေတာကြောင့်ဖြစ်တဲ့အပြင် ကိုယ့်နယ်မြေရဲ့အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေဖို့ တရုတ်နိုင်ငံရဲ့လုပ်ဆောင်ချက်က တရားဝင်နေတဲ့အတွက်ဖြစ်ပါတယ်။

အခြားတစ်ဖက်မှာကျတော့လည်း ဂျပန်နိုင်ငံက ထိုင်ဝမ်ကျွန်းနဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်နေရတာတွေရှိနေဆဲဖြစ်ပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ စိုးရိမ်ပူပန်နေရတဲ့အဓိကအခြေအနေနှစ်ခုရှိပါတယ်။ တစ်ခုက တရုတ်နိုင်ငံအနေနဲ့ ပထဝီနိုင်ငံရေးအရထိန်းချုပ်မှုရရှိသွားမှာကြောင့်ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ တရုတ်နိုင်ငံအနေနဲ့ ဂျပန်နိုင်ငံအပေါ် စစ်ရေးအရခြိမ်းခြောက်လာနိုင်မယ့်အခြေအနေကြောင့်ဖြစ်ပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံက အပြင်ပန်းမှာတရုတ်တစ်နိုင်ငံတည်းမူဝါဒကို လက်ခံထားတယ်ဆိုပေမယ့် အတွင်းမှာကျတော့ ထိုင်ဝမ်ကျွန်းမှာ တရုတ်နိုင်ငံရဲ့ အာဏာသက်ရောက်မှုရှိလာမှာကို မလိုလားပါဘူး။ ဒီအချက်ကိုလည်း အခုအခြေအနေမှာ ဘွင်းဘွင်းရှင်းရှင်းကြီး မြင်တွေ့လိုက်ရပါတယ်။

## ကမ္ဘာ့စီးပွားရေးအပေါ် သက်ရောက်မှု

အခုဖြစ်ပေါ်နေတဲ့အခြေအနေက ကမ္ဘာ့စီးပွားရေးအပေါ်ကိုပါ သက်ရောက်မှုရှိစေတာတွေ့ရပါတယ်။ တကယ်လို့များ တရုတ်နိုင်ငံနဲ့ဂျပန်နိုင်ငံတို့ကြား ဆက်ဆံရေးက ထိုင်ဝမ်ကျွန်းကြောင့်ပိုမိုတင်းမာလာတယ်ဆိုရင် နည်းပညာထောက်ပံ့မှုကွင်းဆက်ပြတ်တောက်ခြင်း၊ အဓိကကုန်သွယ်ရေးလမ်းကြောင်းများပိတ်ဆို့ခြင်း၊ တရုတ်-ဂျပန်စီးပွားရေးပဋိပက္ခပိုမိုပြင်းထန်လာခြင်း၊ ရင်းနှီးမြှုပ်နှံမှုများရပ်ဆိုင်းခြင်း၊ စစ်ရေးအသုံးစရိတ်တိုးလာခြင်း စသည်တို့ဖြစ်ပေါ်

စာမျက်နှာ ၂၄ သို့ ➲

➲ စာမျက်နှာ ၂၃ မှအဆက်

လာနိုင်ပါတယ်။

နည်းပညာထောက်ပံ့မှုကွင်းဆက်ပြတ်တောက်တဲ့အခါ ကမ္ဘာ့နည်းပညာလုပ်ငန်းအားလုံး ရပ်တန့်လုနီးပါးဖြစ်သွားပါလိမ့်မယ်။ ဒီလိုမျိုးသာရပ်တန့်သွားရရင် ကမ္ဘာ့စီးပွားရေးမှာ ဒေါ်လာထရီလီယံပေါင်းများစွာဆုံးရှုံးစေမှာဖြစ်ပါတယ်။ ထိုင်ဝမ်ရေလက်ကြားနဲ့ ဂျပန်နိုင်ငံအနီးရှိပင်လယ်ပြင်တို့ဟာ ကမ္ဘာပေါ်မှာအလုပ်အရှုပ်ဆုံးသော ပင်လယ်ရေလမ်းကြောင်းများဖြစ်ပါတယ်။ တရုတ်နိုင်ငံနဲ့ဂျပန်နိုင်ငံတို့ကြားတင်းမာမှုများကြောင့် စစ်ရေးအရပိတ်ဆို့မှုဖြစ်ပေါ်လာရင် ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းအပေါ်ကြီးမားစွာထိခိုက်စေမှာဖြစ်ပါတယ်။ အဲဒီအခါ အရှေ့အာရှနဲ့ ဥရောပ၊ အမေရိကန်တို့ကြား ကုန်စည်စီးဆင်းမှုနှောင့်နှေးရပ်တန့်သွားပြီး ကမ္ဘာနှင့်အဝှမ်းကုန်ပစ္စည်းရှားပါးမှုနဲ့ ကုန်ဈေးနှုန်းအဆမတန်မြင့်တက်မှုတို့ဖြစ်လာနိုင်ပါတယ်။

ဒ့ါအပြင် တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံတို့ဆိုတာက အာရှဒေသရဲ့အကြီးဆုံးသော စီးပွားရေးနိုင်ငံကြီးများဖြစ်ပြီး အပြန်အလှန်မှီခိုမှုပြုနေကြတာပါ။ ဒီအချိန်မှာ တင်းမာမှုများမြင့်တက်လာပါက တရုတ်က ဂျပန်နိုင်ငံသို့ခရီးသွားလာမှုကို ကန့်သတ်ခြင်း၊ ဂျပန်ခရီးသွားများအတွက် ဗီဇာကန့်သတ်ခြင်း၊ ပင်လယ်စာတင်သွင်းမှုကိုရပ်ဆိုင်းခြင်း သို့မဟုတ် အခြားစီးပွားရေးပိတ်ဆို့မှုများပြုလုပ်နိုင်ခြင်းတို့ကြောင့် ဂျပန်နိုင်ငံရဲ့ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနဲ့ စတော့ရှယ်ယာဈေးကွက်ကို ချက်ချင်းထိခိုက်စေနိုင်ပါတယ်။ သက်ရောက်မှုအနေနဲ့ကတော့ ဒေသတွင်းစီးပွားရေးအင်အားကြီးနိုင်ငံနှစ်ခုကြား ကုန်သွယ်ရေးကျဆင်းခြင်းကြောင့် ကမ္ဘာ့ဈေးကွက်အတွက် မတည်ငြိမ်မှုများနဲ့အတူ ဂျပန်နိုင်ငံရဲ့ ဂျီဒီပီကျဆင်းမှုဖြစ်ပေါ်လာနိုင်ပါတယ်။

တစ်ချိန်တည်းမှာပဲ ပဋိပက္ခဖြစ်နိုင်ခြေကြောင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများက ပဋိပက္ခဖြစ်ပွားမယ့်နိုင်ငံတွေ၊ ပဋိပက္ခဖြစ်ပွားမှုနဲ့ဆက်စပ်နေတဲ့နိုင်ငံတွေကနေရင်းနှီးမြှုပ်နှံမှုများကို ရုပ်သိမ်းလာနိုင်ပါတယ်။ ဒီလိုမျိုးသာ ရင်းနှီးမြှုပ်နှံမှုတွေကိုရုပ်သိမ်းလာမယ်ဆိုရင် ဒေသတွင်းစတော့ရှယ်ယာဈေးကွက်များ ပြိုလဲကျဆင်းခြင်း၊ ငွေကြေးတန်ဖိုးများကျဆင်းခြင်းနဲ့ ကမ္ဘာ့စီးပွားရေးကြီးထွားနှုန်းလျော့ကျသွားခြင်းများ ဖြစ်ပေါ်စေနိုင်ပါတယ်။ တိုးလာမယ့်အရာက စစ်ရေးအသုံးစရိတ်ဖြစ်ပါတယ်။ စစ်ရေးအသုံးစရိတ်တိုးလာတဲ့အတွက် တခြားသောကဏ္ဍတွေမှာရင်းနှီးမြှုပ်နှံမှုတွေကျဆင်းသွားနိုင်ပါတယ်။

## ရွေးချယ်စရာနည်းလမ်းများ

လက်ရှိအခြေအနေအရဆိုရင် တရုတ်နိုင်ငံနဲ့ဂျပန်နိုင်ငံတို့အနေနဲ့လုပ်ဆောင်နိုင်မယ့် ရွေးချယ်မှုသုံးခုကို မြင်တွေ့ရပါတယ်။ ပထမတစ်ခုက နှစ်နိုင်ငံဆက်ဆံရေးကိုပြန်လည်တည်ဆောက်ကာ တည်ငြိမ်မှုကိုဆက်လက်ထိန်းသိမ်းခြင်းဖြစ်ပါတယ်။ ဒုတိယတစ်ခုက မဟာဗျူဟာမြောက်ထိပ်တိုက်ရင်ဆိုင်မှုမြင့်တက်လာခြင်းဖြစ်ပြီး တတိယတစ်ခုကတော့ သူနဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ နှစ်နိုင်ငံဆက်ဆံရေး သိသိသာသာတိုးတက်လာခြင်းဖြစ်ပါတယ်။

ပထမနည်းလမ်းကတော့ ဖြစ်နိုင်ခြေအများဆုံးနည်းလမ်းအဖြစ်သတ်မှတ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် တရုတ်နိုင်ငံနဲ့ဂျပန်နိုင်ငံတို့ကြား ဆက်ဆံရေးကိုပြန်လည်တည်ဆောက်ပြီး တည်ငြိမ်မှုကိုဆက်လက်ထိန်းသိမ်းခြင်းက သူတို့နှစ်နိုင်ငံအတွက်သာမက သူတို့နဲ့ဆက်စပ်နေတဲ့နိုင်ငံတွေအတွက်ပါ ကောင်းကျိုးများစွာ ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ဒါကြောင့် ကမ္ဘာ့ပတ်ဝန်းကျင်တစ်ခုလုံးက တရုတ်နိုင်ငံနဲ့ဂျပန်နိုင်ငံတို့ကြား ဆက်ဆံရေးပြန်ပြီးပြေလည်စေဖို့အတွက် ကြားဝင်ဖျန်ဖြေမှုတွေ လုပ်ဆောင်ပေးမယ်ဆိုရင် တရုတ်နိုင်ငံနဲ့ဂျပန်နိုင်ငံတို့က ပိုနေမြဲ၊ ကျားနေမြဲ အခြေအနေကို ဆက်လက်ထိန်းသိမ်းသွားနိုင်မှာဖြစ်ပါတယ်။

ဒုတိယနည်းလမ်းကတော့ နှစ်နိုင်ငံစလုံးကသာ နောက်ဆုံးရွေးချယ်မှုအနေနဲ့ လုပ်ဆောင်မယ်ဆိုရင် ဖြစ်ပေါ်လာနိုင်တဲ့အခြေအနေဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနည်းလမ်းကိုတော့ ဉာဏ်ပညာနဲ့အတူ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လှတဲ့တရုတ်နိုင်ငံနဲ့ဂျပန်နိုင်ငံတို့က ရွေးချယ်မှာမဟုတ်ဘူးလို့ ယုံကြည်ရပါတယ်။ အကယ်၍ ဒီနည်းလမ်းကိုရွေးချယ်ဖြစ်ခဲ့ရင်တော့ ဖြစ်လာနိုင်တဲ့အခြေအနေတွေက လက်နက်အပြိုင်တပ်ဆင်မှုနဲ့ လက်နက်ပြိုင်ဆိုင်မှုအရှိန်အဟုန်မြင့်တက်လာနိုင်ပါတယ်။ ထိုင်ဝမ်ကျွန်းအပေါ် တရုတ်နိုင်ငံရဲ့ဖိအားပေးမှုကလည်းမြင့်တက်လာမှာဖြစ်တဲ့အတွက် ဂျပန်နိုင်ငံနဲ့ထိုင်ဝမ်ကျွန်းတို့ကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်လာနိုင်တာကြောင့် စစ်ရေးတင်းမာမှုကလည်းအမြင့်ဆုံးအဆင့်ကိုရောက်လာစေနိုင်ပါတယ်။ တစ်ချိန်တည်းမှာပဲဂျပန်နိုင်ငံနဲ့မဟာမိတ်ဆက်ဆံရေးထူထောင်ထားတဲ့အမေရိကန်နိုင်ငံကပါ ဒီပဋိပက္ခမှာပါဝင်လာနိုင်ခြေရှိပါတယ်။

နောက်ဆုံးတစ်ချက်ကတော့ ဖြစ်လာနိုင်တဲ့အခြေအနေအနည်းဆုံးလို့ပြောနိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် သူတို့နှစ်နိုင်ငံကြားဆက်ဆံရေးသိသိသာသာပြန်လည်ကောင်းမွန်လာဖို့ဆိုတာက လက်ရှိဖြစ်ပွားနေတဲ့တင်းမာမှုများကို ဖြေရှင်းရမှာသာမက နှစ်နိုင်ငံကြားပိုင်နက်အငြင်းပွားမှုများကိုပါ ဖြေရှင်းရမှာဖြစ်ပါတယ်။ လက်ရှိဖြစ်ပွားနေတဲ့ တင်းမာမှုများကိုဖြေရှင်းဖို့ဆိုတာက ဖြစ်နိုင်ခြေရှိပေမယ့် ပိုင်နက်နယ်မြေအငြင်းပွားမှုကိုဖြေရှင်းနိုင်ဖို့က ဖြစ်နိုင်ခြေအနည်းဆုံးဖြစ်တယ်လို့ဆိုရတာပါ။ ဒါကြောင့် သူတို့နှစ်နိုင်ငံကြားမှာ ဆက်ဆံရေးပြန်လည်ကောင်းမွန်စေဖို့သာမက ကမ္ဘာ့ပတ်ဝန်းကျင်အခြေအနေများ ကောင်းမွန်စေဖို့အတွက်ဆိုရင် ပိုနေမြဲ၊ ကျားနေမြဲအခြေအနေကို ဆက်လက်ထိန်းသိမ်းပြီး နှစ်နိုင်ငံကြားဆက်ဆံရေး ပိုမိုတိုးတက်လာအောင် လုပ်ဆောင်သွားသင့်ပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောရမယ်ဆိုရင် ထိုင်ဝမ်ကျွန်းဆိုတာ တရုတ်နိုင်ငံရဲ့အချုပ်အခြာအာဏာပိုင်နယ်မြေတစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ ဂျပန်နိုင်ငံအပါအဝင် တချို့နိုင်ငံတွေက ထိုင်ဝမ်ကျွန်းကိုအကြောင်းပြုပြီး တရုတ်နိုင်ငံကိုထိန်းချုပ်ဖို့နဲ့ သူတို့ရဲ့အကျိုးစီးပွားများကိုကာကွယ်ဖို့အတွက် လုပ်ဆောင်လာနေတာလို့ဆိုနိုင်ပါတယ်။ ဒီနေရာမှာ တရုတ်နိုင်ငံအနေနဲ့ ထိုင်ဝမ်ကျွန်းနဲ့ပြန်လည်ပေါင်းစည်းဖို့ ဘယ်လိုမျိုးနည်းလမ်းကိုပဲသုံးသုံး ဒါဟာသူတို့ရဲ့ပြည်တွင်းရေးသာဖြစ်တယ်လို့အခိုင်အမာပြောထားပါတယ်။ ဒါပေမဲ့လည်း ထိုင်ဝမ်ကျွန်းနဲ့တရုတ်ပြည်မကြီးတို့ပြန်လည်ပေါင်းစည်းသွားမယ်ဆိုရင် အကျိုးစီးပွားဆုတ်ယုတ်မယ်လို့ခံယူထားတဲ့ ဂျပန်နိုင်ငံက အခုလိုထိပ်တိုက်တွေ့ဆုံမှုအတွက် လမ်းကြောင်းကိုရွေးချယ်လိုက်တာဖြစ်ပါတယ်။ သူတို့နှစ်နိုင်ငံကြား ထိပ်တိုက်တွေ့ဆုံမှုတွေဖြစ်လာပြီဆိုရင် အကျိုးစီးပွားဆုတ်ယုတ်မှုတွေဖြစ်လာမှာက ကမ္ဘာ့စီးပွားရေးအခြေအနေဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိဖြစ်ပေါ်နေတဲ့ပဋိပက္ခကို ငြိမ်းချမ်းသောနည်းနဲ့ဖြေရှင်းခြင်းကသာ အကောင်းဆုံးနည်းလမ်းဖြစ်ပါလိမ့်မယ်။ အထူးသဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို သဘောတူလက်ခံထားပါတယ်လို့အတိအလင်းပြောထားတဲ့ ဂျပန်နိုင်ငံအနေနဲ့ ကိုယ့်နိုင်ငံရဲ့ပြောစကားကို ကိုယ်တိုင်တည်အောင် လုပ်ဆောင်ခြင်းကသာ အကောင်းဆုံးဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**ထက်မြတ်**

# ဗီယက်နမ်နိုင်ငံ၌ ရေကြီးမှုအတွင်း သေဆုံးသူ ၇၂ ဦးအထိ ရှိလာပြီဖြစ်

ဟန္နိုင်း၊ သဘာ၀ဘေး

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း၌ ပြီးခဲ့သည့်သီတင်းပတ်အကုန်မှစ၍ဖြစ်ပွားနေသော မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုအတွင်း နို၀င်ဘာလ ၂၂ ရက်ညနေပိုင်းအထိ သေဆုံးသူစုစုပေါင်း ၇၂ ဦးရှိလာပြီဖြစ်ကြောင်းနှင့် ပျောက်ဆုံးနေသူ ၁၃ ဦးရှိကြောင်း ဗီယက်နမ်သဘာ၀ဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က နို၀င်ဘာလ၂၂ ရက်တွင်ထုတ်ပြန်ထားသည်။

ထို့ပြင် အဆိုပါသဘာ၀ဘေးကြောင့် အိမ်ခြေ ၄၃၂၀၀ ကျော်မှာ ရေလွှမ်းမှုဒဏ်ကိုခံစားနေရဆဲဖြစ်ကြောင်းနှင့် အခြားနေအိမ် ၉၁ လုံး ပျက်စီးဆုံးရှုံးရကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထို့အတူ လယ်ယာစိုက်ပျိုးမြေဟက်တာပေါင်း ၁၀၀၀၀ ကျော်သည် ရေအောက်သို့ရောက်ရှိသွားပြီး မွေးမြူရေးတိရစ္ဆာန်စုစုပေါင်းအကောင်ရေ ၆၅၀၀ ကျော်မှာ ရေစီးနှင့်အတူမျောပါသေဆုံးကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားချက်အရသိရသည်။

Ref: Xinhua

# ဆေးဘက်ဆိုင်ရာသုတေသနလုပ်ငန်းဆောင်ရွက်နိုင်မှုတွင် တရုတ်နိုင်ငံက အမေရိကန်နိုင်ငံကိုကျော်တက်လာ



ပေကျင်း၊ နည်းပညာ

တရုတ်နိုင်ငံသည် ဆေးဘက်ဆိုင်ရာသုတေသနလုပ်ငန်းများဆောင်ရွက်မှုတွင် အမေရိကန်နိုင်ငံကို ကျော်တက်လာပြီဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ချိန်ကသိပ္ပံပညာရပ်၏အနာဂတ်ကိုပုံဖော်ပေးလေ့ရှိသော အမေရိကန် ထိပ်တန်းတက္ကသိုလ်ကြီးများနှင့် ဆီလီကွန်တောင်ကြားဒေသတို့၏ နေ့ရက်များက အဆုံးသတ်လာပြီကို တွေ့နေရကြောင်း ကမ္ဘာ့ထိပ်တန်း သုတေသနစာတမ်းများကိုဖော်ပြသည့် မဂ္ဂဇင်းတစ်ခုမှတာ၀န်ရှိသူတစ်ဦးကပြောသည်။

"ဒေတာဘေ့(စ်)မှာမြင်တွေ့ရတဲ့အချက်အလက်တွေအရ သုတေသနရလဒ်ထွက်ပေါ်မှုအပိုင်းမှာ တရုတ်နိုင်ငံနဲ့အမေရိကန်နိုင်ငံတို့ကြား ကွာဟချက်ကြီးကြီးမားမား ရှိနေတာကိုတွေ့ရပါတယ်။ မနှစ်ကအထိ တရုတ်နိုင်ငံကထုတ်ပြန်တဲ့ သုတေသနစာတမ်းပေါင်း ၁ ဒသမ ၁ သန်းရှိပါတယ်။ အမေရိကန်ဘက်ကထုတ်ပြန်မှုမှာတော့ စာတမ်းပေါင်း ၈၈၀၀၀၀ သာရှိပါတယ်" ဟု Frontiers မဂ္ဂဇင်းမှ အမှုဆောင်အယ်ဒီတာချုပ်ဖရတ်ဖန်တာကပြောသည်။

ထို့ပြင် တရုတ်နိုင်ငံသည် ဆေးပညာဆိုင်ရာတွင်သာမက စွမ်းအင်နှင့်သက်ဆိုင်သည့် သုတေသနလုပ်ငန်းတွင်လည်း ကမ္ဘာ့ဦးဆောင်သူအဖြစ်ရောက်ရှိလာနေပြီဖြစ်ကြောင်း၊ ထို့ပြင် မူပိုင်ခွင့်တင်နိုင်ခြင်းကဲ့သို့သော အခြားအကြောင်းရင်းများကလည်း တရုတ်နိုင်ငံအနေဖြင့် သိပ္ပံပညာရပ်နယ်ပယ်၌ အရေအတွက်သာမက အရည်အချင်းတွင်ပါ အမေရိကန်ထက်သာလွန်နေကြောင်းဖော်ပြထားသည်။ Ref: SCMP

# နိုင်ဂျီးရီးယားနိုင်ငံ၌ ကျောင်းသားများကို ပြန်ပေးဆွဲမှု ပြန်လည်ဖြစ်ပွားနေ

လာဂို့၊ ပြန်ပေးဆွဲမှု

နိုင်ဂျီးရီးယားနိုင်ငံ၌ ကျောင်းသားများကိုပြန်ပေးဆွဲမှုပြန်လည်ဖြစ်ပွားလာနေပြီး နောက်ဆုံးအခြေအနေအရ ကျောင်းသားနှင့်ဆရာစုစုပေါင်း အယောက် ၃၀၀ ကျော်မှာ သေနတ်သမားများ၏ပြန်ပေးဆွဲခြင်းခံထားရကြောင်း နိုင်ဂျီးရီးယားခရစ်ယာန်အသင်းက နို၀င်ဘာလ ၂၂ ရက်တွင်ထုတ်ပြန်ထားသည်။

သေနတ်သမားများသည် နို၀င်ဘာလ ၂၁ ရက်နံနက်ပိုင်းတွင် နိုင်ငံအလယ်ပိုင်း နိုင်ဂျာပြည်နယ်ရှိ စာသင်ကျောင်းတစ်ခုမှ ကျောင်းသား ၃၀၃ ဦးနှင့် ဆရာ ၁၂ ဦးတို့ကို ပြန်ပေးဆွဲသွားခြင်းဖြစ်ကြောင်း၊ ပြန်ပေးဆွဲခံရသည့် ကျောင်းသားအရေအတွက်သည်ကျောင်းရှိကျောင်းသားအရေအတွက်၏ထက်၀က်ဖြစ်ကြောင်း ကျောင်းကထုတ်ပြန်ထားသည်။ လက်ရှိတွင် အစိုးရက စုံစမ်းဖော်ထုတ်မှုများပြုလုပ်လျက်ရှိပြီး အချို့သောစာသင်ကျောင်းများကိုပါ ခေတ္တပိတ်ထားရန်ညွှန်ကြားထားကြောင်း သိရသည်။

Ref: BP

# ခံတွင်းပျက်သူများအတွက် ဓာတ်စာမုန့်ဟင်းခါး



မုန့်ဟင်းခါးသည် မြန်မာ့ရိုးရာအစားအစာဖြစ်သည်။ နိုင်ငံခြားသားများကလည်း ရိုးရာအစားအစာဖြစ်သည့် မုန့်ဟင်းခါးကို အထူးနှစ်သက်ကြသည်။

မုန့်ဟင်းခါးချက်ရာတွင် ငါးတစ်မျိုးတည်းသာအသုံးပြုကြသည်။ မုန့်ဟင်းခါးစားသောဓလေ့သည် ငါးပေါသော မြစ်ဝကျွန်းပေါ်ဒေသမှစခဲ့သည်ဟုလည်း ဆိုကြသည်။

မုန့်ဟင်းခါးဟင်းရည်နှင့် တွဲစားရန် မုန့်ဖတ်ကို ဆန်မှုန့်ဖြင့်ပြုလုပ်သည်။ ရှေးက ဆန်ကိုအပုပ်ခံပြီးမှညှစ်သည့် မုန့်ဖတ်ကိုသုံးကြသည်။ နောက်ပိုင်းတွင် အပုပ်မခံတော့ဘဲ မုန့်ဖတ်အမျှင်ထုတ်သည့်စက်များ ပေါ်လာသည်။ ရှေးက ဓာတ်စာဆရာကြီးများသည် မုန့်ဟင်းခါးကို အပုပ်စာဟု သတ်မှတ်ခဲ့သည်။ နောက်ပိုင်းတွင် ဆန်ကိုအပုပ်မခံဘဲ မုန့်ဖတ်ပြုလုပ်သည့်အခါမှ ဓာတ်စာအဖြစ်လက်ခံလာကြသည်။

နာလန်ထခါစ ခံတွင်းပျက်နေသူများအတွက် မုန့်ဟင်းခါးဟင်းရည်သည် အလွန်ကောင်းသောဓာတ်စာဖြစ်သည်။ မုန့်ဟင်းခါးဟင်းရည်တွင် အဓိကပါဝင်သော ချင်းနှင့်စပါးလင်တို့က လျှာအရသာပွင့်ပြီး ခံတွင်းလိုက်စေသောအစာဖြစ်သည်။


မုန့်ဟင်းခါးချက်လျှင် အသုံးများသောငါးမှာ ငါးခူဖြစ်သည်။ ငါးရွှေ၊ ငါးမြစ်ခြင်း၊ ငါးတံခွန် စသည့်ငါးများနှင့်လည်းချက်နိုင်သည်။ မုန့်ဟင်းရည်ချက်ရန် ဦးစွာငါးကို နနွင်းနှင့်နယ်ပြီး စပါးလင်နှင့်ပြုတ်ရသည်။ ပြုတ်ပြီးသည့်ငါးကို အရိုးများဖယ်ပြီး အသားကို ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ချင်း၊ စပါးလင်တို့နှင့်ဆီသတ်ရသည်။ ပဲမှုန့်နှင့်ဆန်မှုန့်တို့ကို အစိမ်းအတိုင်းဖြစ်စေ၊ ရေနွေးဖြင့်ဖျော်ပြီးဖြစ်စေထည့်၍ ကျိုရသည်။ အရည်ဆူလာသောအခါ ရေသင့်ရုံထည့်၊ ကြက်သွန်နီဥများကို အလုံးလိုက်ထည့်ပြီး ဟင်းရည်ကျက်သည်အထိ မွှေပေးရသည်။ ဟင်းရည်ကျက်သောအခါ ကြက်သွန်ဖြူကြော်ကို ညက်အောင်ထောင်းပြီး ဟင်းရည်ပေါ်တွင်ဖြူးကာ အငွေ့လုံအောင်ပိတ်ထားရမည်။ ဟင်းရည်ခပ်ရမည့်အချိန်မှ အဖုံးကို ဖွင့်လိုက်သောအခါ မွှေးကြိုင်သည့် မုန့်ဟင်းခါးဟင်းရည်နံ့ကိုရသည်။

ဓာတ်စာသဘောအရ မုန့်ဟင်းခါးဟင်းရည်တွင် ငှက်ပျောအူတိုင်ကိုပါးပါးလှီး၊ နနွင်းစိမ်ပြီးထည့်ပေးရမည်။ မုန့်ဟင်းခါးတွင်ပါဝင်သည့် ပဲမှုန့်ကြောင့် ဝမ်းပျက်ခြင်းနှင့် လေပွခြင်းဖြစ်နိုင်သောကြောင့် ငှက်ပျောအူ (အဖန်၊ အချုပ်ဓာတ်) ကို ထည့်ခြင်းဖြစ်သည်။ မုန့်ဟင်းခါးချက်လျှင် ငါးငံပြာရည်မှာ မပါမဖြစ်ပါဝင်ရသည်။ မုန့်ဟင်းခါးစားသောအခါ နံနံပင်ထည့်စားရသည်။ ငံပြာရည်မှ အငန်ဓာတ်လွန်ကဲလျှင်၊ ဆားပါဝင်မှုများလျှင် သွေးတိုးနိုင်သည်။ နံနံပင်သည် သွေးတိုးခြင်းမှ ကာကွယ်ပေးသည့် ဆေးဖက်ဝင်အပင်ဖြစ်သည်။

ရှေးက မြန်မာဆေးဆရာကြီးများသည် ခံတွင်းပျက်၊ အစားမဝင်သည့်လူနာများကို မုန့်ဟင်းခါးဓာတ်စာပေးလေ့ရှိကြောင်း လေ့လာတွေ့ရှိရသည်။ ခံတွင်းပျက်နေသည့်လူနာကို မုန့်ဟင်းခါးကျွေးရာတွင် သတိပြုရမည့်အချက်မှာ ဟင်းရည်ပူပူဖြင့်ကျွေးပြီး နံနက်စာ၊ နေ့လယ်စာအဖြစ်သာ ကျွေးသင့်သည်။ ညနေနှင့် ညဘက်တွင် မကျွေးသင့်ကြောင်း သတိပေးရေးသားလိုက်ရပါသည်။

ကြည်လွင်မြင့်(မုဒြာ)

# အကြောအားနည်းသူများအတွက် ဓာတ်စာကညွတ်ဟင်းလျာ



အကြောအားနည်းသူ၊ အထူးသဖြင့် အသက်အရွယ်ကြီး၍ အကြောအားနည်းသူများအတွက် ကညွတ်သည် အထူးသင့်လျော်သောဓာတ်စာဖြစ်ပြီး မိုးဦးကျအချိန်တွင်သာရနိုင်သော ရာသီစာဖြစ်သည်။

ဟင်းလျာအဖြစ် ချက်စားသော ကညွတ်ကို ကညွတ်လေးဟုလည်းခေါ်ကြသည်။ ကညွတ်ကြီးမှာ နွယ်တက်သောအပင်မျိုးဖြစ်သည်။ ဆူးများသဖြင့် ရှဉ့်မတက်ပင်ဟုလည်းခေါ်ကြသည်။ ရှဉ့်မတက်ဥကို ဆေးဖော်ရာတွင် အသုံးပြုသည်။ ရှဉ့်မတက်ဥကို အခြောက်လှန်း၊ အမှုန့်ပြုလုပ်ပြီး ပျားရည်နှင့်စားလျှင် လူကြီးများအတွက် အားဆေးဖြစ်သည်။ ကညွတ်လေးနှင့် ကညွတ်ကြီး(ရှဉ့်မတက်) နှစ်မျိုးစလုံး အကြောအားကောင်းစေသော အာနိသင်ရှိသည်။

ဟင်းချက်စားရသော ကညွတ်ပင်သည် ပထဝီ၊ အာပေါ၊ ဝါယောဓာတ်အားကောင်းသော အပင်မျိုးဖြစ်သည်။ မိုးဦးကျတွင် မြေကြီးအတွင်းမှ ဖောက်ထွက်၍ပေါက်လာသော အပင်မျိုးဖြစ်သဖြင့် အကြောအားကောင်း၊ လေအားကောင်းစေသော အပင်မျိုးဖြစ်သည်။ မြေကြီးအတွင်းမှ ဖောက်ထွက်ရသဖြင့် ထိပ်ဖူးတွင် အချွန်ကဲ့သို့သဏ္ဌာန်ရှိသည်။ တချို့က ဟင်းချက်စား၊ ကြော်စားရာတွင် ထိပ်ဖူးကို ခါးသက်သည့်အရသာရှိသဖြင့် ဖယ်လေ့ရှိသည်။ အမှန်မှာ ထိပ်ဖူးတွင် ဝါယောဓာတ်အားအပြည့်ရှိသည်ဟု မှတ်ယူရမည်။

ကညွတ်ကို အနေတော်ပိုင်းဖြတ်ပြီး ပုစွန်ခြောက်နှင့် ကြော်စားနိုင်သည်။ ဟင်းချက်စားလျှင် အသားတစ်မျိုးမျိုးနှင့်ရော၍ ရေချိုဟင်းချက်စားနိုင်သည်။ ကြက်သားနှင့် ကညွတ်ရောချက်စားနိုင်သည်။ ကြက်တောင်ပြန်သားနှင့်ကညွတ်သည် အကြောအားကောင်းစေသည်ဟု ရှေးဓာတ်စာဆရာကြီးများက ပေးကြသည်။ အတောင်များ ကော့လန်နေသည့် ကြက်ကို ကြက်တောင်ပြန်ဟု ခေါ်ကြသည်။ ယင်းကြက်သားသည် ဆေးဖက်ဝင်သည်ဟုဆိုသည်။

ကညွတ်နှင့်ကြက်သား ရောချက်သောအခါ ရှေးဦးစွာ ကြက်သားကို အနေတော်အတုံးငယ်လေးများတုံးပြီး ကြက်သွန်နီ၊ ချင်းအနည်းငယ်၊ နနွင်းမှုန့်အနည်းငယ်ဖြင့် ဆီသတ်၍ အသားနူးစေရန် ငါးမိနစ်ခန့်လုံးထားပါ။ ကညွတ်ကို လက်နှစ်ဆစ်ခန့်ပိုင်းဖြတ်ပြီးနောက် ခပ်ပြားရိုက်ထားပါ။ လုံးထားသည့်ဟင်းအိုးအတွင်းသို့ ကညွတ်ကိုထည့်ပြီးနောက် ရေအနည်းငယ်ထည့်ပြီး အုပ်ထားပါ။ ကြက်သားနူးစေရန် မှန်းပြီး ရေကိုအနေတော်ထည့်ချက်ရပါမည်။ တချို့ဓာတ်စာဆရာကြီးများက ပို၍အားရှိစေရန်အတွက် အမဲသားနှင့်လည်း ရောချက်စားရန် ဓာတ်စာပေးလေ့ရှိသည်။

ဓာတ်စာအနေဖြင့် ကညွတ်သည် အေး၊ ဖန်၊ ခါးအရသာရှိ၍ လေကိုနိုင်သည်။ ကြက်သားနှင့်တွဲသောအခါ ကြက်သားသည် ပူ၍ချိုသော ပထဝီဓာတ်စာဖြစ်သည်။ ထိုနှစ်မျိုးတွဲသောအခါ ပထဝီ+ဝါယောဓာတ်စာဖြစ်သဖြင့် အကြောအားနည်းသူ၊ လေအားယုတ်သူ၊ လေဖြတ်သူ၊ အိပ်မပျော်သူ၊ သလိပ်များသူ၊ အဆစ်အမျက်နာသူ၊ ခါးနာ၊ ဒူးနာရောဂါရှိသူများအတွက် သင့်တော်ပြီး အားရှိစေသော ဓာတ်စာမျိုးဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

# ရန်ကုန်-မန္တလေးအမြန်လမ်း၌ ပြီးခဲ့သည့်အောက်တိုဘာလအတွင်း ယာဉ်မတော်တဆမှု ၁၉ မှုဖြစ်ပွားခဲ့

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်-မန္တလေးအမြန်လမ်း၌ ပြီးခဲ့သည့်အောက်တိုဘာလအတွင်း ယာဉ်မတော်တဆမှု ၁၉ မှုဖြစ်ပွားခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်း၌ ပြီးခဲ့သည့်အောက်တိုဘာလအတွင်း ယာဉ်မတော်တဆမှု ၁၉ မှုဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ ၂၉ ဦးနှင့် သေဆုံးသူ ခြောက်ဦးရှိကာ ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၁၃၅၁၀၀၀၀၀ ရှိကြောင်း သိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်း၌ ယာဉ်မတော်တဆမှုများဖြစ်ပွားရာတွင် လူကြောင့် ဖြစ်ပွားခြင်း၊ ယာဉ်ကြောင့်၊ လမ်းကြောင့်နှင့် ရာသီဥတုကြောင့်ဖြစ်ပွားပြီး လူကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားရာတွင် အရှိန်ပြင်း၊ မူးယစ်၊ အိပ်ငိုက်၊ လမ်းကူးသူပေါ့ဆ၊ တိရစ္ဆာန်ကြောင့်၊ ဆိုင်ကယ်ပေါ့ဆမှု၊ အနေးယာဉ်ပေါ့ဆမှု၊ ယာဉ်မောင်းမကျွမ်းကျင်မှု၊ မဆင်မခြင်မောင်းနှင်မှုတို့ကြောင့်ဖြစ်ပွားကာ ယာဉ်ကြောင့်ဖြစ်ပွားရာတွင် ဘီးပေါက်ခြင်း၊ စက်ချို့ယွင်းခြင်းတို့ကြောင့်ဖြစ်ပွားကြောင်း၊ လမ်းကြောင့်ဖြစ်ပွားရာတွင် တံတားနှင့် လမ်းချော်ခြင်းတို့ကြောင့်ဖြစ်ပွားပြီး ရာသီဥတုကြောင့်လည်း ယာဉ်မတော်တဆမှုဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

ယခုနှစ်ဇန်နဝါရီလက ယာဉ်မတော်တဆမှု ၁၇ မှု၊ ဖေဖော်ဝါရီလက ကိုးမှု၊ မတ်လက ၁၉ မှု၊ ဧပြီလက ၁၃ မှု၊ မေလက ၁၅ မှု၊ ဇွန်လက ၂၁ မှု၊ ဇူလိုင်လက ၁၆ မှု၊ ဩဂုတ်လက ၁၃ မှု၊ စက်တင်ဘာလက ၁၃ မှုနှင့် အောက်တိုဘာလက ယာဉ်မတော်တဆမှု ၁၉ မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**စောယု**

# ရှာငံမြို့နယ် ထမင်းပေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေး

ရှာငံ နိုဝင်ဘာ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်းကို နိုဝင်ဘာလ ၂၂ ရက်တွင် ကျောက်ပုံကျေးရွာအုပ်စု ထမင်းပေါင်းကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ရှာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လွင်မိုးက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ယခင်ကထက် တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သည့်ငွေကြေးအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထမင်းပေါင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၀ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၀ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၉ ဦးကို ငွေကျပ် ၃၅၅ သိန်းအား အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**

# နေပြည်တော်အတွင်း သန့်ရှင်း သာယာလှပရေး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကွင်းဆင်းစစ်ဆေး



နေပြည်တော်  နိုဝင်ဘာ ၂၂

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိပန်းခြံ ပန်းအလှပင်များပြုပြင်ထိန်းသိမ်းနေမှုနှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပန်းခြံအတွင်းအမြဲသန့်ရှင်းစေရေး၊ သပ်ရပ်လှပသောလျှောက်လမ်းများဖြစ်စေရေးနှင့် အရောင်အသွေးစုံလင်သော ရာသီအလိုက် ပန်းအလှပင်များ တိုးချဲ့စိုက်ပျိုးရေး၊ ပုံမှန်ရေပေးစနစ်ထားရှိကာ ထိန်းသိမ်းရေးလုပ်ငန်းနှင့်အပင်များရှင်သန်ကြီးထွားအောင် စနစ်တကျစီမံဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ဥတ္တရသီရိမြို့နယ် သားဖွားမီးယပ်အထူးကုဆေးရုံကြီးနှင့် ကလေးအထူးကုဆေးရုံတို့၌ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံဥပဓိရုပ်ကောင်းမွန်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရန်မှာကြားပြီး သန့်ရှင်းရေးဆောင်ရွက်သည့် ဝန်ထမ်းများနှင့် ပြည်သူများကို ဆန်၊ဆီ၊ အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များကိုသတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

## ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်

နေပြည်တော်  နိုဝင်ဘာ ၂၂

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်သည်။ **(မိုး/ဇလ)**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ နာဂစာပေနှင့်ယဉ်ကျေးမှု အဖွဲ့များနှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံ



မုံရွာ နိုဝင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ဦးစွာလေရှီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများနှင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နာဂကိုယ်ပိုင်အုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ၊ လေရှီးမြို့ရှိ မြို့မိမြို့ဖများနှင့် နာဂစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များက လေရှီးမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ပေးစေလိုမှုအခြေအနေများနှင့် ၂၀၂၆ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပရေး လုပ်ငန်းများကြိုတင်စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူးတို့က မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်ဖွဲ့ဝင်များနှင့် နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များထံ ငွေကျပ် ၁၀ သိန်းစီပေးအပ်ကြပြီး တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက ဒေသခံတောင်သူများထံ မိုးစပါးဆင်းကောရီ(၃)၊ အောင်နိုင်တိုးမျိုးစပါးများ၊ အစေ့ထုတ်ပြောင်းမျိုးစေ့များ၊ နေကြာရေဆင်းစပ်မျိုး(၁)နှင့် ဆေးဖျန်းပုံးများကို ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုး/မွေးမြူရေးနှင့် MSMEs လုပ်ငန်းများအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၂၆ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပသွားရေးကို ဒေသခံတိုင်းရင်းသားများနှင့်ဌာနဆိုင်ရာများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မကြာမီကျင်းမည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပရေးအတွက် တာဝန်ရှိသူအားလုံးအနေဖြင့် အလေးထားကာ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားကာ မြို့မိမြို့ဖများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လေရှီးမြို့၌ ၂၀၂၆ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပမည့် မုခ်ဦး၊ ဒေသထွက်ကုန်များနှင့်ရိုးရာပြခန်း၊ ဌာနဆိုင်ရာပြခန်းများ၊ စတိတ်စင်၊ ဗဟိုမဏ္ဍပ်၊ နာဂရိုးရာယဉ်ကျေးမှုပြတိုက်နှင့် ပွဲကြည့်စင်တည်ဆောက်နေမှုများ၊ မီးပုံပွဲကျင်းပမည့်နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လေရှီးမြို့ မြို့တော်ခန်းမတွင် ကျင်းပသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလေရှီးမြို့ရှိဒေသခံတိုင်းရင်းသားများနှင့်ပြည်သူများ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် MEVM မဲပေးစက်အသုံးပြု၍ ဆန္ဒမဲပေးနိုင်ရန်အတွက် စမ်းသပ်သရုပ်ပြ ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးကာ လေရှီးမြို့ အမှုထမ်းရပ်ကွက်ရှိ မဲရုံအမှတ်(၁)တွင် ဒုတိယအကြိမ် မဲစာရင်းများကပ်ထားကြေညာထားရှိမှုကို ဒေသခံတိုင်းရင်းသားများနှင့်ပြည်သူများ မဲစာရင်းလာရောက်ကြည့်ရှုနေမှုများအား သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး၊(ပြန်/ဆက်)**

# ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအစီအစဉ် အကောင်အထည်ဖော်စီမံဆောင်ရွက်သည့်ဌာန (Executing Agency-EA) (မြန်မာ့စီးပွားရေးဘဏ်)နှင့် PFI ပုဂ္ဂလိကဘဏ်များအကြား ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော်  နိုဝင်ဘာ ၂၂

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအစီအစဉ်တွင် ငွေရေးကြေးရေးအဖွဲ့အစည်း (Participating Financial Institution–PFI) အဖြစ် ပါဝင်ဆောင်ရွက်မည့် ပုဂ္ဂလိကဘဏ် ၁၄ ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် ချုပ်ဆိုလက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) နေပြည်တော်၌ကျင်းပသည်။

ဦးစွာ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်သန်းသန်းလင်းက နိုင်ငံတော်အတွင်း စားသုံးဆီကြိတ်ခွဲထုတ်လုပ်ရောင်းချနေသော ဆီစက်များအသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ကုန်ကြမ်းဝယ်ယူခြင်းများ အဆင်ပြေစွာဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ်ဘီလီယံ ၅၀ မတည်ထုထောင်ပေးခဲ့ပြီး တစ်နှစ်လျှင် အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးလျက်ရှိကြောင်း၊ ယခင်က PFI ဘဏ်များအဖြစ် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့သာ ဆောင်ရွက်ခဲ့ရာမှ ယခု PFI ဘဏ်များအဖြစ် ပုဂ္ဂလိကဘဏ် ၁၄ ဘဏ်ပါဝင်လာမည်ဖြစ်၍ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအစီအစဉ်ကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ချေးငွေပမာဏကိုလည်း ယခင်က ဆီစက်လုပ်ငန်းရှင်တစ်ဦးလျှင်ငွေကျပ်သိန်း ၃၀၀၀ ထိသာထုတ်ချေးခဲ့ရာမှ ယခု ငွေကျပ်သိန်း ၅၀၀၀ အထိ တိုးမြှင့်ထုတ်ချေးခွင့်ပြုထားကြောင်း၊ ဆီစက်အကြီးများ တည်ဆောက်တပ်ဆင်ခြင်းအတွက် ငွေကျပ်သိန်း ၁၀၀၀၀ အထိထုတ်ချေးမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံတစ်ဝန်းရှိ ဆီစက်လုပ်ငန်းရှင်များအနေဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေကို စနစ်တကျ ရယူ၊ ထုတ်ချေးခြင်းဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးမှုနှင့်အရည်အသွေးမြင့်သော စားသုံးဆီများဖြန့်ဖြူးရောင်းချပေးနိုင်မည်ဖြစ်၍ နိုင်ငံခြားမှစားအုန်းဆီတင်သွင်းမှုလျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲရမှု လျော့နည်းသက်သာစေမည်ဖြစ်ကြောင်း၊ အတ္ထ၊ ပရမ္မတစွာ အကောင်းဆုံးဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ဦးနှင့် ပုဂ္ဂလိကဘဏ် ၁၄ ဘဏ်မှ တာဝန်ရှိသူများက သဘောတူညီချက်အား လက်မှတ်ရေးထိုးကြသည်။ အခမ်းအနားသို့ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၊ အဖွဲ့ဝင်များ၊ ပုဂ္ဂလိကဘဏ်များမှ ကိုယ်စားလှယ်များတက်ရောက်ကြောင်း သိရသည်။

**မြဝတီ**

**■ ကျောဖုံးမှအဆက်**

ယနေ့အထိ မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းနှင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ Online လောင်းကစားမှု၊ Online လိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကိုလည်း ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်း Online လိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သော အဆောက်အအုံ ၆၃၅ လုံးရှိသည့်အနက် ယနေ့တွင် ၁၀ လုံးကို ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ တရားမဝင် အဆောက်အအုံ ၂၀၆ လုံးဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် တရားမဝင်အဆောက်အအုံများကို ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာလ ၁၈ ရက်မှစတင်ဆောင်ရွက်ခဲ့ပြီး ယနေ့ပဥ္စမနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေ၊ ရှင်းယုံလီပလာဇာ ၁၂ ထပ်အဆောက်အအုံ ၁ လုံးနှင့် အလုပ်သမားတန်းလျား ၁၄ လုံး၊ ၂ ထပ် အဆောက်အအုံ ၁ လုံးတို့ကို ရှာဖွေစစ်ဆေးခဲ့ရာ Online လိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကိုတွေ့ရှိရခြင်းမရှိဘဲ ၎င်းတို့ အသုံးပြုသည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းများကိုလည်း တစ်ပါတည်း ဖြုတ်သိမ်းယူဆောင်သွားကြောင်းနှင့် ရှီကျင်းဝမ် ၄ ထပ်အဆောက်အအုံ ၂၃ လုံးတို့အားစစ်ဆေးခဲ့ရာ ကွန်ပျူတာ၊ မော်နီတာ(ဆက်စပ်ပစ္စည်းမပါ) ၂၄၀ လုံးတို့စိစစ်တွေ့ရှိခဲ့ပြီး ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ Online လိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်ပုန်းအောင်းနေထိုင်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၁၀၀ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၄ဦး၊ မလေးရှားနိုင်ငံသား ၆ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၁၅ဦး၊ နမီးဘီးယားနိုင်ငံသား ၂ ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၁၃ ဦး၊ ယူဂန်ဒါနိုင်ငံသား ၁၁ ဦး၊ အိန္ဒိယနိုင်ငံသား ၁၁ ဦး၊ ဇင်ဘာဘွေနိုင်ငံသား ၁ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၇ ဦး၊ ပါကစ္စတန်နိုင်ငံသား ၆ ဦး၊ ရဝမ်ဒါနိုင်ငံသား ၃ ဦး၊ ကင်ညာနိုင်ငံသား ၂၄ ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား ၄ ဦး၊ နီပေါနိုင်ငံသား ၁ ဦး၊ ကိုရီးယားနိုင်ငံသား ၁ ဦး၊ အီဂျစ်နိုင်ငံသား ၁ ဦး၊ မာဒါဂါတက်စကာနိုင်ငံသား ၁ ဦး၊ တရုတ်(ထိုင်ပေ)မှ ၂ ဦး ၊ စုစုပေါင်း ၂၂၃ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း

**စာမျက်နှာ ၂၈ သို့ ■**


လူနေအဆောက်အအုံ (၄)ထပ် G2 အား မဖောက်ခွဲမီမြင်တွေ့ရစဉ်။


လူနေအဆောက်အအုံ (၄)ထပ် G2 အား ဖောက်ခွဲရန်ယမ်းများတပ်ဆင်နေမှုကို တွေ့ရစဉ်။


လူနေအဆောက်အအုံ (၄)ထပ် G2 အား ဖောက်ခွဲဖျက်ဆီးပြီးမြင်တွေ့ရစဉ်။


လူနေအဆောက်အအုံ (၄)ထပ် C1 အား မဖောက်ခွဲမီ မြင်တွေ့ရစဉ်။



လူနေအဆောက်အအုံ (၄)ထပ် C1 အား ဖောက်ခွဲရန် ယမ်းများတပ်ဆင်နေမှုကို တွေ့ရစဉ်။


လူနေအဆောက်အအုံ (၄)ထပ် C1 အား ဖောက်ခွဲဖျက်ဆီးပြီးမြင်တွေ့ရစဉ်။


ယန္တရားဖြင့်ဖြိုဖျက်မည့် သုံးထပ်လူနေအဆောက်အအုံများအား မြင်တွေ့ရစဉ်။




KK Park အတွင်း သုံးထပ်လူနေအဆောက်အအုံများဖြိုချပြီးမြင်တွေ့ရစဉ်။


ရွှေကုက္ကိုလ်နယ်မြေအား မြင်တွေ့ရစဉ်။


တရားမဝင်နိုင်ငံခြားသားများထားရှိသည့် ၁၂ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။




ရွှေကုက္ကိုလ်နယ်မြေမှထွက်ပြေးလာသည့် တရားမဝင်နိုင်ငံခြားသားများအား ဖမ်းဆီးရရှိမှုကိုတွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း သိမ်းဆည်းရမိသည့်ပစ္စည်းများအား ဖျက်ဆီးရန်ပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။

■ စာမျက်နှာ ၂၇ မှအဆက်

စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ နိုဝင်ဘာလ ၁၈ ရက်မှ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၅၉၀ ဦးနှင့် Online လိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၂၈၉၃ လုံး၊ မိုဘိုင်းဖုန်း ၂၁၇၅၀ လုံး၊ Star Link ဘန်း ၁၀၁ လုံး၊ Router ၂၁ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း သိမ်းဆည်းရမိသည့်ပစ္စည်းများအား ဖျက်ဆီးနေမှုကို တွေ့ရစဉ်။

ခဲ့ရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၅၃ ဦးကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ နိုဝင်ဘာလ ၂၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း **၁၂၄၆၈** ဦး ထိန်းသိမ်းနိုင်ခဲ့ကာ **၁၁၈၉၃** ဦးကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၉၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား **၂၄၉၀** ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်





ရွှေကုက္ကိုလ်နယ်မြေအတွင်း သိမ်းဆည်းရမိသည့်ပစ္စည်းများအား ဖျက်ဆီးနေမှုကိုတွေ့ရစဉ်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ်၊ ပူလွဲပူကျေးရွာအုပ်စု၊ ရွှေကုက္ကိုလ်မြို့ကျေးရွာအတွင်း လုံထင်းဝန်းရှိအဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသားစစ်ဆေးရေးအဖွဲ့မှစစ်ဆေးသက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

❐ ကျောဖုံးမှအဆက်

ယနေ့ညနေပိုင်း ယှဉ်ပြိုင်ကစားသည့် မြန်မာ U-17 အမျိုးသားဘောလုံးအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ပွဲတွင် မြန်မာအသင်းက အာဖဂန်နစ္စတန်အသင်းကို ၃ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိသွားသည်။

ပွဲကစားချိန် ၃၃ မိနစ်တွင် မြန်မာအသင်း၏ တရစပ်ဖိအားပေးတိုက်စစ်ဆင်မှုကြောင့် ရရှိသည့်ထောင့်ကန်ဘောကို အသင်းခေါင်းဆောင်အောင်သီဟကန်တင်ပေးရာ မျိုးခန့်ကျော်က ခေါင်းတိုက်သွင်းယူပြီး မြန်မာအသင်းအတွက် ဦးဆောင်ဂိုးကိုရယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းပွဲချိန်တွင် မြန်မာအသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အာဖဂန်နစ္စတန်အသင်းကို ဦးဆောင်ကစားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း တိုက်စစ်အားမချသည့်မြန်မာအသင်းက ပွဲပြန်စပြီး ခဏအကြာ ပွဲကစားချိန် ၄၇ မိနစ်တွင် ကွင်းလယ်ကပေးပို့သည့် ဘောလုံးကို ရဲနိုင်အောင်က အာဖဂန်နစ္စတန်ဂိုးသမားကိုကျော်ကာ အမှားအယွင်းမရှိကန်သွင်းပြီး ဒုတိယဦးဆောင်ဂိုးကိုသွင်းယူခဲ့သည်။ ထို့အတူ ပွဲကစားချိန် ၅၉ မိနစ်တွင်လည်း စိုင်းမြတ်မင်းဘောလုံးဆွဲယူမှုကို အာဖဂန်နစ္စတန်ဂိုးသမားမူစတာဖာ ဟာန့်တားပုံကြမ်းတမ်းခဲ့သည့်အတွက် အဝါကတ်ပြခံရပြီး ပြစ်ဒဏ်ဘော ပယ်နယ်တီကန်ခွင့်ပြုခဲ့ရသည်။ ယင်းပယ်နယ်တီကို စိုင်းမြတ်မင်းကပင် ဆုံးဖြတ်ချက်မှန်စွာကန်သွင်းပြီး မြန်မာအသင်းအတွက် တတိယမြောက်ဦးဆောင်ဂိုးကို ရယူခဲ့သည်။

လက်ကျန်အချိန်များတွင် မြန်မာအသင်းဦးဆောင်ဂိုးထပ်မံရရှိရေးကြိုးစားခဲ့သလို အာဖဂန်နစ္စတန်အသင်းကလည်း ချေပဂိုးရရှိရေး သူတစ်ပြန်ကိုယ်တစ်ပြန်တိုက်စစ်ဆင်ယှဉ်ပြိုင်ကစားခဲ့ကြရာ ပွဲကစားချိန် ၇၃ မိနစ်တွင် ရာစင်နော်ဇဟီက အာဖဂန်နစ္စတန်အသင်းအတွက် ချေပဂိုးတစ်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် ၃ ဂိုး ၁ ဂိုးဖြင့် ပြိုင်ပွဲပြီးဆုံးပြီး မြန်မာအသင်းက အုပ်စုအဖွင့်ပွဲစဉ်တွင် နိုင်ပွဲတစ်ပွဲရရှိခဲ့သည်။ မြန်မာအသင်းသည် နိုဝင်ဘာလ ၂၄ ရက်တွင် နီပေါအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**

# မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂၂

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၈ ပေခန့်ရှိနိုင်သည်။

**(မိုး/ဇလ)**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
Non-Sparkling Lemon Tea
Sparkling Lemon Tea
DAGON
Fresh LEMON
YANGON
AIBA
2016
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၃၊ ၀၁ ၆၅၁၇၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


THE BEST QUALITY TYRE
နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR
တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
WQA
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊ ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com

❖ MSME လုပ်ငန်းများ၏ ရည်ရွယ်ချက်မှာ ပြည်ပသွင်းကုန်အစားထိုးရန်၊ နိုင်ငံ့စီးပွားရေးကို အားပေးရန်၊ အရည်အသွေးပြည့်မီသည့်ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ပြီး ပြည်ပကိုတင်ပို့ကာ နိုင်ငံခြားငွေရှာဖွေနိုင်ရန်ဖြစ် . . .

( ယာယီသမ္မတ (တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီအစည်းအဝေး(၃/၂၀၂၅)တွင် ပြောကြားသောကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# KK Park နယ်မြေအတွင်း Online လိမ်လည်မှုနှင့်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်အဆောက်အအုံများ ထပ်မံဖြိုချဖျက်ဆီးပြီး တရားမဝင်ပြည်ပနိုင်ငံသားများအား ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့



နေပြည်တော် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ထိခိုက်ပျက်စီးစေပြီး အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အထူးအလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ Online လိမ်လည်လောင်းကစားမှုများကို အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် နယ်မြေခံတာဝန်ရှိသူများနှင့်အတူ ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် တရားမဝင်လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် တရားမဝင်ပြည်ပနိုင်ငံသားများ အခြေချနေထိုင်ခြင်းမရှိစေရေး ဝင်ရောက်ရှင်းလင်းခြင်း၊ တရားမဝင်အဆောက်အအုံများအား ဖြိုချဖျက်ဆီးခြင်းများဆက်လက်ဆောင်ရွက်ခဲ့ရာ **စာမျက်နှာ ၂၇ ကော်လံ ၁ ■**

သိမ်းဆည်းရမိသည့် ကွန်ပျူတာများအား ဖျက်ဆီးနေမှုကိုတွေ့ရစဉ်။

## အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် မြန်မာအသင်းက အာဖဂန်နစ္စတန်အသင်းကို ၃ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိ



ရန်ကုန် နိုဝင်ဘာ ၂၂

၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ U–17 အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စု (G)ပွဲစဉ်များကို မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ လက်ခံကျင်းပလျက်ရှိရာ **စာမျက်နှာ ၂၈ ကော်လံ ၁ ❐**

## ရခိုင်တိုင်းရင်းသားများပါတီနှင့် ချင်းပြည်သစ်ကွန်ဂရက်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များပါရှိ

နေပြည်တော် နိုဝင်ဘာ ၂၂

ရခိုင်တိုင်းရင်းသားများပါတီနှင့် ချင်းပြည်သစ်ကွန်ဂရက်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ(၇)နှင့် (၈)တို့တွင် ဖော်ပြပါရှိပါသည်။ **မြဝတီ**

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်

နေပြည်တော် နိုဝင်ဘာ ၂၂

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော မလက္ကာရေလက်ကြားအနီးတွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area) တစ်ခုဖြစ်ပေါ်နေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်–အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာလ ၂၄ ရက်တွင် ပိုမိုအားကောင်းလာကာ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ မုန်တိုင်းငယ်(Depression)အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

